# မြန်မာ့အလင်း

၁၉၁၄ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၆၈ ခုနှစ်၊ ဝါခေါင်လဆန်း ၉ ရက်၊ ၂၀၀၆ ခုနှစ်၊ ဩဂုတ် ၂ ရက်၊ ဗုဒ္ဓဟူးနေ့၊ အတွဲ (၄၅)၊ အမှတ် (၁၀၃)

## နိုင်ငံရေးဦးတည်ချက်(၄)ရပ်

- နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေ စိုးမိုးရေး
- အမျိုးသား ပြန်လည် စည်းလုံးညီညွတ်ရေး
- ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ် တစ်ရပ် တည်ဆောက်ရေး

## စီးပွားရေးဦးတည်ချက်(၄)ရပ်

- စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေး ကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ဈေးကွက် စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- နိုင်ငံတော် စီးပွားရေး တစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

## လူမှုရေးဦးတည်ချက်(၄)ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
- အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည် မြင့်မားရေး

## သိင်္ဂါလောဝါဒ သုတ္တန် မှ မိဘကျင့်ဝတ်(၅)ပါး

မိဘတိုင်းသည် မိမိရင်သွေးသားသမီးများအား လိမ္မာယဉ်ကျေးစေရန် ပညာရေး၊ ကျန်းမာရေး၊ အိမ်ထောင်ရေးကိစ္စများပါမကျန် အဆင်ပြေချောမွေ့စေရန်အတွက် အောက်ဖော်ပြပါတာဝန်(၅)ရပ်ကို မိဘဝတ္တရားအဖြစ် သိင်္ဂါလောဝါဒသုတ္တန်တွင် ဂေါတမဘုရားရှင်က ထည့်သွင်းဟောကြားတော် မူခဲ့ပါသည်။

- မကောင်းမှုဒုစရိုက် မပြုမိစေရန် တားမြစ်ဆုံးမခြင်း။
- ကောင်းမှုသုစရိုက်ကိုသာ ပြုမိစေရန် ညွှန်ကြားဆုံးမခြင်း။
- စက်မှု၊ လက်မှု၊ နှုတ်မှု၊ အသက်မွေးမှုအတတ်ပညာသင်ကြားပေးခြင်း။
- အရွယ်ရောက်လူလားမြောက်လာသောအခါ လုပ်ငန်းတစ်ခုခုလုပ်ကိုင်နိုင်စေရန် အရင်းအနှီးထုတ်ပေးခြင်း။
- သင့်လျော်သည့် အိမ်ထောင်ဖက်နှင့် ထိမ်းမြားပေးခြင်း။

**လက္ခဏာ**

**မကောင်းမြစ်တာ၊ ကောင်းရာညွှန်လတ်၊**
**အတတ်သင်စေ၊ ပေးဝေနှီးရင်း**
**ထိမ်းမြားခြင်းလျှင်၊ ဝတ်ငါးအင်**
**ဖခင်မယ်တို့တာ**

*စာမျက်နှာ ၃ ကော်လံ ၁*

# ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ကြီးသူရရွှေမန်းနှင့်ဇနီး ဒေါ်ခင်လေးသက် တရုတ်ပြည်သူ့လွတ်မြောက်ရေးတပ်မတော် တည်ထောင်သည့် (၇၉)နှစ်မြောက် နှစ်ပတ်လည်နေ့ အထိမ်းအမှတ်အခမ်းအနားသို့ တက်ရောက်ချီးမြှင့်

**ရန်ကုန် ဩဂုတ် ၁**

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ကြီးသူရရွှေမန်းနှင့်ဇနီး ဒေါ်ခင်လေးသက်တို့သည် ယနေ့ည ၆ နာရီ ၄၅ မိနစ်တွင် ရန်ကုန်မြို့ရှိ ကုန်သည်ကြီးများဟိုတယ်၌ ကျင်းပသည့် တရုတ်ပြည်သူ့လွတ်မြောက်ရေးတပ်မတော်တည်ထောင်သည့် (၇၉)နှစ်မြောက် နှစ်ပတ်လည်နေ့ အထိမ်းအမှတ်အခမ်းအနားသို့ တက်ရောက်ချီးမြှင့်ကြရာ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံသံရုံးမှ စစ်သံမှူး Senior Colonel, Ma Shoudong နှင့်ဇနီးနှင့် ဒုတိယစစ်သံမှူးတို့က ကြိုဆိုနှုတ်ဆက်ကြသည်။

**တက်ရောက်**

တရုတ်ပြည်သူ့လွတ်မြောက်ရေးတပ်မတော် တည်ထောင်သည့် (၇၉)နှစ်မြောက် နှစ်ပတ်လည်နေ့အထိမ်းအမှတ်အခမ်းအနားသို့ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ကြီးသူရရွှေမန်းနှင့်ဇနီး ဒေါ်ခင်လေးသက်တို့နှင့်အတူ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေနှင့်ဇနီး၊ တပ်မတော်စစ်ဘက်ရေးရာလုံခြုံရေးအရာရှိချုပ် ဗိုလ်ချုပ်ရဲမြင့်နှင့်ဇနီး၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မြင့်နှင့်ဇနီး၊ ကာကွယ်ရေးဝန်ကြီးဌာနမှ တပ်မတော်အရာရှိကြီးများ၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး H.E. Mr. Guan Mu နှင့် သံရုံးဝန်ထမ်းများ၊ စစ်သံမှူး Senior Colonel, Ma Shoudong နှင့် ဇနီးနှင့် တာဝန်ရှိသူများ၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ နိုင်ငံခြားသံရုံးများမှ သံအမတ်ကြီးများနှင့် ၎င်းတို့၏ဇနီးများ၊ စစ်သံမှူးများနှင့် ၎င်းတို့၏ ဇနီးများ၊ တာဝန်ရှိသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

**တင်ဆက်**

တရုတ်ပြည်သူ့လွတ်မြောက်ရေးတပ်မတော် တည်ထောင်သည့် (၇၉)နှစ်မြောက် နှစ်ပတ်လည်နေ့အထိမ်းအမှတ် အခမ်းအနား မစတင်မီနှင့် အခမ်းအနားကျင်းပနေစဉ်အတွင်း တရုတ်ပြည်သူ့သမ္မတနိုင်ငံ ယဉ်ကျေးမှုဆိုင်ရာ ပြကွက်များဖြင့် တင်ဆက်သည်။ **(သတင်းစဉ်)**



**တရုတ်ပြည်သူ့လွတ်မြောက်ရေး တပ်မတော်တည်ထောင်သည့် (၇၉)နှစ်မြောက် နှစ်ပတ်လည်နေ့ အထိမ်းအမှတ် အခမ်းအနားသို့ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေး ကောင်စီဝင် ကာကွယ်ရေး ဝန်ကြီးဌာနမှ ဗိုလ်ချုပ်ကြီး သူရရွှေမန်းနှင့် ဇနီး ဒေါ်ခင်လေးသက်တို့တက်ရောက်လာရာပြည်ထောင်စုမြန်မာ နိုင်ငံတော်ဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံသံရုံးမှ စစ်သံမှူး Senior Colonel, Ma Shoudong နှင့် ဇနီးတို့ ကြိုဆိုနှုတ်ဆက်ကြစဉ်။** (သတင်းစဉ်)

**နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည်မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်။**

## အယ်ဒီတာ့ အာဘော်

(၂၀၀၆ ခုနှစ်၊ ဩဂုတ်လ ၂ ရက်)

# အမျိုးသားရေးပန်းတိုင်သို့ ဖြောင့်ဖြောင့်မတ်မတ်လျှောက်လှမ်း

နိုင်ငံတော်အစိုးရသည် ပြည်ထောင်စုကြီးတစ်ရပ်လုံး တစ်ပြေးညီဖွံ့ဖြိုးတိုးတက်လာစေရန် ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ အခြေခံအဆောက်အအုံများ၊ စီးပွားရေးဆိုင်ရာ အခြေခံအဆောက်အအုံများ၊ ပညာရေး၊ ကျန်းမာရေးဆိုင်ရာ အခြေခံအဆောက်အအုံများကို ဒေသအလိုက် ဖြန့်ကြက်ပြီး တည်ဆောက်ထူထောင်ပေးလျက် ရှိသည်။

အထူးသဖြင့် နယ်မြေဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် ဒေသခံတိုင်းရင်းသား လူငယ်များ ပညာတတ်မြောက်ရေးနှင့် ပညာရည်မြင့်မားရေးအတွက် ပညာသင်ယူနိုင်မှု အခွင့်အလမ်းကို အခြေခံဒေသ ကျေးလက်အထိရောက်အောင် ပညာရေးအခြေခံအဆောက် အအုံများကို ပြည်နယ်နှင့်တိုင်း ဒေသများအားလုံး၌ ဖြန့်ကြက်ထူထောင်ပေးနေသည်။

ဆရာ၊ ဆရာမများ အပါအဝင် ပြည်သူအားလုံးဝိုင်းဝန်းပြီး စနစ်တကျနှင့် တက်ညီလက်ညီ ကြိုးပမ်းဆောင်ရွက်ခဲ့ကြ၍ ယနေ့အခြေအနေတွင် အခြေခံပညာကဏ္ဍ၏ တိုးတက်ဖြစ်ထွန်းမှုများကို မျက်ဝါးထင်ထင် တွေ့မြင်နေရပြီဖြစ်သကဲ့သို့ ယင်းတိုးတက်ဖြစ်ထွန်းမှုများ၏ အကျိုးရလဒ်ကောင်းများကို စတင်ခံစားနေရပြီဖြစ်သည်။

ဆရာ၊ ဆရာမများအနေဖြင့် မိမိတို့၏တပည့် ကျောင်းသူ၊ ကျောင်းသားလူငယ်များကို ပညာကို အခြေခံပြီး အဘက်ဘက်က တိုးတက်ဖွံ့ဖြိုးလာစေရေး စောင့်ရှောက်ပေးသွားကြရန် လိုပေသည်။

အဆင့်မြင့်ပညာကဏ္ဍတွင်လည်း ယနေ့နိုင်ငံတကာတွင် တိုးတက်ဖြစ်ထွန်းနေသည့် ပညာရပ်အမျိုးမျိုး၊ ဘာသာရပ်အမျိုးမျိုးကို အရည်အသွေး မြင့်မြင့်မားမားနှင့် သင်ယူလေ့လာနိုင်မည့် အခြေခံများ ဖြစ်ထွန်းနေပြီး ပညာရပ်အလိုက်၊ ဘာသာရပ်အလိုက် အထူးပြုတက္ကသိုလ်များ၊ ကောလိပ်များလည်း တစ်နိုင်ငံလုံးတွင် ဖြန့်ကြက်ထူထောင်ပေးထားပြီး ဖြစ်သည်။

ပြည်သူအများ၏ ပညာရေးအခြေခံ မြင့်မားမှသာ လူနေမှုဘဝအဆင့်အတန်းမြင့်မားမှု၊ စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှု အခြေခံကောင်းများ ဖြစ်ထွန်းလာမည်ဖြစ်သည်။ နိုင်ငံတော်အတွင်း ပညာရေး၊ ကျန်းမာရေး၊ လူမှုရေး၊ စီးပွားရေးအခြေခံ ကောင်းများ ခိုင်ခိုင်မာမာဖြစ်ထွန်းနေမှလည်း စစ်မှန်ပြီး စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီစနစ်၊ တည်ငြိမ်ခိုင်မာသည့် ဒီမိုကရေစီစနစ်ကို ညင်သာသိမ်မွေ့စွာ ကူးပြောင်းနိုင်မည်ဖြစ်သည်။

အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်သစ်ဆီသို့ လျှောက်လှမ်းရမည့်အမျိုးသားရေးလမ်းကြောင်းသည် ဖြောင့်ဖြောင့်ဖြူးဖြူး ပေါ်လွင်နေပြီဖြစ်ရာ အမျိုးသားရေး လမ်းကြောင်းတစ်လျှောက် တွေ့ရှိလာမည့် အဖျက်ရန်စွယ်အန္တရာယ်မှန်သမျှကို ပြည်သူများ၏ အပြုသဘောစွမ်းအားဖြင့် တွန်းလှန်ဖယ်ရှားရင်း ရည်မှန်းချက်ပန်းတိုင်ရောက်သည်အထိ ညီညီညွတ်ညွတ် ဖြောင့်ဖြောင့်မတ်မတ် ဆက်လက်လျှောက်လှမ်းသွားကြရမည်ဖြစ်ပေသည်။ ။

## ပြည်သူ့သဘောထား

- ✳ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ✳ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ✳ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ✳ ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။



# ဗဟန်းမြို့နယ်အမျိုးသမီးသက်မွေးအတတ်ပညာသင်ကျောင်း ဝန်ကြီး ဗိုလ်ချုပ်မောင်မောင်ဆွေ ကြည့်ရှုစစ်ဆေး

ရန်ကုန် ဩဂုတ် ၁

**လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်မောင်မောင်ဆွေသည် မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် အမျိုးသမီးများအား ကာကွယ်စောင့်ရှောက်ရေးနှင့် ပြုစုပျိုးထောင်ရေးလုပ်ငန်း အဖွဲ့ခေါင်းဆောင် ဒေါ်တင်တင်နွဲ့၊ လူမှုဝန်ထမ်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးစစ်မြိုင်၊ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးအောင်ထွန်းခိုင်နှင့် တာဝန်ရှိသူများလိုက်ပါလျက် ဇူလိုင်၃၀ရက် နံနက်၉နာရီက ရန်ကုန်တိုင်း ဗဟန်းမြို့နယ် နတ်မောက်လမ်းသွယ်(၁)ရှိ လူမှုဝန်ထမ်းဦးစီးဌာနအမျိုးသမီးသက်မွေး အတတ်ပညာသင်ကျောင်းသို့ ကြည့်ရှုစစ်ဆေးသည်။**(အပေါ်ပုံ)

### ရှင်းလင်းတင်ပြ

ရှေးဦးစွာ ကျောင်းခန်းမတွင် ကျောင်းအုပ်ဒေါ်မာမာမြင့်က ဝန်ထမ်းဖွဲ့စည်းပုံ၊ သင်တန်းသူများ လက်ခံစောင့်ရှောက်မှု၊ အသက်မွေးဝမ်းကျောင်း ပညာရပ်များ သင်ကြားပေးမှုတို့ကို ရှင်းလင်းတင်ပြသည်။

### ဆွေးနွေးမှာကြား

ထို့နောက် ဝန်ကြီးဗိုလ်ချုပ်မောင်မောင်ဆွေသည် ဝန်ထမ်းများနှင့် တွေ့ဆုံ၍ ကျောင်းလုပ်ငန်းဆောင်ရွက်မှုနှင့်စပ်လျဉ်း၍ ဆွေးနွေးမှာကြားသည်။

### လှည့်လည်ကြည့်ရှု

ယင်းနောက် ဝန်ကြီးဗိုလ်ချုပ်မောင်မောင်ဆွေသည် စက်ချုပ်ခန်း၊ အိပ်ဆောင်များ၊ ထမင်းစားခန်း၊ အဝတ်လျှော်လုပ်ငန်းနှင့် အဝတ်အထည်အရောင်းဆိုင်တို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ဖြည့်ဆည်းမှာကြားသည်။

### ရင်းရင်းနှီးနှီးတွေ့ဆုံ

အဖွဲ့ဝင်အဖြစ်လိုက်ပါလာသော မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် အမျိုးသမီးများအား ကာကွယ်စောင့်ရှောက်ရေးနှင့် ပြုစုပျိုးထောင်ရေးလုပ်ငန်း အဖွဲ့ခေါင်းဆောင် ဒေါ်တင်တင်နွဲ့၊ ပြုစုပျိုးထောင်ရေးနှင့်ပြန်လည်နေရာချထားရေးလုပ်ငန်း အဖွဲ့ခွဲခေါင်းဆောင် ဒေါ်ကြည်ကြည်မြ၊ လူမှောင်ခိုနှင့် လူကုန်ကူးမှု တားဆီးကာကွယ်ရေးလုပ်ငန်းအဖွဲ့ခွဲခေါင်းဆောင် ဒေါ်ခင်မေစိုးနှင့်အဖွဲ့ဝင်များသည် အမျိုးသမီးသက်မွေးအတတ်ပညာသင်ကျောင်းရှိ ကျောင်းသူကလေးများအား ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်၍ ကျန်းမာရေး အသိပညာပေးဟောပြောသည်။

### မျက်မမြင်ကျောင်း

ထို့နောက် ဝန်ကြီးနှင့်အဖွဲ့သည် ကြည့်မြင်တိုင်မြို့နယ် ပန်းပင်ကြီးလမ်းရှိ လူမှုဝန်ထမ်းဦးစီးဌာန ကြည့်မြင်တိုင် မျက်မမြင်ကျောင်းသို့ ရောက်ရှိလာရာ ရှေးဦးစွာ အစည်းအဝေးခန်းမတွင် ကျောင်းသား ကျောင်းသူများ၏ ဂီတဖျော်ဖြေတင်ဆက်မှုကို အားပေးသည်။ ထို့နောက်ကျောင်းအုပ်ဒေါ်ယုယုဆွေက မျက်မမြင်ကျောင်းသားကျောင်းသူများအား လက်ခံမှု၊ လေ့ကျင့်ပေးမှုတို့ကို ရှင်းလင်းတင်ပြပြီး လူမှုဝန်ထမ်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်ဦးစစ်မြိုင်က ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

### အလှူငွေပေးအပ်

ယင်းနောက် အလှူငွေပေးအပ်ပွဲကို ကျင်းပရာ ဝန်ကြီးဗိုလ်ချုပ်မောင်မောင်ဆွေနှင့် ဇနီး ဒေါ်တင်တင်နွဲ့၊ သမီးမအိသက်သက်ဆွေ၊ သားမောင်ကောင်းကျော်ဆွေမိသားစုက ငွေကျပ်တစ်သိန်းနှင့် အော်ဂင်တစ်လုံး၊ မဏ္ဍိုင်ဒီဇယ်ပန့်နှင့် နော်ဇယ်ပြုပြင်ရေး အလုပ်ရုံမှ ဦးအောင်ခိုင်၊ ဒေါ်ခင်ကြူကြူသန်း မိသားစုက ငွေကျပ်သုံးသိန်း၊ ဦးဇော်ဝင်း–ဒေါ်ခင်စန်းရီ၊ သား ဇော်မျိုးပိုင် မိသားစု (စူပါဖက်ရှင်စတိုး)တို့ကငွေကျပ်သုံးသောင်းတို့ကို ပေးအပ်လှူဒါန်းရာ ဝန်ကြီးနှင့်ညွှန်ကြားရေးမှူးချုပ်တို့က လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်သည်။

### မှာကြား

ထို့နောက် ဝန်ကြီးနှင့် အလှူရှင်များသည် ကြည့်မြင်တိုင် မျက်မမြင်ကျောင်းရှိ အနိုပ်သင်တန်း၊ ကြိမ်ထိုးသင်တန်း၊ စာသင်ခန်းများ၊ ကွန်ပျူတာသင်တန်းတို့ကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို ဖြည့်ဆည်းမှာကြားခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

## ပေးအပ်လှူဒါန်း

**ပြင်သစ်နိုင်ငံ ပါရီမြို့ ထေရဝါဒဗုဒ္ဓသာသနာပြု မြန်မာ ကျောင်းတော်ကြီး ဖြစ်မြောက်ရေး ကော်မတီရုံးခန်း (ဗဟန်း ၃ လမ်း မှတ်တိုင် အနီး)တွင် အမှတ်၅၂(၇လွှာ)၊ ၄၆လမ်းနေ ကိုဇော်မင်းကျော် ၏ (၃၄)နှစ်မြောက် မွေးနေ့ အထိမ်း အမှတ်အလှူအဖြစ် ငွေကျပ် တစ်သိန်းကို ဥက္ကဋ္ဌ ဦးရှိန်ဝင်းထံ ပေးအပ်လှူဒါန်းစဉ်။** (သတင်းစဉ်)



## မြဝတီရုပ်မြင်သံကြား

၂-၈-၂၀၀၆ (ဗုဒ္ဓဟူးနေ့)

**နံနက်ပိုင်း**

၇:၀၀ ၁။ မြဝတီအဖွင့်
၇:၀၅ ၂။ အဖွင့်သီချင်း
၇:၁၀ ၃။ မျိုးချစ်တပ်မတော်
၇:၁၅ ၄။ ကျန်းမာရွှင်လန်းယောဂအစွမ်း
၇:၂၀ ၅။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇:၃၀ ၆။ မြန်မာသံစဉ်ချိုနှားဝင်
၇:၄၅ ၇။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊အရေး၊အတီးပြိုင်ပွဲအစီအစဉ်
၇:၅၀ ၈။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈:၀၀ ၉။ မြဝတီရုပ်မြင်သံကြားသတင်း
၈:၁၀ ၁၀။ ဖွံ့ဖြိုးသာယာပြည်မြန်မာ

**ညပိုင်း**

၄:၀၀ ၁။ မြဝတီအဖွင့်
၄:၀၅ ၂။ အဖွင့်သီချင်း
၄:၁၅ ၃။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၄:၃၀ ၄။ ရင်မှာစွဲလမ်းတော်ဝင်ပန်း
၄:၅၀ ၅။ မျိုးချစ်တပ်မတော်
၅:၁၀ ၆။ ကျန်းမာကြံ့ခိုင်ဒို့နိုင်ငံ
၅:၂၀ ၇။ ရင်ခုန်စီးဆင်းအချစ်သီချင်း
၅:၃၀ ၈။ မြတ်နိုးကြစေအမျိုးသားအမွေ
၅:၄၀ ၉။ သာယာသီကြွေးခေတ်ဆန်းတေး
၆:၀၀ ၁၀။ မြဝတီရုပ်မြင်သံကြားသတင်း
၆:၁၀ ၁၁။ နိုင်ငံတကာသတင်း
၆:၂၀ ၁၂။ မိုးလေဝသသတင်း
၆:၂၅ ၁၃။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၆:၃၅ ၁၄။ လျှပ်တစ်ပြက်
၇:၀၀ ၁၅။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"မြက်ခင်းစိမ်းနဲ့ အိမ်ကလေး"** (အပိုင်း–၅၂)ဇာတ်သိမ်းပိုင်း
၈:၀၀ ၁၆။ မြဝတီရုပ်မြင်သံကြားသတင်း
၁၇။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၁၈။ English Usage
၁၉။ ဗီစီဒီကျော်ကြားတေးများ
၂၀။ ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင်
၂၁။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"လက်မတင်ကလေး"** (အပိုင်း–၂၂)

## MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၂-၈-၂၀၀၆ (ဗုဒ္ဓဟူးနေ့)

| | |
|---|---|
| ၇:၀၀ | MRTV-4 အဖွင့် Logo၊ ယနေ့အစီအစဉ် |
| ၇:၀၅ | သဘာဝကပေးတဲ့ အကျိုးအာနိသင် |
| ၇:၁၅ | တေးဂီတအစီအစဉ် |
| ၇:၂၀ | နိုင်ငံတကာသတင်းအကျဉ်း |
| ၇:၂၅ | တေးဂီတအစီအစဉ် |
| ၇:၃၀ | ဆီးချို၊သွေးချိုရောဂါ အကြောင်း ဟောပြောချက် (အပိုင်း–၁) (ဒေါက်တာတင့်ဆွေလတ်) |
| ၇:၅၀ | တေးဂီတအစီအစဉ် |
| ၇:၅၅ | ပြည်တွင်းသတင်းအကျဉ်း |
| ၈:၀၅ | နိုင်ငံတကာအနုပညာရေးရာ |
| ၈:၃၀ | တေးဂီတအစီအစဉ် |
| ၈:၃၅ | မက်မက်မောမော မက်မန်း |
| ၈:၄၅ | မိုးလေဝသခန့်မှန်းချက် |
| ၈:၅၀ | တေးဂီတအစီအစဉ် |
| ၈:၅၅ | ကန်တော်ကြီးရေချို ငါးဥယျာဉ်(အပိုင်း–၂) |
| ၉:၀၅ | တေးဂီတအစီအစဉ် |
| ၉:၁၀ | ဟင်းသီးဟင်းရွက် စိုက်ပျိုးနည်း |
| ၉:၂၅ | တေးဂီတအစီအစဉ် |
| ၉:၃၀ | နိုင်ငံတကာသတင်းအကျဉ်း |
| ၉:၃၅ | တေးဂီတအစီအစဉ် |
| ၉:၄၀ | မေးကြည့်၊ ဖြေကြည့်ပဟေဠိ |
| ၁၀:၀၀ | Music Gallery (ရွှေထိုက်–လိုရင်းပြောပါ) |
| ၁၀:၂၅ | ပြည်တွင်းသတင်းအကျဉ်း |
| ၁၀:၅၀ | မပြောမပြီးမတီးမမြည် (နေရဲလင်း၊မိုးဇော်၊ မောင်မောင်မြင့်၊ရှင်ဖုန်းသိမ့်ချယ်၊ နိုင်ဆုသွယ်) |
| ၁၁:၁၀ | တေးဂီတအစီအစဉ် |
| ၁၁:၁၅ | Myanmar Video Rhythm |
| ၁၁:၅၅ | ကျက်သရေတင့်တယ် လှစေမယ်(အပိုင်း–၂) |
| ၁၂:၀၀ | MRTV-4 အပိတ် Logo |

**အထက်ပါငါးနာရီစာ အစီအစဉ်များကို ည၁၂း၀၀နာရီအထိ သုံးကြိမ်ဆက်တိုက် ထုတ်လွှင့်သွားမည်ဖြစ်ပါသည်။**

**● *ရှေ့ဖုံးမှ***

မိဘမေတ္တာကိုဖော်ကျူးရပါက မြင်းမိုရ်တောင်ဦးမကကြီးမားကြောင်း မြင်းမိုရ်တောင်နှင့်ပင် ခိုင်းနှိုင်းခဲ့ကြပါသည်။ သာဓကအားဖြင့် ပေါ်လွင်အောင်တင်ပြရလျှင် ဗိမ္ဗိသာရမင်းကြီးသည် မိဖုရားခေါင်ကြီးတွင် ပဋိသန္ဓေ သားဦးတည်စဉ်ကာလကပင် ပညာရှိပုဏ္ဏားများအား သားလောင်းနှင့် ပတ်သက်၍ ဗေဒင်ကိန်းခန်းမေးမြန်းရာတွင် ပုဏ္ဏားများက “အရှင်မင်းကြီး၊ ယခု မွေးဖွားလာမည့် ဤသားတော်သည် နောင်တစ်ချိန်တွင် အဖအားသတ်မည့်သားဖြစ်လိမ့်မည်”ဟု ဟောကြားခဲ့ပါသော်လည်း သားသမီးအပေါ်တွင် ထားရှိသော မိဘ၏ချစ်ခြင်းမေတ္တာကြောင့် သန္ဓေသားကို ဖျက်ဆီးခြင်းမပြုဘဲ မွေးဖွားစေခဲ့ပါသည်။

ဗိမ္ဗိသာရမင်းကြီး၏သားတော် အဇာတသတ်မင်းသားမှာလည်း ဆရာ(ဒေဝဒတ်) ကိုးကွယ်မှုမှားသဖြင့် အဖကို နည်းမျိုးစုံဖြင့် အကြိမ်ကြိမ်ညှဉ်းပန်းနှိပ်စက်ခဲ့ရာတွင် နောက်ဆုံး ခြေဖဝါးကို ဓားဖြင့်ခွဲပြီး ဆားပက်မီးကင်၍ သတ်ဖြတ်ခဲ့သည့်အဆင့်တိုင်အောင်ပြုမူသော်လည်း ဗိမ္ဗိသာရမင်းကြီးသည် သားတော်အပေါ် မေတ္တာမပျက် စိတ်မကွက်ဘဲ ဝေဒနာကို တရားမေ့ဖြင့် ရှုမှတ်ပြီး သားတော်အပေါ် အစွမ်းကုန်ခွင့်လွှတ်ခဲ့ပါသည်။

သားတော်အဇာတသတ်မင်းသားသည် ၎င်းကိုယ်တိုင် ဖခင်ဘဝရောက်ရှိ၍ သားတော်လေးဖွားမြင်သည်ဟူသော သတင်းလေးကြားရရုံမျှဖြင့် သားသမီးအပေါ်ချစ်ခြင်းဂယက် နှလုံးသား၌ ရိုက်ခတ်လာသည့်အခါကျမှသာ ၎င်း၏ဖခင်က ၎င်းအပေါ် မည်မျှချစ်ခင်မြတ်နိုးသည်ကို သိလိုသဖြင့် မိခင်ကြီးအား မေးမြန်းခဲ့ရာ “ဗိမ္ဗိသာရမင်းကြီးသည် သားတော်အဇာတသတ်မင်းသားကို မည်မျှချစ်သည်ဆိုပါလျှင် အဇာတသတ်မင်းသားငယ်စဉ်က လက်ညှိုးရှုနာမှပြည်များပေါက်ထွက်ရာတွင် သားတော်နိုးမည်စိုး၍ လက်ညှိုးငုံထားသောအာခံတွင်းကို ဟခြင်းမပြုဘဲ ပြည်များကို ရင်တွင်းသို့ မျိုချလိုက်သည်အထိ သားတော်အပေါ် ချစ်မြတ်နိုးခဲ့ကြောင်း” မိခင်မှတစ်ဆင့် သိရှိခဲ့ရသည်။ ထို့အပြင် ဆရာစစ်၊ ဆရာမှန်ဖြစ်သော မြတ်စွာဘုရား၏ တရားတော်များကို နာကြားရသောအခါတွင် အဇာတသတ်မင်းသားသည် ဖခင်အား သတ်ခဲ့မိခြင်းအတွက် နောင်တကြီးစွာ ရရှိခဲ့ရပါသည်။

သို့သော်လည်း နောင်တကား နောက်ကျခဲ့ပြီဖြစ်သဖြင့် ဖခင်အားပြစ်မှားကျူးလွန်သည့် ပြစ်ဒဏ်ကြောင့် တစ်ဘဝတည်းဖြင့် သောတာပန်ရရှိနိုင်မည့်အခွင့်အရေးကြီးကို ဆုံးရှုံးလက်လွှတ်ခဲ့ရပြီး အပါယ်ငရဲတွင် ခံစားနေရရှာသည်။

မျက်မှောက်ကာလခေတ် သားသမီးများသိသင့်သည်မှာ ပမာအားဖြင့် မိဘတို့အား အစဉ်ရိုသေမြတ်နိုးပြုစုခဲ့သော ဘုရားလောင်းသုဝဏ္ဏသာမမင်းသားသည် မြားဆိပ်ဒဏ်ရာဖြင့် မေ့မြောနေရာမှ မိဘကိုလုပ်ကျွေးခဲ့သည့် ကောင်းမှုကုသိုလ်ကြောင့် အသက်ပြန်လည်ရှင်သန်ခွင့်ရပြီး ရွှေအိုးထမ်းပြန်လာနိုင်ခဲ့ပါသည်။ သို့သော် မိဘတို့အား သတိတရ ပြုစုစောင့်ရှောက်ခြင်းမရှိ၊ ပြစ်မှားစော်ကားမိပါက အဇာတသတ်မင်းသားကဲ့သို့(မဟာအဝီစိ)ငရဲတွင် ဒုက္ခခံစားရတတ်ကြောင်းကို သတိပြုသင့်လှပေသည်။ ။

**(သာသနာရေး)**

# (၁၄)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဦးတည်ချက်

၁။ မျိုးချစ်စိတ်ဓာတ်နှင့် ဇာတိသွေး ဇာတိမာန် ထက်မြက်မြင့်မားရန်၊

၂။ မြန်မာ့ရိုးရာယဉ်ကျေးမှုအမွေအနှစ်များ ထိန်းသိမ်းစောင့်ရှောက်ရန်၊

၃။ မြန်မာ့ဂီတ၊ မြန်မာ့အကနှင့် မြန်မာတို့၏ ရိုးရာယဉ်ကျေးမှု အနုပညာ စစ်စစ် ဆက်လက်ထွန်းကားပြန့်ပွားရန်၊

၄။ မြန်မာတို့၏ အမျိုးသားရေးစရိုက်လက္ခဏာများ ထိန်းသိမ်းရန်၊

၅။ လူငယ်ထု၏စိတ်ပိုင်းဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှုဖြစ်ထွန်းရန်၊

၆။ တိုင်းတစ်ပါး ယဉ်ကျေးမှုလွှမ်းမိုးခြင်းမှ ကာကွယ်တားဆီးရန်၊

၇။ စစ်မှန်သော ပြည်ထောင်စုမျိုးချစ်စိတ်ဓာတ် ပိုမိုရှင်သန် ခိုင်မာစေရန်။



**ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လမ်းမတော်မြို့နယ်ရုံး၏ စီစဉ်ဆောင်ရွက်မှုဖြင့် နယ်လှည့်စာကြည့်တိုက်၊ နံရံကပ်စာစောင်၊ ဓာတ်ပုံပြပွဲနှင့် ဟောပြောပွဲအခမ်းအနားကို ဇူလိုင် ၂၆ ရက်က လမ်းမတော်မြို့နယ် အမှတ်(၁၀)ရပ်ကွက် ကောင်စီရုံးတွင် ကျင်းပရာ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမြင့်မောင်နှင့် ရပ်ကွက်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးစိန်ခိုင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြစဉ်။** (မြို့နယ် ပြန်/ဆက်)

**■ *ကျော့ဖုံးမှ***

ပြည်သူများနှင့်အတူ ဝိုင်းဝန်းဆောင်ရွက်ရေး၊ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို စံနမူနာပြဆောင်ရွက်ရေး၊ ကြက်ဆူပင်များကို သတ်မှတ်ဧက ကျော်လွန်အောင် စိုက်ပျိုးရေးတို့ကို ရှင်းလင်းမှာကြားပြီး နယ်မြေခံတပ်ရင်းများအတွက် လက်ဆောင်ပစ္စည်းများကို ပေးအပ်သည်။

## ကြည့်ရှုစစ်ဆေး

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် ပခုက္ကူမြို့နယ် ကုက္ကိုလှကျေးရွာအနီးရှိ ကုက္ကိုလှလျှပ်စစ် မြစ်ရေတင်စီမံကိန်းသို့ ရောက်ရှိကြရာ ရှင်းလင်းဆောင်၌ ရေအရင်းအမြစ်အသုံးချရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးတင်မောင်အေးထူးက ကုက္ကိုလှ လျှပ်စစ်မြစ်ရေတင် စီမံကိန်းဆိုင်ရာ အချက်အလက်များ၊ ၂၀၀၆-၂၀၀၇ခုနှစ်တွင် မိုးစပါးဧက ၁၀၀၀စိုက်ပျိုးနိုင်ရေး လျာထားဆောင်ရွက်မှု အခြေအနေများကို ရှင်းလင်းတင်ပြပြီး ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က မိုးစပါးလျာထားချက် ပြည့်မီအောင် စိုက်ပျိုးရေး၊ ဆည်ကန်များနှင့် ဆည်ရေသောက်ဧက တိုးချဲ့ဆောင်ရွက်ရေးတို့ကို မှာကြားကာ မြစ်ရေတင်ဖြင့် စိုက်ပျိုးထားသော နွေစပါးစိုက်ခင်းများ အခြေအနေကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်သည် ကုက္ကိုလှ လျှပ်စစ်မြစ်ရေတင် စီမံကိန်းမှ ရေယူစိုက်ပျိုးသည့် လယ်မြေများ၌ နွေစပါးရိတ်သိမ်းပြီးစီးနေမှုနှင့် မိုးစပါးအတွက် မြေယာပြုပြင်ထွန်ယက်ပြီးစီးနေမှုအခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးကြသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် ပခုက္ကူမြို့ ပြည်သာယာခန်းမ၌ ခရိုင်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် မြို့မိမြို့ဖများအား တွေ့ဆုံကြသည်။

## ဖြည့်စွက်တင်ပြ

ရှေးဦးစွာ ပခုက္ကူခရိုင်အတွင်းရှိ မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌများက သက်ဆိုင်ရာမြို့နယ်များ၏ မိုးရွာသွန်းမှု အခြေအနေ၊ မိုးစပါးနှင့် နွေစပါးစိုက်ပျိုးမှု၊ ဒေသဆန်ဖူလုံမှု အခြေအနေများနှင့် ဒေသဖွံ့ဖြိုးရေးအတွက် ဆောင်ရွက်မှုအခြေအနေများကို ရှင်းလင်းတင်ပြကြပြီး မကွေးတိုင်းအေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌကဖြည့်စွက်ရှင်းလင်းတင်ပြသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က ပခုက္ကူခရိုင်ဆန်ဖူလုံရေးအတွက် စပါးစိုက်ဧကများ တိုးချဲ့ရေးနှင့် စိုက်ပျိုးရေဖူလုံအောင် ဆည်တမံများ၊ မြစ်ရေတင်စီမံကိန်းများကို ပြုပြင်၍ ဆည်ရေသောက်ဧက တိုးတက်ရရှိအောင် ကြိုးပမ်းဆောင်ရွက်ကြရန်လိုကြောင်း၊ စိမ်းလန်းစိုပြည်ရေးအတွက် သစ်တောစိုက်ခင်းများ ထူထောင်ပေးခဲ့ရာ ရှင်သန်လျက်ရှိသည့်သစ်ပင်များ ထိန်းသိမ်းရေးနှင့် ဆက်လက်တိုးချဲ့စိုက်ပျိုးဆောင်ရွက်ကြရန်လိုကြောင်း၊ ဒေသဖွံ့ဖြိုးရေးနှင့် လမ်းပန်းဆက်သွယ်မှု လုံခြုံကောင်းမွန်စေရေးအတွက် လမ်းများ၊တံတားများ တည်ဆောက်ပေးခဲ့သည်များကို မပျက်စီးအောင် ဝိုင်းဝန်းထိန်းသိမ်းဆောင်ရွက်

**ရွာရန်ရာနှုန်း ၈၀**

**မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ မိုးတစ်ကြိမ်နှစ်ကြိမ် ရွာမည်။ ရွာရန် ရာနှုန်း ၈၀ ဖြစ်သည်။**

ကြရမည်ဖြစ်ကြောင်း၊ နိုင်ငံတော်အနေဖြင့် ဒေသနေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းများရရှိပြီး စားဝတ်နေရေးဖူလုံကောင်းမွန်အောင် စက်မှုဇုန်များ၊ ချည်မျှင်နှင့်အထည်စက်ရုံတို့အပြင် အထည်ချုပ်စက်ရုံတို့ကိုပါ ဖွင့်လှစ်ပေးပြီး ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပေးခဲ့ပြီးဖြစ်၍ ဒေသဖွံ့ဖြိုးတိုးတက်မှုလည်း ရှိလာပြီဖြစ်ကြောင်း၊ ဌာနဆိုင်ရာဝန်ထမ်းများအနေဖြင့် ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် ဒေသခံပြည်သူများနှင့် တက်ညီလက်ညီ လက်တွဲပူးပေါင်းကြိုးပမ်းဆောင်ရွက်ကြရန်လိုကြောင်း၊ ခြံစည်းရိုးကြက်ဆူပင် စိုက်ပျိုးခြင်းကိုလည်း သတ်မှတ်ချက်ထက်ကျော်လွန်အောင် မြေလွတ်မြေလပ်များတွင် ဆက်လက်တိုးချဲ့စိုက်ပျိုးပြီး နှစ်ရှည်သီးနှံများကိုလည်း ဝင်ငွေတိုးတက်ရရှိရေးအပြင် ဒေသစိမ်းလန်းစိုပြည်ရေးအတွက်ပါ စိုက်ပျိုးကြရန်လိုကြောင်းဖြင့် အကျယ်တဝင့် ရှင်းလင်းမှာကြားပြီး တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်သည် နယ်မြေခံတပ်နယ် အစည်းအဝေးခန်းမ၌ မကွေးတိုင်း၊ ခရိုင်နှင့် မြို့နယ်စိုက်ပျိုးရေး အဖွဲ့ဝင်များအား တွေ့ဆုံ၍ ပခုက္ကူခရိုင် ဆန်ဖူလုံရေးအတွက် လိုအပ်သည်များကို ဆွေးနွေးမှာကြားသည်။

## ရာဖွေဖော်ထုတ်

ရှေးဦးစွာ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က ပခုက္ကူခရိုင် ဆန်ဖူလုံရေးအတွက် ပခုက္ကူခရိုင်အတွင်း၌ စိုက်ပျိုးမြေများတိုးတက်ရရှိရန် ဆည်တမံများနှင့် မြစ်ရေတင်လုပ်ငန်းများကို တိုးချဲ့ဆောင်ရွက်၍ ဆည်ရေသောက်ဧက တိုးတက်အောင် ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ ဂန့်ဂေါခရိုင်အနေဖြင့် ပခုက္ကူခရိုင် ဆန်ဖူလုံရေးကို အထောက်အကူပြုနိုင်ရန် ဂန့်ဂေါခရိုင်အတွင်းရှိ လယ်မြေများတိုးတက်ဖော်ထုတ် စိုက်ပျိုးရေးနှင့် ဆည်၊ ကန်၊ တမံများ ရှာဖွေဖော်ထုတ်၍ စိုက်ပျိုးရေရရှိအောင် ဆောင်ရွက်သွားရမည်ဖြစ်ကြောင်းဖြင့် ရှင်းလင်းမှာကြားသည်။

ထို့နောက် မကွေးတိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌက ပခုက္ကူခရိုင်၏ ၂၀၀၅-၂၀၀၆ခုနှစ် မိုးစပါးစိုက်ပျိုးမှုမှာ ၇၆၄၈၈ဧကသာ ရှိခဲ့သော်လည်း ၂၀၀၆-၂၀၀၇ခုနှစ်တွင် ၁၂၈၅၈၆ဧက စိုက်ပျိုးသွားရန် လျာထားပြီးဖြစ်ကြောင်း၊ ဒေသတွင်း၌ ဆည်တမံ ၇၁ ခုဆောင်ရွက်ရန်ရှိသည့်အနက် ဆည်တမံ ၅၀ ဆောင်ရွက်ပြီးစီးနေပြီး ဆည်တမံနှစ်ခုကို ဆောင်ရွက်ဆဲဖြစ်ကြောင်း၊ ၁၉ခုမှာ ဆောင်ရွက်ရန် ကျန်နေသေးကြောင်း၊ မြစ်ရေတင်လုပ်ငန်းအသစ် ခုနစ်ခုအနက် တစ်ခုသာဆောင်ရွက်ပြီး လေးခုမှာ ဆောင်ရွက်ဆဲဖြစ်ကာ နှစ်ခုမှာ ဆောင်ရွက်ရန် ကျန်ရှိသေးကြောင်းတို့ကို ရှင်းလင်းတင်ပြသည်။

## ဆွေးနွေးတင်ပြ

ဆက်လက်၍ မကွေးတိုင်း ရေအရင်းအမြစ်အသုံးချရေးဦးစီးဌာန ဒုတိယ ညွှန်ကြားရေးမှူး ဦးတင်မောင်အေးထူးနှင့် မကွေးတိုင်း ဆည်မြောင်းဦးစီးဌာန ညွှန်ကြားရေးမှူး ဦးနေဒေါင်းတို့က ပခုက္ကူခရိုင်အတွင်း စိုက်ပျိုးရေရရှိရေး ဆောင်ရွက်မှုအခြေအနေများကိုလည်းကောင်း၊ ပခုက္ကူခရိုင်ဥက္ကဋ္ဌ ဒုတိယ ဗိုလ်မှူးကြီး ဌေးဦးနှင့် ဂန့်ဂေါခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးလှဆွေတို့က ခရိုင်အလိုက် စိုက်ဧကတိုးချဲ့ ဆောင်ရွက်မည့် အစီအစဉ်များကိုလည်းကောင်း၊ ရေအရင်းအမြစ် အသုံးချရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးဆွေနှင့် ဆည်မြောင်းဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးခင်မောင်ချစ်တို့က ဒေသ၏ လိုအပ်ချက်များအပေါ် ဝန်ကြီးဌာနအနေဖြင့် ဖြည့်ဆည်းဆောင်ရွက်ပေးမည့် အစီအစဉ်များကိုလည်းကောင်း ရှင်းလင်းဆွေးနွေးတင်ပြကြသည်။

ယင်းနောက် တိုင်းမှူး ဗိုလ်ချုပ်သာအေးက ဂန့်ဂေါခရိုင်အတွင်း၌ ဆည်၊ ကန်၊ ရေလှောင်တမံ၊ ချောင်းတာတမံများ ဆက်လက်ရှာဖွေဖော်ထုတ်၍ စိုက်ပျိုးရေစုဆောင်းကာ လယ်ဧကများ တိုးတက်ဖော်ထုတ်သွားမည့် အစီအစဉ်များကို ရှင်းလင်းတင်ပြသည်။

## ညှိနှိုင်းဆောင်ရွက်

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က ပခုက္ကူခရိုင် ဆန်ဖူလုံရေးအတွက်သာမက မိမိတို့ပြည်နယ်၊ တိုင်းအသီးသီး ဖွံ့ဖြိုးတိုးတက်ရန် နေရာနယ်ပယ်မခွဲဘဲ ဆောင်ရွက်လုပ်ကိုင်သွားကြရေး၊ လုပ်ငန်းဆောင်ရွက်ရာတွင် အောက်ခြေအထိဆင်း၍ ပြည်သူတို့ထံမှ အသိအမြင်၊ အတွေ့အကြုံတို့ကိုရယူပြီး ဆောင်ရွက်သွားကြရေးတို့ကို မှာကြားပြီး လိုအပ်သည်များကို ညှိနှိုင်း ဆောင်ရွက်ပေးသည်။ **(သတင်းစဉ်)**



ထိုင်းနိုင်ငံ ဖစ်ဆန်နူလော့ပြည်နယ်၌ ကြက်ငှက်တုပ်ကွေးရောဂါ မပြန့်ပွားရေးအတွက် ကာကွယ်ဆေးဖျန်းနေသည်ကို ဇူလိုင် ၃၀ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

## အင်ဒိုနီးရှား၌ရေနံတွင်းပေါက်ကွဲ

ဆူရာဘာယာ ဩဂုတ် ၁

အင်ဒိုနီးရှားနိုင်ငံ အရှေ့ဘက် ဂျာဗားပြည်နယ်တွင် ရေနံတွင်းတစ်တွင်း၌ ပေါက်ကွဲမှုဖြစ်ပွားရာ လူ၂၆၀၀ ကို ပြောင်းရွှေ့ပေးခဲ့ရပြီး သတိလစ်သည့်လူအချို့နှင့်အတူ အသက်ရှူကျပ်မှုခံစားရသောလူ ၂၀၀ ကျော်ကို ပြုစုကုသပေးနေရကြောင်း အရာရှိများက ဇူလိုင် ၃၀ ရက်တွင် ဖော်ပြသည်။

ဘိုဂျိုနီဂိုရိုတွင်တည်ရှိသည့် အဆိုပါရေနံတွင်းသည် ပါတာမီနာနှင့် ပတ်ထရိုချိုင်းနား ကုမ္ပဏီပိုင်ဖြစ်ပြီး ဇူလိုင် ၂၉ရက်နံနက်က ပေါက်ကွဲခဲ့ခြင်းဖြစ်ကြောင်း ၎င်းတို့ကပြောကြားသည်။

သေဆုံးဒဏ်ရာရသူများမရှိသော်လည်း ဆေးရုံ၌ လူ ၂၁၀ကို ပြုစုကုသပေးလျက်ရှိကြောင်းကျန်းမာရေးဝန်ကြီးဌာနအထက်တန်းအရာရှိ ရပ်စ်တမ်ပါကာယာက ပြောကြားသည်။

**အမ်အင်အေ၊ရိုက်တာ**

## ကြက်ငှက်တုပ်ကွေးရောဂါမပြန့်ပွားရေး ထိုင်းအရှေ့မြောက်ပိုင်း၌ ကြက်များသုတ်သင်ခဲ့

ဖန်ကောက် ဩဂုတ် ၁

ထိုင်းနိုင်ငံ ဖန်ကောက်မြို့ မြောက်ဘက် ၂၃၄မိုင်အကွာ ဖစ်ဆန်နူလော့ပြည်နယ်၌ ကြက်ထောင်ပေါင်းများစွာတို့အား ကြက်ငှက်တုပ်ကွေးရောဂါမပျံ့နှံ့ရေးအတွက်မြေမြှုပ်နေကြသည်ကို ဇူလိုင်၃၀ရက်က တွေ့ရခြင်းဖြစ်သည်။

**သုတ်သင်ခဲ့**

ထိုင်းနိုင်ငံအရှေ့မြောက်ပိုင်း လာအိုနယ်စပ်၌ လွန်ခဲ့သော သီတင်းပတ်က ဆယ်ကျော်သက်ရွယ် တစ်ဦး အဆိုပါရောဂါဖြင့်သေဆုံးခဲ့ပြီးနောက် အဆိုပါဒေသရှိ ကြက်ခြံများမှ ဥစားကြက် အကောင် ၃၁၀၀၀၀ကို သုတ်သင်ခဲ့ကြောင်း သိရသည်။

**(အင်တာနက်)**

## အာကာသယာဉ်စခန်းစီမံကိန်း ဘရာဇီးနှင့် နာဆာအဖွဲ့တို့ ပြန်လည်ဆွေးနွေး

ဘရာဆီးလီးယား ဩဂုတ် ၁

နိုင်ငံတကာအာကာသယာဉ် စခန်း(အိုင်အက်စ်အက်စ်)စီမံကိန်း အတွက် ထောက်ပံ့ဖြည့်ဆည်းပေးမှု အစိတ်အပိုင်းတစ်ရပ်နှင့်ပတ်သက်၍ နာဆာနှင့် ပြန်လည်ဆွေးနွေးမှုများ ပြုလုပ်နေကြောင်း ဘရာဇီးအာကာသ အေဂျင်စီကထုတ်ပြန်သော အစီရင်ခံစာတစ်ရပ်၌ ဖော်ပြသည်။

ဘရာဇီးအာကာသအေဂျင်စီ အနေဖြင့် နာဆာအဖွဲ့သို့ မိမိတို့၏ ဖြစ်နိုင်ဖွယ်ရှိသော အချက်ကိုတင်ပြမည်ဖြစ်ကြောင်း၊ ယင်းမှာ ဘရာဇီးနိုင်ငံ၏ တာဝန်ယူမှုအောက်မှ ဆောင်ရွက်ခြင်းဖြစ်ကြောင်းလည်း ဘရာဇီး အာကာသ အေဂျင်စီက ပြောကြားသည်။

နာဆာနှင့် ဘရာဇီးအာကာသ အေဂျင်စီတို့အနေဖြင့် အမေရိကန်နိုင်ငံတွင် တွေ့ဆုံဆွေးနွေးကာ နောက်ဆုံးတွင် နိုင်ငံတကာ အာကာသယာဉ်စခန်း(အိုင်အက်စ်အက်စ်)စီမံကိန်း အတွက် ထောက်ပံ့ဖြည့်ဆည်းမှုအပေါ်တွင် ပူးပေါင်းဆောင်ရွက်နိုင်လိမ့်မည်ဖြစ်ကြောင်း ၎င်းတို့ကပြောကြားသည်။ **အမ်အင်အေ၊ဆင်ဟွာ**

## ပိုလန်၌လေယာဉ်ငယ်ပျက်ကျ လေယာဉ်မှူးနှင့်လေ့ကျင့်သူတစ်ဦးသေဆုံး

ဝါဆော ဩဂုတ် ၁

ပိုလန်နိုင်ငံ အနောက်ပိုင်း ဇီလ်ကိုပိုစကီပြည်နယ်တွင် ဇူလိုင် ၂၉ရက်က လေယာဉ်ငယ်တစ်စင်းပျက်ကျခဲ့ရာ လေယာဉ်ပေါ်တွင် ပါရှိသူ နှစ်ဦး သေဆုံးကြောင်း သိရသည်။

**ပျက်ကျ**

အဆိုပါလေယာဉ်ငယ်မှာ ပိုလန်နိုင်ငံ ဘက်နာလေဆိပ်အနီး သစ်တောတစ်ခု၌ မတော်တဆ ဖြစ်ရပ်ကြောင့် ပျက်ကျသွားခြင်းဖြစ်ကြောင်း ပိုလန်နိုင်ငံ ဇီလ်ကို ပိုစကီဇင်နယ်မှ ရဲတပ်ဖွဲ့ ပြောရေးဆိုခွင့်ရှိသူ အီဝါအိုလ်ကီဝက်စ်က ပြောကြားသည်။

မတော်တဆဖြစ်ရပ် ဖြစ်ပွားစဉ် လေယာဉ်ငယ်သည် မြေပြင်သို့ အရေးပေါ် ဆင်းသက်ခဲ့ရာမှ ယခုကဲ့သို့ ပျက်ကျခြင်းဖြစ်ကြောင်း၊ ထို့ကြောင့် လေယာဉ်မှူးနှင့် လေ့ကျင့်သူတစ်ဦးတို့ သေဆုံးခဲ့ရခြင်းဖြစ်သည်။

**ပြောကြား**

ယခုကဲ့သို့ လေယာဉ်ငယ်ပျက်ကျခဲ့ခြင်းမှာ မတော်တဆ ဖြစ်ရပ်ဖြစ်ကြောင်း ပိုလန်နိုင်ငံ၏ လေကြောင်း မတော်တဆ ဖြစ်ရပ်စုံစမ်းစစ်ဆေးရေး ကော်ရှင်က ပြောကြားသည်။

**အမ်အင်အေ၊ဆင်ဟွာ**



**အဆောက်အအုံပျက်စီး**

**လက်ဘနွန်တောင်ပိုင်း တိုင်ရီမြို့ကို အစ္စရေးတပ်များက လေကြောင်းမှ တိုက်ခိုက်သဖြင့် ပျက်စီးနေသည့် အဆောက်အအုံကို ဇူလိုင်၃၀ရက်က တွေ့ရစဉ်။**

(ဓာတ်ပုံ-အင်တာနက်)

## တရုတ်နိုင်ငံ တာ့လျန်မြို့တွင် သံလိုက်ရထား ပြေးဆွဲမည်

ပေကျင်း ဩဂုတ် ၁

တရုတ်နိုင်ငံ ပေကျင်းမြို့အရှေ့ဘက် တာ့လျန်မြို့၌ ယခုနှစ်အတွက် ပထမဆုံး ကူးသန်းရောင်းဝယ်ရေးဆိုင်ရာ သံလိုက်ရထားများ တည်ဆောက်ပြေးဆွဲရန် စီစဉ်နေကြောင်း ဇူလိုင်၃၁ရက်တွင် သတင်းမီဒီယာများက ဖော်ပြသည်။

**စတင်မည်**

တာ့လျန်မြို့၌ ပြေးဆွဲမည့် ယင်းသံလိုက်ရထားလိုင်းမှာ တရုတ်နိုင်ငံ၏ ဒုတိယမြောက်သံလိုက်ရထားလိုင်းဖြစ်ပြီး ပထမသံလိုက်ရထားလိုင်းမှာ ဂျာမန်နည်းပညာနှင့် တည်ဆောက်ထားသော ရှန်ဟိုင်းရထားလိုင်းဖြစ်သည်။ ယင်းရထားလိုင်းကို ရှန်ဟိုင်းမှ ဟန်ကျိုးမြို့သို့ ဆက်သွယ်တည်ဆောက်လျက်ရှိပြီး ၂၀၀၉ခုနှစ်တွင် စတင်ပြေးဆွဲမည်ဖြစ်ကြောင်း သိရသည်။

**(အင်တာနက်)**



**တရုတ်နိုင်ငံ ပေကျင်းမြို့ အရှေ့ဘက် တာ့လျန်မြို့တွင် ပြေးဆွဲမည့် သံလိုက်ရထားကို ဇူလိုင်၃၁ရက်က တွေ့ရစဉ်။**

(ဓာတ်ပုံ-အင်တာနက်)

## မြန်မာ့အလင်း နိုင်ငံတကာ သတင်းများ

## လက်ဘနွန်ကျေးရွာအား အစ္စရေးလေကြောင်းမှတိုက်ခိုက်၊ အရပ်သား၅၁ဦးသေဆုံး

ကာနာ(လက်ဘနွန်) ဩဂုတ် ၁

လက်ဘနွန်နိုင်ငံတောင်ပိုင်း ကာနာ ကျေးရွာကို အစ္စရေးက လေကြောင်းမှ တနင်္ဂနွေနေ့က တိုက်ခိုက်သည့်အတွက် ကလေး၂၁ဦး အပါအဝင် လက်ဘနွန်အရပ်သား ၅၁ဦး သေဆုံးခဲ့သည်။

လက်ဘနွန်ပြောက်ကျား၊ ဟဇ်ဘို လာပြောက်ကျားများအား အစ္စရေးက တိုက်ခိုက်သည့် ၁၉ရက်ကြာပြီဖြစ်သော စစ်ပွဲအတွင်းတွင် ဤကာနာ ကျေးရွာတိုက်ခိုက်မှုမှာ တစ်ကြိမ်တည်းတွင် အသေအပျောက်အများဆုံး အစ္စရေးလေကြောင်း တိုက်ခိုက်မှု ဖြစ်သည်။

**သေဆုံး**

လက်ဘနွန် ကြက်ခြေနီလုပ်သားများက သေဆုံးသွားသော ကလေးသူငယ်တစ်ဦး၏အလောင်းကို စောင်ဖြင့် ဖုံးထားသည်။ အနီရောင်အပြောက်အမွှန်း ဝတ်စုံဝတ်ထားသည့် အမျိုးသမီးတစ်ဦးမှာ အင်္ဂတေအကျိုးအပဲ့များကြားတွင် ပိပြားသေဆုံးနေသည်။

**ထိုးထွက်**

ခြေထောက်တစ်ချောင်းမှာ အနီးအနားရှိ အုတ်ကျိုးအုတ်ပဲ့များ ကြားမှ ထိုးထွက်နေသည်။ ကလေးသူငယ်တစ်ဦးမှာ လမ်းမကြီးပေါ်တွင် အသက်မရှိတော့။ လူနေအိမ်သုံးလေးခု ပြိုကျပြီး အရပ်သား ၁၀၀ခန့် ခိုအောင်းနေသည့် သုံးထပ် အဆောက်အအုံမှာ လုံးဝ ပျက်စီးသွားကြောင်း ကယ်ဆယ်ရေးလုပ်သားများနှင့် မျက်မြင်တွေ့သူများက ပြောကြားသည်။

**အမ်အင်အေ၊ရိုက်တာ**

## နီပေါဗဟိုဘဏ်အနှစ်၅၀အတွင်း အမြတ်ငွေဒေါ်လာ၂၈သန်းရှိလာ

ခတ္တမန္ဒူ ဩဂုတ် ၁

နီပေါရာစတာဘဏ် (အင်န်အာဘီ)ဗဟိုဘဏ်နှင့် နီပေါငွေကြေးအာဏာပိုင်အဖွဲ့က အနှစ်၅၀အတွင်း ငွေလက်ခံခဲ့မှုများ စာရင်းပြုစုထားရာတွင် အမြတ်ငွေနီပေါရူပီး ၂ဒသမ၀၁ဘီလီယံ(အမေရိကန်ဒေါ်လာ ၂၈ ဒသမ ၇၁သန်း)သို့ ရောက်ရှိပြီဖြစ်ကြောင်း ယင်းဗဟိုဘဏ်က ဇူလိုင် ၂၉ရက်၌ ပြောကြားသည်။

ကနဦးကာလ ယင်းဘဏ်သည် အမြတ်ငွေ နီပေါရူပီး ၅၁၅၇ (အမေရိကန်ဒေါ်လာ ၇၃ဒသမ၆၇)သာ ရှိခဲ့သည်။ သို့ရာတွင် ၂၀၀၅ခုနှစ် ဇူလိုင် ၁၅ရက်တွင် အမြတ်ငွေ နီပေါရူပီး ၂ဒသ၀၁ဘီလီယံ (အမေရိကန် ဒေါ်လာ ၂၈ဒသမ၇၁သန်း) အထိရှိလာကြောင်း အင်န်အာဘီ ဘဏ်အုပ်ချုပ်သူ ဘီဂျေးနက်ဘက်တာရိုင်းကပြောကြားသည်။ **အမ်အင်အေ၊ဆင်ဟွာ**



# ဂျပန်၏ကားတင်ပို့မှု များပြား

တိုကျို ဩဂုတ် ၁

**ဂျပန်နိုင်ငံ တိုကျိုမြို့တောင်ဘက် ယိုကိုဟားမားၵ္ဗ သင်္ဘောတင်ပို့ရန်အသင့်ပြင်ထားသော ဂျပန်လုပ်မော်တော်ကားများကိုတွေ့ရခြင်းဖြစ်သည်။** (အပေါ်ပုံ)

**ပြောကြား**

ဂျပန်ကား ထုတ်လုပ်သည့်ကုမ္ပဏီများသည် ယင်းနိုင်ငံ၏ ဘဏ္ဍာရေးနှစ်အတွင်း ကားထုတ်လုပ်မှုထက် တင်ပို့မှုမှာ ပို၍များခဲ့သည်ဟုဆိုသည်။ မတ် ၃၁ရက်ဘဏ္ဍာရေးနှစ်ကုန်ဆုံးချိန်တွင် ဂျပန်နိုင်ငံ၏ ပြည်ပကားတင်ပို့ရောင်းချမှုမှာ ကားစီးရေ ၁၀ ဒသမ ၉၃သန်းရှိခဲ့ကြောင်း၊ သို့ရာတွင် ထိုဘဏ္ဍာရေးနှစ်၌ ဂျပန်နိုင်ငံ၏ ကားထုတ်လုပ်မှုမှာ ကားစီးရေ ၁၀ ဒသမ ၈၉ သန်းသာထုတ်လုပ်ခဲ့ကြောင်း ဂျပန်ကားထုတ်လုပ်ရေးအသင်းက ဇူလိုင် ၃၁ ရက်၌ ပြောကြားခဲ့သည်။

**(အင်တာနက်)**

# တရုတ်အလယ်ပိုင်းတွင် ဓာတ်ငွေ့ပေါက်ကွဲမှုဖြစ်ပွား

**ကျန်ကျိ ဩဂုတ် ၁**

တရုတ်နိုင်ငံအလယ်ပိုင်း ဟီနန်ပြည်နယ်တွင် မြေအောက်မိုင်းတွင်းတစ်ခု၌ ဓာတ်ငွေ့ပေါက်ကွဲမှုတစ်ရပ်ဖြစ်ပွားရာ အလုပ်သမားရှစ်ဦး မြေအောက်ပိတ်မိခဲ့ကြောင်း ကယ်ဆယ်ရေးသမားများက ဇူလိုင် ၃၀ရက်၌ ပြောကြားသည်။

ဖြစ်ပွားမှုမှာ ဟီနန်ပြည်နယ် လောယန်မြို့ မန်ဂျင်အရပ်ရှိ မန်ဂျင်ကျောက်မီးသွေးတွင်း၌ ဇူလိုင် ၂၉ရက် နံနက်ပိုင်း ၇နာရီ ၄၅မိနစ်ခန့်က ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။ ပိတ်မိခဲ့သော အလုပ်သမားရှစ်ဦးမှာ မြေအောက် ၇၆၅ ဒသမ ၅မီတာအနက်တွင် အလုပ်လုပ်နေကြသူများဖြစ်သည်ဟု ကယ်ဆယ်ရေးသမားများက ပြောကြားသည်။

ယခုအခါ ကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ ၎င်းကျောက်မီးသွေးတွင်း လုပ်သားများသည် တရုတ်နိုင်ငံ အရှေ့မြောက်ပိုင်း ဂျီစီမြို့ရှိ ဂျီစီမိုင်းအုပ်ချုပ်ရေး လုပ်ငန်းအောက်မှ အင်ဂျင်နီယာနှင့် ဆောက်လုပ်ရေးလုပ်ငန်းများ လုပ်ကိုင်သော အမှတ် (၉) ဒရီလ်လင်းမိုင်းကုမ္ပဏီမှ ဝန်ထမ်းများဖြစ်သည်။

**အမ်အင်အေ၊ဆင်ဟွာ**




# လက်ဘနွန်၌ အပစ်အခတ်ရပ်စဲရေး လုံခြုံရေးကောင်စီဖိအားပေးရန် ကိုဖီအန်နန် တိုက်တွန်း

ကုလသမဂ္ဂ ဩဂုတ် ၁

**ကလေးသူငယ်အများဆုံး ပါဝင်သည့်အရပ်သား ၅၄ ဦးထက်မနည်း သေဆုံးရသော လက်ဘနွန်ကျေးရွာ ကာနာကို အစ္စရေးတို့ တနင်္ဂနွေနေ့က တိုက်ခိုက်ခြင်းအပေါ် အပြင်းထန်ဆုံး အသုံးအနှုန်းဖြင့် ပြစ်တင်ရှုတ်ချလိုက်ကြောင်း ကုလသမဂ္ဂအတွင်းရေးမှူးချုပ် ကိုဖီအန်နန်က ကုလသမဂ္ဂ ဌာနချုပ်တွင် ဇူလိုင် ၃၀ ရက်ကပြောကြားလိုက်သည်။**

အပစ်အခတ်များ ချက်ချင်းရပ်ရန် စောစောပိုင်းက တိုက်တွန်းချက်များကို အလေးမထားဘဲ အပြစ်မဲ့ပြည်သူများ ဆက်လက်သေဆုံးနေရခြင်းနှင့် အပြစ်မဲ့အရပ်သားများ ဆက်လက်နစ်နာဆုံးရှုံးနေရခြင်းနှင့်ပတ်သက်၍ မိမိများစွာ တုန်လှုပ်ချောက်ချားမိကြောင်းဖြင့် လက်ဘနွန်ဆိုင်ရာ ကုလသမဂ္ဂလုံခြုံရေးကောင်စီ အရေးပေါ်အစည်းအဝေးတွင် ကိုဖီအန်နန်က ပြောဆိုသည်။

**မေတ္တာရပ်ခံ**

အပစ်အခတ် ချက်ချင်းရပ်ရန် ကုလသမဂ္ဂအတွင်းရေးမှူးချုပ် ကိုဖီအန်နန်က ထပ်မံတိုက်တွန်းလိုက်ပြီး လုံခြုံရေးကောင်စီအနေဖြင့် အလားတူတိုက်တွန်းရန်လည်း မေတ္တာရပ်ခံလိုက်သည်။

**လက်တွဲအကောင်အထည်ဖော်**

ယခုကဲ့သို့ ဖြစ်လာချိန်တွင် လက်ဘနွန်အစိုးရ အင်အားတောင့်တင်းရေး၊ ပြည်သူ့စစ်အားလုံးကို လက်နက်ဖျက်သိမ်းရေး၊ ကုလသမဂ္ဂလုံခြုံရေးကောင်စီ၏ ဆုံးဖြတ်ချက် အမှတ် ၁၅၅၉ နှင့် ၁၆၈၀ အပါ လုံခြုံရေးကောင်စီ ဆုံးဖြတ်ချက် အားလုံး အကောင်အထည်ဖော်ရေး စသည့် ရေရှည် တည်တံ့မည့် ဖြေရှင်းမှုနှင့် ရှည်ကြာမည့် အပစ်အခတ်ရပ်စဲရေး အတွက် လိုအပ်သော နိုင်ငံရေး အခြေခံတစ်ရပ်ကို မိမိတို့ လက်တွဲ အကောင်အထည်ဖော်နိုင်ကြောင်းကို ကိုဖီအန်နန်က ထည့်သွင်း ပြောဆိုသည်။

**အာမခံ**

လက်ဘနွန်အစိုးရအား ကျောထောက်နောက်ခံပြုရန် တည်ငြိမ်မှုထိန်းသိမ်းရေးတပ်ဖွဲ့ ဖြန့်ကြက်ရေး၊ သက်ဆိုင်ရာပါတီအဖွဲ့အစည်းအားလုံးနှင့် လက်တွဲဆောင်ရွက်မည်ဖြစ်ကြောင်း ကုလသမဂ္ဂအတွင်းရေးမှူးချုပ်က အာမခံပြောကြားလိုက်သည်။

**အစဖော်**

လက်ဘနွန်နိုင်ငံ ကာနာကျေးရွာမှ ဝမ်းနည်းဖွယ်ဖြစ်ရပ်က ထိုကျေးရွာ၌ပင် လွန်ခဲ့သည့်ဆယ်နှစ်က ခိုလှုံကြသည့်လူ ၁၀၀ ကျော်သေဆုံးခဲ့ရမှုကို နိုင်ငံတကာ အသိုင်းအဝိုင်းက ပြန်လည်သတိရအောင် အစဖော်ပေးလိုက်ကြောင်း ကိုဖီအန်နန်က ပြောကြားသည်။

နှစ်ဖက်စလုံးသည် နိုင်ငံတကာလူသားချင်းစာနာထောက်ထားရေး ဥပဒေကို ချိုးဖောက်ကြောင်း အထောက်အထားများ ရှိကြောင်း၊ ဤအရေးတွင် နှစ်ဖက်စလုံးမှာ တာဝန်ရှိသည်ကို ဖော်ပြောရန်အရေးကြီးကြောင်း ကုလသမဂ္ဂအတွင်းရေးမှူးချုပ် ကိုဖီအန်နန်က ပြောဆိုသည်။

**အမ်အင်အေ၊ဆင်ဟွာ**

# အမေရိကန်၌လေယာဉ်ငယ်တစ်စင်းပျက်ကျ

**ဝါရှင်တန် ဩဂုတ် ၁**

အမေရိကန်နိုင်ငံ အနောက်အလယ်ပိုင်းတွင် လေယာဉ်ငယ်တစ်စင်း ဇူလိုင်၂၉ရက်က ပျက်ကျခဲ့ရာ လေယာဉ်ပေါ်တွင် လိုက်ပါလာသူ လူလေးဦး သေဆုံးခဲ့ရသည်ဟု စီအင်န်အင်န်သတင်းဌာနက ထုတ်ပြန်သည်။

အဆိုပါ လေယာဉ်သည် တယ်လီဖုန်းကြိုးတစ်ခုနှင့်တိုက်မိပြီး မြေပြင်သို့ ပျက်ကျခဲ့ခြင်းဖြစ်သည်။ ထိုလေယာဉ်ငယ်သည် မစ်ဆူရီအရှေ့ဘက် ဆူလီဗင် လေဆိပ်မှ ပျံတက်ပြီး မကြာမီ ပျက်ကျခဲ့ခြင်းဖြစ်သည်။

ထိုလေယာဉ်သည် ဆူလီဗင် အခြေစိုက်ကုမ္ပဏီတစ်ခုမှ လေထီးခုန်သမားများကို တင်ဆောင်လာခြင်းဖြစ်ပြီး လေယာဉ်ပေါ်တွင် လူရှစ်ဦးပါရှိသည်ဟု ဒေသဆိုင်ရာရဲတပ်ဖွဲ့က ပြောကြားသည်။ **အမ်အင်အေ၊ဆင်ဟွာ**

# အာဖရိကမှ ဆရာဝန်၊ အင်ဂျင်နီယာနှင့် သူနာပြုများ ပြည်ပသို့ သွားရောက်အလုပ်လုပ်ကိုင်သူများလာ

တာမာလီ ဩဂုတ် ၁

**အာဖရိကမှ ဆေးဘက်ဆိုင်ရာ ကျွမ်းကျင်သူများဖြစ်သော ဆရာဝန်များနှင့် သူနာပြုများသည် ဖွံ့ဖြိုးပြီးနိုင်ငံများသို့ သွားရောက်အလုပ်လုပ်ကိုင်မှု များပြားနေခြင်းကြောင့် အာဖရိကတိုက်၏ ကလေးငယ်များသေဆုံးမှု လျော့ကျရေးလုပ်ငန်းတွင် ထိခိုက်မှုများရှိနေရကြောင်း ကုလသမဂ္ဂကလေးများ ရန်ပုံငွေအဖွဲ့က ပြောကြားလိုက်သည်။**

**ဖော်ပြ**

အာဖရိက ဆာဟာရဒေသခွဲ၊ အာဖရိကအလယ်ပိုင်းနှင့် အနောက်ပိုင်းတို့တွင် ကလေးငယ်များ သေဆုံးမှုမှာ ဆိုးဆိုးရွားရွားမြင့်မားလျက်ရှိရာ ကလေးငယ် ၁၀၀၀ မွေးဖွားတိုင်း ၂၅၀ခန့် သေဆုံးရလျက်ရှိသည်ဟု မှတ်တမ်းများ၌ ဖော်ပြသည်။

**လိုအပ်**

ထိုသို့ ဦးနှောက်ယိုစီးမှုပြဿနာမှာ ချမ်းသာသောနိုင်ငံများက ဆင်းရဲသောနိုင်ငံများထံမှ လုယက်ခြင်းဖြစ်သည်ဟု အာဖရိကအရာရှိအချို့က စွပ်စွဲထားလျက်ရှိရာ ပြဿနာကို ဖြေရှင်းရန်အတွက် ဆင်းရဲသော နိုင်ငံများအနေဖြင့် အခွင့်အရေးပိုမို လိုအပ်လျက်ရှိကြောင်း ယူနီဆက်ဖ်မှ စီမံအုပ်ချုပ်မှု ညွှန်ကြားရေးမှူး အန်ဗီနီမင်က ပြောကြားသည်။

**ကြုံတွေ့**

မိမိအနေဖြင့် အာဖရိက တစ်ဝန်း ခရီးလှည့်ခဲ့ရာတွင် ယခုပြဿနာကို ကြုံတွေ့ခဲ့ရကြောင်း၊ အမေရိကန်နှင့် ဥရောပနိုင်ငံများသို့ လည်းကောင်း၊ အခြားလစာကောင်းသော နိုင်ငံများသို့လည်းကောင်း ဆေးဘက်ဆိုင်ရာ ကျွမ်းကျင်သူများ သွားရောက်လုပ်ကိုင်နေကြကြောင်း ဂါနာနိုင်ငံသို့ ရောက်ရှိစဉ် အန်ဗီနီမင်က ပြောကြားသည်။

**သွားရောက်လုပ်ကိုင်**

ထိုသို့ကျွမ်းကျင်သူများ ပြည်ပသွားရောက်လုပ်ကိုင်မှု များပြားလာခြင်းကို မည်သို့ရပ်တန့်အောင် လုပ်ဆောင်ရမည်ကို မိမိမသိကြောင်းလည်း ၎င်းက ဆက်လက်ပြောကြားသည်။ အာဖရိကမှ ဆရာဝန်၊ သူနာပြုကျောင်းဆရာနှင့် အင်ဂျင်နီယာများသည် တစ်နှစ်လျှင် ၂၀၀၀၀ခန့် နှစ်စဉ်ပြည်ပသို့ သွားရောက် လုပ်ကိုင်လျက်ရှိသည်ဟု သိရသည်။

**အမ်အင်အေ၊ရိုက်တာ**

# ကမ္ဘာတစ်လွှား ထူးထူးခြားခြား

## ကမ္ဘာ့အမြင့်ဆုံး စက်ဘီးစီးသူ

**ကမ္ဘာပေါ်တွင် အမြင့်ဆုံးစက်ဘီးကို စီးပြနေသူတစ်ဦးအား တွေ့ရစဉ်။** (ယာပုံ)



ဂျော်ဒန်နိုင်ငံ အမ္မာန်မြို့တွင် ဆမ်အီဘရာဟမ်အမည်ရှိ အမျိုးသားတစ်ဦးက အမြင့် ၄၅ပေရှိသော တစ်ဘီးတပ်စက်ဘီးပေါ်တွင် စီးနင်းပြကာ ကမ္ဘာပေါ်တွင် စက်ဘီးအမြင့်ဆုံး စီးနင်းသူ တစ်ဦးဖြစ်ကြောင်း ဂင်းနက်စ်မှတ်တမ်းတင်နိုင်ခဲ့သည်။

**(အင်တာနက်)**



## သတို့သမီး သတို့သားပုံပါ လက်ထပ်ကိတ်မုန့်

**သတို့သား သတို့သမီးပုံစံ ပြုလုပ်ထားသော ကိတ်မုန့်တစ်ခုကို တွေ့ရစဉ်။** (ဝဲပုံ)

အဆိုပါ ကိတ်မုန့်ကို လော့စ်အိန်ဂျလိစ်မြို့၌ ပြုလုပ်ပြသထားခြင်းဖြစ်ပြီး အနာဂတ်ကာလတွင် ထူးထူးခြားခြား လက်ထပ်လိုသူ မောင်နှံများအတွက် အထူးတီထွင် ပြုလုပ်ထားသော ကိတ်မုန့်ဖြစ်သည်။

**(အင်တာနက်)**





ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမြဦး မြန်မာနိုင်ငံ ကျန်းမာရေးစောင့်ရှောက်မှုတွင် ပြည်တွင်းလူမှုရေးအသင်းအဖွဲ့များ၏ အခန်းကဏ္ဍ တိုးမြှင့်ဆောင်ရွက်ရေးနှင့် စပ်လျဉ်း၍ ဆွေးနွေးမှာကြားစဉ်။ (သတင်းစဉ်)

# မြန်မာနိုင်ငံ ကျန်းမာရေး စောင့်ရှောက်မှု ပြည်တွင်းလူမှုရေးအဖွဲ့အစည်းများအခန်းကဏ္ဍ တိုးမြှင့်ဆောင်ရွက်ရေး ဆွေးနွေးပွဲကျင်းပ

ရန်ကုန် ဩဂုတ် ၁

**မြန်မာနိုင်ငံ ကျန်းမာရေးစောင့်ရှောက်မှုတွင် ပြည်တွင်းလူမှုရေး အဖွဲ့အစည်းများ၏ အခန်းကဏ္ဍ တိုးမြှင့်ဆောင်ရွက်ရေးဆွေးနွေးပွဲကို ယနေ့မွန်းလွဲ ၁ နာရီတွင် ရန်ကုန်မြို့ ဗဟန်းမြို့နယ် သံလွင်လမ်းရှိ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။**

**တက်ရောက်**

ဆွေးနွေးပွဲသို့ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမြဦး၊ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် ဥက္ကဋ္ဌ ဒေါ်သန်းသန်းနွဲ့၊ မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်ခင်ခင်ဝင်း၊ ဒုတိယဥက္ကဋ္ဌများနှင့် ဗဟိုအလုပ်အမှုဆောင်များ၊ ရန်ကုန်တိုင်း အမျိုးသမီးရေးရာအဖွဲ့နာယကနှင့် အဖွဲ့ဝင်များ၊ ရန်ကုန်တိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းတာဝန်ခံ ဦးမောင်ပါ၊ ကျန်းမာရေးဝန်ကြီးဌာနမှ ဌာနဆိုင်ရာ အကြီးအကဲများ၊ မြန်မာနိုင်ငံ ကြက်ခြေနီအသင်းဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ၊ ပြည်နယ်နှင့်တိုင်းများမှ ကျန်းမာရေးမှူးများ၊ ရန်ကုန်တိုင်းအတွင်းရှိ ခရိုင်နှင့်မြို့နယ်များမှ အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

**ဆွေးနွေးမှာကြား**

ဆွေးနွေးပွဲတွင် ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမြဦးက မြန်မာနိုင်ငံ ကျန်းမာရေးစောင့်ရှောက်မှုတွင် ပြည်တွင်းလူမှုရေးအဖွဲ့အစည်းများ၏အခန်းကဏ္ဍတိုးမြှင့်ဆောင်ရွက်ရေးနှင့်စပ်လျဉ်း၍ ဆွေးနွေးမှာကြားပြီး ဆွေးနွေးပွဲကို ရုပ်သိမ်းလိုက်သည်။ **(သတင်းစဉ်)**

# စန္ဒကူးနံ့သာကျောင်းတော်ရာဘုရား ဘုရားငါးများရောက်ရှိ ဘုရားဖူးများ အစာကျွေးနိုင်ပြီ

**ရန်ကုန် ဩဂုတ် ၁**

မကွေးတိုင်း မင်းဘူးခရိုင် ပွင့်ဖြူမြို့နယ် ကျောင်းတော်ရာ မြို့သစ်ရှိ သာသနာ့သမိုင်းဝင် စန္ဒကူးနံ့သာကျောင်းတော်ရာဘုရား၌ ဝါထပ်မထပ်ကို သိရှိသည့်အပြင် အသက်လွတ်အစာများကိုသာ စားသုံးကြသော ထူးဆန်းသော ဘုရားငါးများ ရောက်ရှိနေပြီဖြစ်ရာ ဘုရားဖူး၍ ငါးစာကျွေးကြွရောက်ကြရန် ဂေါပကအဖွဲ့က ဖိတ်ကြားနှိုးဆော်ထားသည်။

ဘုရားဖူးများအဆင်ပြေကြစေရန်အတွက် ရေမီးအစုံဖြင့် ညအိပ်ဆောင်တိုက်ခန်းများလည်း စီစဉ်ထားကြောင်း သိရသည်။ **(မြန်မာ့အလင်း)**

# သတ္တမအကြိမ် အကြီးတန်းနည်းပညာ မန်နေဂျာများ အစည်းအဝေးဖွင့်

**ရန်ကုန် ဩဂုတ် ၁**

အရှေ့အာရှ အက်စစ်ဖြစ်ထွန်းမှု စောင့်ကြည့်ရေးဗဟိုဌာန (EANET)၏ ဗဟိုကွန်ရက်ဖြစ်သည့် အက်စစ်ဖြစ်ထွန်းမှုနှင့် အောက်ဆီဂျင်ပါဝင်မှုဆိုင်ရာ သုတေသန ဗဟိုဌာန (ADORC) က ပံ့ပိုးကူညီမှု၊ စီစဉ်ဆောင်ရွက်မှုဖြင့် မြန်မာနိုင်ငံ မိုးလေဝသနှင့် ဇလဗေဒ ညွှန်ကြားမှု ဦးစီးဌာန (DMH)၏ ပူးပေါင်းတာဝန်ယူကျင်းပသော သတ္တမအကြိမ် အကြီးတန်း နည်းပညာ မန်နေဂျာများ၏ အစည်းအဝေး ဖွင့်ပွဲ အခမ်းအနားကို ယနေ့နံနက် ၉ နာရီက ရန်ကုန်မြို့ ကမ္ဘာအေးဘုရားလမ်းရှိ ဆီဒိုးနားဟိုတယ်၌ ကျင်းပသည်။

**အဖွင့်အမှာစကားပြော**

ဖွင့်ပွဲအခမ်းအနားတွင် ပို့ဆောင်ရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးကြီး ဉာဏ်ထွန်းအောင် တက်ရောက် အဖွင့်မိန့်ခွန်း ပြောကြား၍ EANET အတွင်းရေးမှူးရုံးမှ Ms. Adelaida B. Roman **(ယာပုံ)**က အဖွင့်အမှာစကား ပြောကြားပြီး ADORC ၏ ညွှန်ကြားရေးမှူးချုပ် Dr. Hiromasa Ueda က အကြီးတန်း နည်းပညာ မန်နေဂျာများ၏ အစည်းအဝေးနှင့် သက်ဆိုင်သော အကြောင်းအရာများကို တင်ပြသည်။

အခမ်းအနားသို့ ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ ဂျပန်နိုင်ငံနှင့် ကိုရီးယားသမ္မတနိုင်ငံ သံရုံးများမှ တာဝန်ရှိ ပုဂ္ဂိုလ်များ၊ ရန်ကုန်မြို့ရှိ ကုလသမဂ္ဂဖွံ့ဖြိုးမှုအစီအစဉ်မှ တာဝန်ရှိ ပုဂ္ဂိုလ်၊ ပို့ဆောင်ရေးဝန်ကြီးဌာန အောက်ရှိ ဦးစီးဌာန၊လုပ်ငန်း၊ ကျောင်း၊ တက္ကသိုလ်များမှ ဌာနဆိုင်ရာ အကြီးအကဲများ၊ အခြားဌာနဆိုင်ရာ အကြီးအကဲများနှင့် ဖိတ်ကြားထားသည့် ဧည့်သည်တော်များ တက်ရောက်ကြသည်။



**တက်ရောက်**

အဆိုပါ အစည်းအဝေးသို့ ဂျပန်နိုင်ငံ အက်စစ်ဖြစ်ထွန်းမှုနှင့် အောက်ဆီဂျင် ဖြစ်ထွန်းမှုဆိုင်ရာ သုတေသန ဗဟိုဌာန(ADORC)နှင့် အရှေ့အာရှ အက်စစ်ဖြစ်ထွန်းမှု စောင့်ကြည့်ရေး ဗဟိုဌာန(EANET)တို့မှ ပညာရှင် ၁၀ဦးနှင့် မြန်မာနိုင်ငံ အပါအဝင် ကမ္ဘောဒီးယားနိုင်ငံ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ လာအိုဒီမိုကရက်တစ်သမ္မတနိုင်ငံ၊ မလေးရှားနိုင်ငံ၊ မွန်ဂိုလီးယားနိုင်ငံ၊ နော်ဝေးနိုင်ငံ၊ ဖိလစ်ပိုင်သမ္မတနိုင်ငံ၊ ရုရှားဖက်ဒရေးရှင်းနိုင်ငံ၊ ထိုင်းနိုင်ငံနှင့် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံတို့မှ ကိုယ်စားလှယ် ၄၀ခန့် တက်ရောက်ကြသည်။

အစည်းအဝေးတွင် ၂၀၀၅ ခုနှစ်အတွင်း EANETနှင့် သက်ဆိုင်သည့် လေထုနှင့် ရေထုညစ်ညမ်းမှုဆိုင်ရာ သိပ္ပံနှင့်နည်းပညာ ဖြစ်ပေါ်တိုးတက်မှုများကို ပြန်လည်စိစစ်သုံးသပ်ပြီးနောက် အနာဂတ်ကာလ၌ EANET ၏ တိုင်းထွာမှုနည်းလမ်းများ အဆင့်မြှင့် ဖွံ့ဖြိုးတိုးတက်ရေးကို အဓိကထား ဆွေးနွေးညှိနှိုင်းကြမည်ဖြစ်သည်။

ယနေ့ အစည်းအဝေးတွင် သဘာပတိအဖြစ် မိုးလေဝသနှင့် ဇလဗေဒ ညွှန်ကြားမှု ဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဦးထွန်းလွင်က တာဝန်ယူဆောင်ရွက်ပြီး အစည်းအဝေးကို ဩဂုတ် ၃ ရက်အထိ ကျင်းပသွားမည်ဖြစ်သည်။

**(သတင်းစဉ်)**

# ကလေးများအား အိတ်ချ်အိုင်ဗွီမှ ပိုမိုကာကွယ်ပေးသင့် ကမ္ဘာပေါ်တွင် ကလေးနှစ်သန်းကျော် အိတ်ချ်အိုင်ဗွီဖြစ်ပွားနေ

**အစိုးရများနှင့် နိုင်ငံတကာ အကူအညီပေးရေး အေဂျင်စီများသည် ကလေးငယ်များအား အိတ်ချ်အိုင်ဗွီ ရောဂါကို ပိုမိုကာကွယ်ပေးသင့်ကြောင်း နိုင်ငံတကာ အိတ်ချ်အိုင်ဗွီ တိုက်ဖျက်ရေးအဖွဲ့က ပြောကြားသည်။**

**ကမ္ဘာ့အဆင်းရဲဆုံး နိုင်ငံများရှိ ကလေးငယ် သန်းပေါင်းများစွာတို့သည် အသုံးချခံရခြင်းနှင့် ဥပဒေစည်းကမ်းမဲ့မှုများကြောင့် အိတ်ချ်အိုင်ဗွီ ကူးစက်ခံရမည့် အနေအထားရှိနေကြောင်း အဆိုပါအဖွဲ့က သတိပေးချက်အစီရင်ခံစာတစ်ရပ် ထုတ်ပြန်လိုက်သည်။**

**ယင်းအစီရင်ခံစာတွင် တစ်နေ့လျှင် ကလေး ၁၈၀၀ နှုန်းဖြင့် အိတ်ချ်အိုင်ဗွီကူးစက်ခံနေရသည်ဟု ခန့်မှန်းဖော်ပြထားသည်။**

**လူငယ်အများအပြားသည် လိင်မှုကိစ္စဖြင့် အိတ်ချ်အိုင်ဗွီမှ ကင်းဝေးအောင် ရှောင်ကြဉ်မှု အားနည်းပြီး ဘေးကင်းရေး နည်းလမ်းကို မရွေးချယ်ကြကြောင်း ယူနီဆက်က ထုတ်ပြန်သော အဆိုပါအစီရင်ခံချက်၌ ဖော်ပြထားသည်။**

ထုတ်ပြန်

**အဆိုပါအစီရင်ခံစာကို တိုရွန်တိုမြို့၌ ယခုနှစ်၏ နိုင်ငံတကာဆိုင်ရာ အေအိုင်ဒီအက်စ်ကွန်ဖရင့် မကျင်းပမီ နှစ်ပတ်အလိုတွင် ယခုကဲ့သို့ ထုတ်ပြန်လိုက်ခြင်းဖြစ်သည်။**

**ယင်းအစီရင်ခံစာအရ ကမ္ဘာပေါ်တွင် အသက် ၁၅နှစ်အောက်ရှိ ကလေး ၂ ဒသမ ၃ သန်းမှာ အိတ်ချ်အိုင်ဗွီ ကူးစက်ခံနေရကြောင်း၊ အများစုမှာ ပြုစုစောင့်ရှောက်မှုနှင့် ကုသမှုမရှိဘဲ ဖြစ်နေကြောင်း ဖော်ပြထားသည်။**

ဖော်ပြပါရှိ

**၂၀၁၀ ပြည့်နှစ်တွင် ကလေးငယ် ၂၄ သန်းခန့် အေအိုင်ဒီအက်စ်ရောဂါကြောင့် မိဘများ သေဆုံးသွားသဖြင့် မိဘမဲ့ဖြစ်လာနိုင်ကြောင်းလည်း ၎င်းအစီရင်ခံချက်၌ ဖော်ပြပါရှိသည်။**

(ကိုးကား-အင်တာနက်)



**အင်တာနက် သတင်းနှင့် ဓာတ်ပုံ**

# AIDS ရောဂါ တားဆီးကာကွယ်ရေး နှိုးဆော်ချက် (၁)

AIDS ရောဂါသည် HIV ဗိုင်းရပ်စ်ပိုးကူးစက်ခံရမှုကြောင့် ဖြစ်ပွားသည်။ HIV ပိုးရှိသူ အများစုတွင် နှစ်အတန်ကြာ မည်သည့်လက္ခဏာမျှမပြသေးဘဲ ရှိပါသည်။ သို့ဖြစ်၍ ကာယကံရှင်ကိုယ်တိုင် မိမိတွင် HIV ပိုးရှိမှန်း မသိလိုက်ဘဲ အခြားသူများကို ကူးစက်သွားစေနိုင်ပါသည်။ ထိုသို့ကူးစက်ရာတွင် အောက်ပါနည်းလမ်းများဖြင့် ကူးစက်ပြန့်ပွားစေနိုင်ပါသည်။

**ကူးစက်နည်းများ**

(၁) ရောဂါပိုးရှိနေသူနှင့် အကာအကွယ်မပါဘဲ လိင်ဆက်ဆံခြင်း၊
(၂) ရောဂါပိုးရှိသူသုံးစွဲထားသည့် ဆေးထိုးအပ်/ပြွန်များ ခန္ဓာကိုယ်တွင်း ထိုးဖောက်သည့်ကိရိယာများအသုံးပြု၍ ဆေးထိုးခံခြင်း၊ ဆေးမင်ကြောင်ထိုးခြင်း၊ အပ်စိုက်ခြင်း၊
(၃) ရောဂါပိုးပါသောသွေးနှင့် သွေးပစ္စည်းများသွင်းမိခြင်း၊
(၄) ရောဂါပိုးရှိသော ကိုယ်ဝန်ဆောင်မိခင်မှ သန္ဓေသားသို့ ကူးစက်ခြင်း၊

**ကာကွယ်နည်းများ**

ရောဂါကာကွယ်ရန် ဆေးမရှိသေးပါ။ အကောင်းဆုံးကာကွယ်နည်းမှာ မိမိတို့၏ အပြုအမူများကို ဆင်ခြင်နေထိုင်ခြင်းဖြစ်ပါသည်။ ထို့အပြင် အောက်ပါအချက်များကို လိုက်နာကျင့်သုံးရန် လိုပါသည်။

(၁) လိင်အပျော်အပါးလိုက်စားခြင်းနှင့် နောက်ကြောင်းရာဇဝင်အပြုအမူများကို သေသေချာချာ မသိသောသူနှင့် လိင်ဆက်ဆံခြင်းကို ရှောင်ကြဉ်ပါ။ မရှောင်ကြဉ်နိုင်ပါက ကွန်ဒုံးသုံးပါ။
(၂) အိမ်ထောင်ရှင်များ အပြန်အလှန် သစ္စာရှိစွာဖြင့် တစ်လင်တစ်မယားစနစ်ကို ကျင့်သုံးပါ။
(၃) မူးယစ်ဆေးဝါးသုံးစွဲခြင်းကို ရှောင်ကြဉ်ပါ။
(၄) ဆေးထိုးရန်လိုအပ်ပါက တစ်ခါသုံးဆေးထိုးအပ်/ပြွန်ကို အသုံးပြုပါ။
(၅) ရောဂါပိုးကင်းစင်အောင် ပြုလုပ်မထားသည့် ပစ္စည်းကိရိယာများကို အသုံးပြု၍ ဆေးမှင်ကြောင်ထိုးခံခြင်း၊ အပ်စိုက်ခံခြင်းတို့ကို ရှောင်ကြဉ်ပါ။
(၆) ရောဂါပိုးရှိသော ကိုယ်ဝန်ဆောင်မိခင်များသည် သန္ဓေသားသို့ကူးစက်မှုကို လျှော့ချကာကွယ်ရန်၊ ဆေးရုံ၊ ဆေးခန်းများတွင် ကုသမှုခံယူပါ။

**ကျန်းမာရေးဝန်ကြီးဌာန**

# တိုးတက်သောနိုင်ငံတိုင်းတွင် စာကြည့်တိုက်များ၏အခန်းကဏ္ဍကြီးမား
# စာပေမှရသောအသိပညာသည် ပြည်သူတို့အတွက်အလွန်အဖိုးတန်

တွေ့ဆုံမေးမြန်းသူ-မောင်မောင်မြင့်ဆွေ၊ ဓာတ်ပုံ-တင်စိုး(မြန်မာ့အလင်း)

**ရန်ကုန် ဩဂုတ် ၁**

စာပေမှရသော အသိပညာသည် လွန်စွာအဖိုးတန်သည်။ လူ့ဘဝတစ်လျှောက်အမှန်၊အမှားခွဲခြားနိုင်အောင်၊ ပြဿနာအခက်အခဲများကို ကျော်လွှားဖြေရှင်းနိုင်အောင်လည်း ကြီးမားသော အထောက်အကူကိုပေးသည်။ လူတစ်ဦး၊ မိသားတစ်စု၊ ရပ်ကွက်၊ မြို့ရွာမှသည် နိုင်ငံတစ်နိုင်ငံ ဖွံ့ဖြိုးတိုးတက်ရေးအတွက်လည်း စာအုပ်၊ စာပေမှရသော အသိပညာများက ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်ပေသည်။



**"စာအုပ်၊ စာပေတွေ မပျောက်ပျက်အောင် အသိစိတ်နဲ့ ပူးပေါင်းဆောင်ရွက်သွားမယ်ဆိုရင် ရေရှည်တည်တံ့တဲ့ စာကြည့်တိုက်တွေဖြစ်လာမှာပါ"**

စာရေးဆရာကြီး ပါရဂူ

ဓာတ်ပုံ-တင်စိုး (မြန်မာ့အလင်း)

ထို့ကြောင့် မြန်မာနိုင်ငံတစ်ဝန်းတွင် ပြည်သူတစ်ရပ်လုံး စာပေမှရသော အသိပညာ တိုးတက်ဖွံ့ဖြိုးစေရန်အတွက် ကျေးလက်စာကြည့်တိုက်များကို စနစ်တကျ အကောင်အထည်ဖော်ခဲ့ရာ ကိုယ့်အားကိုယ်ကိုး ကျေးရွာစာကြည့်တိုက်များ ထူထောင်ပေးနိုင်ခဲ့သည်ကို အားရဖွယ် တွေ့မြင်နေရပြီဖြစ်သည်။



**ရှန်တိနိကေတန်စာကြည့်တိုက်သို့ လှူဒါန်းထားသော စာအုပ်များကို ဤသို့တွေ့ရသည်။** ဓာတ်ပုံ-တင်စိုး(မြန်မာ့အလင်း)

ထိုသို့စာကြည့်တိုက်များ ထူထောင်မှုအပေါ် ကိုယ်တိုင်လည်း စာကြည့်တိုက် ထူထောင်ကာ ပြည်သူတို့၏ အသိပညာဉာဏ်အလင်းကို ဖွင့်ပေးနေသူ စာပေပညာရှင်ကြီး ပါရဂူနှင့် မြန်မာ့အလင်းက တွေ့ဆုံမေးမြန်းခဲ့မှုများကို ဖော်ပြလိုက်ပါသည်။

မြန်မာနိုင်ငံတစ်ဝန်း ကျေးရွာစာကြည့်တိုက်များ ထူထောင်ပေးခဲ့မှုအပေါ် ဆရာကြီး ပါရဂူ၏အမြင်ကို မေးမြန်းရာ ပါရဂူက "သိပ်ကောင်းတဲ့လုပ်ရပ်ပါ။ ကျွန်တော်တို့က ဝမ်းပန်းတသာကြိုဆိုသလို နှစ်ထောင်းအားရလည်းဖြစ်ရတယ်။ ဘာဖြစ်လို့လဲဆိုတော့ နိုင်ငံတစ်နိုင်ငံဖွံ့ဖြိုးတိုးတက်ဖို့ဆိုတာ ပြည်သူတစ်ရပ်လုံးမှာ အသိပညာရှိဖို့လိုအပ်တယ်။ ဒီလိုအသိပညာကို စာအုပ်၊ စာပေတွေကရနိုင်တယ်။ တချို့က စာအုပ်စာပေလေ့လာချင်တယ်။ အလွယ်တကူမရှိဘူး၊ လက်လှမ်းမမီဘူး၊ တကူးတကလည်း ဝယ်ယူပြီး ဖတ်ရှုဖို့အခြေအနေမပေးဘူး၊ ဒီလိုလူတွေဟာ အများအားဖြင့် ကျေးလက်နေ ပြည်သူတွေမှာရှိနေတယ်။ ဒီလိုအပ်ချက်ကို အခု နိုင်ငံတော်ပိုင်းက ဖြည့်ဆည်းပေးလိုက်တာ နိုင်ငံတော်က စာကြည့်တိုက်ထူထောင်ပေးသလို ရေရှည်တည်တံ့အောင်တော့ စာဖတ်သူတွေ၊ ကျေးလက်ပြည်သူတွေမှာလည်းတာဝန်ရှိတယ်။ စာအုပ်၊ စာပေတွေ မပျောက်ပျက်အောင်၊ ပိုမိုတိုးပွားအောင် အသိစိတ်ဓာတ်နဲ့ ပူးပေါင်းဆောင်ရွက်သွားမယ်ဆိုရင် ရေရှည်တည်တံ့တဲ့ စာကြည့်တိုက်တွေဖြစ်လာမှာပါ"ဟုလည်း ဆက်လက်ပြောကြားသည်။

**အသိစိတ်ဓာတ်ရှိရှိ**

တစ်ဖန်"စာကြည့်တိုက်တွေ အမြဲရှင်သန်အောင်လည်း ကျေးလက်တာဝန်ရှိတဲ့သူတွေက စိတ်ဝင်စားမှုရှိနေရမယ်၊ စာအုပ်တွေ ရသမျှစုရမယ်၊ ကျေးလက်ပြည်သူတွေ စာပေလေ့လာဖတ်ရှုချင်စိတ်ရှိလာအောင် ဆွဲဆောင်နိုင်ရမယ်၊ တတ်နိုင်သမျှ စာပေဟောပြောပွဲတွေ လုပ်ပေးရမယ်။ နိုင်ငံတော်က တာဝန်ကျေအောင်ဆောင်ရွက်ပေးသလို ကျေးလက်မှာ တာဝန်ရှိတဲ့ သူတွေကလည်း အသိစိတ်ဓာတ်ရှိရှိနဲ့ ဆောင်ရွက်ဖို့လိုတယ်။ ဒါမှ ရေရှည်တည်တံ့တဲ့ စာကြည့်တိုက်ဖြစ်လာမှာပေါ့"ဟု ဆရာကြီးပါရဂူက ပြောကြားသည်။



ရှိနေရာ ယင်းနှင့်ပတ်သက်၍လည်း ပါရဂူက "ဒီလိုစာပေကဏ္ဍဖွံ့ဖြိုးတာကောင်းတယ်၊ စာအုပ်၊ စာပေတွေများများထွက်တာဟာ ယနေ့လူငယ်တွေ စာဖတ်အားကောင်းကြတယ်ဆိုတာ ဖော်ပြနေတာပဲ။ စာအုပ်တွေများများထွက်တဲ့အချိန်နဲ့ တစ်နိုင်ငံလုံး ကျေးရွာအနှံ့ စာကြည့်တိုက် ထူထောင်နေတဲ့အချိန် တိုက်ဆိုင်နေတာဟာလည်း ပြည်သူတစ်ရပ်လုံးအတွက် ကံကောင်းတဲ့အချက်ပါပဲ၊ မိမိတို့ဘယ်နေရာမှာနေနေ၊ ဘယ်နေရာမှာခြေချချ စာပေကရတဲ့အသိကြောင့် လူဟာခေတ်မီနေတဲ့ သူတစ်ယောက်ဖြစ်နေမယ်၊ ဆိုတော့ အင်မတန်ဝမ်းသာစရာကောင်းတဲ့အချက်ပါ"ဟု မြန်မာ့အလင်းသို့ ရှင်းပြသည်။

ထို့အပြင် ထူထောင်ပြီးစာကြည့်တိုက်များ ရေရှည်တည်တံ့အောင် ဆောင်ရွက်ရန်လည်း ဆရာပါရဂူက "ဒါသိပ်အရေးကြီးတယ်။ ဒီတာဝန်ကို သက်ဆိုင်ရာကျေးရွာ၊ ရပ်ကွက် တာဝန်ရှိသူတွေ လုပ်ဆောင်ရမယ်၊

မျက်မှောက်ကာလသည် နိုင်ငံတကာ၌ စာအုပ်၊စာပေလွန်စွာထွက်ရှိသော ခေတ်ဖြစ်သည်။ နယ်ပယ်ကဏ္ဍမျိုးစုံမှ စာအုပ်၊စာပေများထွက်ရှိမှုမှာ အံ့သြဖွယ်ကောင်းအောင်ပင်များပြားလှသည်။ ထို့အတူ မြန်မာနိုင်ငံသည်လည်း ယနေ့ခေတ်ကာလ၌ စာအုပ်၊ စာပေ၊ ဂျာနယ်နှင့် ဝတ္ထုများ ယခင်ခေတ်ကာလနှင့်မတူပေါ်များစွာ ထွက်

ဒါကြောင့် စာကြည့်တိုက်တွေမှာ ပြည်သူတွေအနေနဲ့ ရတဲ့အချိန်လေးတွေမှာ စာပေလေ့လာသင့်တယ်၊ စာပေကရတဲ့ အသိဟာ အင်မတန်အဖိုးတန်ပါတယ်"ဟု မြန်မာ့အလင်းသို့ ဆက်လက်ရှင်းပြသည်။

**၂၀၀၅ခုနှစ် နိုဝင်ဘာ ၁၉ရက်က ဆီဆိုင်မြို့နယ် လွယ်ပွတ်ကျေးရွာအုပ်စု တောင်တပ်ကျေးရွာ ကိုယ့်အားကိုယ်ကိုး မျိုးချစ်ကျေးလက်စာကြည့်တိုက်ကို ဆီဆိုင်မြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဦးစိုးညွန့်ရွှေ၊ ဒေသခံကျေးရွာ ခေါင်းဆောင် ဦးခွန်ထွန်းအောင်နှင့် စာကြည့်တိုက်ကော်မတီဝင် ဦးထွက်သူရိယတို့က ဤသို့ဖွင့်လှစ်ပေးခဲ့ကြသည်။** (ဓာတ်ပုံမှတ်တမ်း-မြန်မာ့အလင်း)



စာပေနှင့်ပတ်သက်၍ အားတက်ရွှင်လန်းစွာ ရှင်းပြနေသော ဆရာကြီးပါရဂူမှာ တက်တက်ကြွကြွ ရှိနေသည်။ ဆရာကြီးပါရဂူ၏ "ရှန်တိနိကေတန်"စာကြည့်တိုက်နှင့် ပတ်သက်၍လည်း "အခုရက်ပိုင်းတွေမှာ စာအုပ်လာလှူဒါန်းတဲ့သူတွေများတယ်။ စာအုပ်အမျိုးအစားကတော့ အစုံပဲ၊ အခုဆိုရင်စာကြည့်တိုက်မှာ စာအုပ်တစ်သောင်းခွဲလောက်ရှိနေပြီ။ မကြာခင်မှာပဲ နှစ်နိုင်ငံချစ်ကြည်ရေးအရ ရန်ကုန်မြို့ စင်ထရယ်ဟိုတယ်မှာ ပြုလုပ်တဲ့ ဟိန္ဒီကဗျာရွတ်ပွဲ တက်ရောက်ခဲ့သေးတယ်။မြန်မာ-ဟိန္ဒီစာပေအသင်းနဲ့ အိန္ဒိယသံရုံးက တာဝန်ယူလုပ်တာပါ။ အဲဒီပွဲမှာ တက်ရောက်လာတဲ့ သူတွေကလဲ စာအုပ်တွေလှူဒါန်းမယ့်အစီအစဉ်ရှိပါတယ်။ မိမိစာကြည့်တိုက်အနေနဲ့ အခြားစာကြည့်တိုက်တွေကိုလည်း စာအုပ်စာတမ်းတွေ တတ်နိုင်သလောက် ပြန်လှူဒါန်းပါတယ်။ညီနောင်စာကြည့်တိုက်တွေအဖြစ် ကိုယ်တတ်နိုင်သလောက် စာအုပ်တွေဖြန့်ဝေပေးနေတယ်။ ကျေးရွာစာကြည့်တိုက်တွေအနေနဲ့လည်း စာအုပ်စာတမ်းတွေအနေနဲ့ လိုအပ်ရင်အကူအညီတောင်းနိုင်ပါတယ်။ တတ်နိုင်သလောက် အကူအညီပေးသွားမှာပါ"ဟု မြန်မာ့အလင်းသို့ စိတ်ရှည်လက်ရှည် ရှင်းပြသွားခဲ့သည်။

**ရှမ်းပြည်နယ်(တောင်ပိုင်း) ပင်းတယမြို့နယ် ဖောင်းတောကျေးရွာ ပညာပန်းဝတ်ရည် ကိုယ့်အားကိုယ်ကိုး ကျေးရွာစာကြည့်တိုက်ဖွင့်ပွဲကို ၂၀၀၅ခုနှစ် နိုဝင်ဘာ ၂၆ရက်က စာကြည့်တိုက် အဆောက်အအုံရှေ့၌ ပြုလုပ်ရာ မြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဦးမောင်ကြည်နှင့် ကျေးရွာဥက္ကဋ္ဌ ဦးခွန်ထွန်းကျော်တို့က ဤသို့ တိုင်းရင်းသူများခြံရံ၍ ဖွင့်လှစ်ပေးခဲ့ကြသည်။** (ဓာတ်ပုံမှတ်တမ်း-မြန်မာ့အလင်း)

ယနေ့တိုးတက်နေသော နိုင်ငံများတွင် စာကြည့်တိုက်များ၏ အခန်းကဏ္ဍကြီးမားစွာ တည်ရှိနေချိန်ဖြစ်ရာ နိုင်ငံတိုင်းတွင် ကြီးမားသော စာကြည့်တိုက်များ ထူထောင်ထားရှိသည်။

ယခုအခါ ပြန်ကြားရေးဝန်ကြီးဌာန ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက နိုင်ငံတစ်ဝန်း ကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များ ထူထောင်ထားနိုင်ပြီဖြစ်ရာ နိုင်ငံတော်ကပေးသော စာပေအသိပညာအလင်းရောင်သည် ကျေးလက်နှင့် နယ်စပ်ဒေသများအထိ ဖြန့်ကြက် လွှမ်းခြုံနိုင်နေပြီဖြစ်ကြောင်း ရေးသားတင်ပြလိုက်ရပေသည်။ ။ **(မြန်မာ့အလင်း)**

## ကျေးရွာတိုင်း ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များထူထောင်မို့ ဝိုင်းဝန်းကူညီဆောင်ရွက်စို့

၂၀၀၆ ခုနှစ်၊ ဇွန်လ ၇ ရက်နေ့အထိ နိုင်ငံအဝန်းတွင် ကျေးရွာကိုယ့်အားကိုယ်ကိုးစာကြည့်တိုက် (၅၄၇၀၇) တိုက် ဖွင့်လှစ်ပြီးဖြစ်ပါသည်။

ကျေးလက်နေပြည်သူအများ ပညာဗဟုသုတတိုးပွားစေရန် ကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များအတွက် စာအုပ်များကို ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ ခရိုင်၊မြို့နယ်ရုံးများသို့ လှူဒါန်းနိုင်ကြပါသည်။

**ပြန်ကြားရေးဝန်ကြီးဌာန**
**ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန။**

### ✡ ကျောဖုံးမှ

တိုင်းမှူး၏ ဇနီး ဒေါ်သန်းသန်းနွဲ့၊ တပ်မတော်အရာရှိကြီးများ၊ တိုင်းအဆင့်၊ ခရိုင်အဆင့်၊ မြို့နယ် အဆင့် ဌာနဆိုင်ရာများ၊ လူမှုရေး အသင်းအဖွဲ့များမှတာဝန်ရှိသူများနှင့် စေတနာရှင် အလှူရှင်များ တက်ရောက်ကြသည်။

### ပဓာနကျ

ရှေးဦးစွာရောဝတီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သူရမြင့်အောင်က အမှာစကား ပြောကြားရာတွင် အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီနိုင်ငံတော်သစ် ပေါ်ထွန်းရေးအတွက်ကြိုးပမ်းဆောင်ရွက်နေရာတွင်လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးသည် ပဓာနကျသော အခန်းကဏ္ဍတွင် ပါဝင်နေသည်မှာ အားလုံးအသိပင်ဖြစ်ကြောင်း။

နိုင်ငံတော်အစိုးရအနေဖြင့်လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်လာစေရန် ဘက်ပေါင်းစုံ၊ နည်းပေါင်းစုံနှင့် စီမံဆောင်ရွက်လျက်ရှိကြောင်း၊ ယင်း

**ပိုင်းခြားနိုင်ရေးကိုလည်း လုပ်သွားကြဖို့လိုကြောင်း၊ အထူးသဖြင့် ကျေးလက်ဒေသတွေမှာ နေထိုင်ကြတဲ့ ပြည်သူတွေရဲ့အသိဉာဏ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အသိဉာဏ် ဖွင့်ပေးနိုင်တဲ့ ကျေးလက်စာကြည့်တိုက်တွေ များများ ဖွင့်ပေးဖို့ လိုတယ်လို့”** မိန့်ကြားခဲ့ကြောင်း။

နိုင်ငံတော်အကြီးအကဲ၏လမ်းညွှန်မိန့်ကြားချက်နှင့်အညီ မိမိတို့ ဧရာဝတီတိုင်းသည်လည်း ကျေးလက်နေပြည်သူများ၏ အသိဉာဏ် ဖွံ့ဖြိုးတိုးတက်ရေးကိုရည်ရွယ်ပြီး ကျေးရွာတိုင်းတွင် ကျေးလက်စာကြည့်တိုက်များကို စနစ်တကျ အချိန်နှင့်တစ်ပြေးညီ ဖွဲ့စည်းနိုင်ခဲ့ကြောင်း၊ ထို့ကြောင့်လည်း ဧရာဝတီတိုင်းသည် ယခုဆိုလျှင် တိုင်းလုံးကျွတ် ကျေးလက်စာကြည့်တိုက်များကို ဖွင့်လှစ်ပြီးဖြစ်၍ မင်္ဂလာအပေါင်းနှင့် ပြည့်စုံနေပြီဖြစ်ကြောင်း။

### ဆက်လက်ဆောင်ရွက်

ပြန်ကြားရေးဝန်ကြီးဌာန အနေဖြင့် ကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များကို တစ်နိုင်ငံလုံး

### တန်ပြန်မီဒီယာထိုးစစ်

နိုင်ငံတော်က ဆောင်ရွက်နေသည့် ဒေသဖွံ့ဖြိုးရေး လုပ်ငန်းများနှင့် သတင်းမှန်များကို ပြည်သူအတွင်း ကျယ်ကျယ်ပြန့်ပြန့် သိရှိနိုင်အောင် သတင်းစာများ၊ ဒို့ကျေးရွာဂျာနယ်များကို ကျေးလက်ဒေသများ အထိ ရောက်ရှိအောင် တာဝန်ရှိသူများက ကြိုးပမ်းကြရမှာ ဖြစ်ကြောင်း၊ အနောက်မီဒီယာများ၏ မမှန်မကန်သတင်းများ၊ ကောလာဟလသတင်းများကိုလည်း သတင်းမှန်များနှင့် မြန်မြန် ချေဖျက်သွားကြရမှာဖြစ်ကြောင်း၊ တစ်နည်းအားဖြင့်ပြောရလျှင် မီဒီယာထိုးစစ်ကို တန်ပြန်မီဒီယာထိုးစစ်ဖြင့် ချေမှုန်းကြရမှာဖြစ်ကြောင်း။

ယခုကျင်းပသည့် အခမ်းအနားတွင် လှူဒါန်းကြသည့် ငွေနှင့် မီဒီယာပစ္စည်းများ၊ စာအုပ်စာစောင်များကို ခရိုင် စာကြည့်တိုက် ကြီးကြပ်ရေးကော်မတီများမှတစ်ဆင့် ကျေးလက်စာကြည့်တိုက်များကို ထောက်ပံ့လှူဒါန်းသွားမှာဖြစ်ကြောင်း။

ခရိုင်နှင့်မြို့နယ် စာကြည့်တိုက်ကြီးကြပ်ရေးကော်မတီများကလည်း

## ရွှေနိုင်ငံဂျာနယ် အတွဲ(၅)၊အမှတ်(၆)ထုတ်ဝေဖြန့်ချိ

**ရန်ကုန် ဩဂုတ် ၁**

ရွှေနိုင်ငံဂျာနယ် အတွဲ(၅)၊ အမှတ်(၆)ကို ယနေ့ ထုတ်ဝေဖြန့်ချိလိုက်သည်။**(ယာပုံ)**



အဆိုပါဂျာနယ်တွင် ပြည် ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အခြေခံသတင်းစာပညာသင်တန်း အမှတ်စဉ်(၆)သင်တန်းဖွင့်ပွဲတွင် ဗဟိုအတွင်းရေးမှူး ဦးတင်ထွတ်ပြောကြားသည့် အမှာစကား၊ တက္ကသိုလ်မြတ်သူ၏ အဘယ့်ကြောင့်လူငယ်၊ ဦးကျော် (ပြည်ထဲရေး)၏ အုပ်ချုပ်မှုကောင်းခြင်းနှင့် တာဝန်ခံခြင်း၊ L.T.A ၏ Globalization နှင့် တတိယကမ္ဘာ၊ တက္ကသိုလ်တင်ခ၏ မြန်မာနိုင်ငံ သတင်းစာသမိုင်းအကျဉ်း၊ တက္ကသိုလ် သန်း၏ မီဒီယာ၏အရေးပါမှု၊ ကျော်ဇင်ညွှန့်(တရားရုံးချုပ်ရှေ့နေ)၏ သတင်းအသိ၊ သိပ္ပံစိုးမြင့်နိုင်၏ တွံ့ တေးတံတားကြီးဖွင့်လှစ်လိုက်ပြီ၊ ခင်လယ်လယ်ချစ်(မြန်/ဂုဏ်)၏ လူငယ် မောင်မယ်များအတွက် (၃၈)ဖြာ မင်္ဂလာ၊ အောင်စိုး(တိရစ္ဆာန်ဆေးကု ဆရာဝန်)၏ခေါင်းဆောင်မှုအပိုင်း၊ မောင်ကွန်ပျူတာ၏ အစဉ်အမြဲအားပေးနေရမည့် ပညာရေးကဏ္ဍ၊ ညွန့်ဟံ(ကြူတော)၏ မျိုးဆက်သစ်တို့အတွက် စကားနှင့်တံမင်းသစ်ဦး၏ သူတို့ဆီက ယာဉ်ပိတ်ဆို့မှုပြဿနာများစသည့် မှတ်ဖွယ်မှတ်ရာ ဆောင်းပါးများ၊ မြတ်လွမ်းနောင်(ပုတီးကုန်း)၏ သာစွတို့မြေ ကဗျာ၊ မြန်မာစာအုပ်အညွှန်း၊ မောင်မီဒီယာ၏ ရုပ်ဝေးမြေခြား ဟာသများ၊ ပြည်နယ်၊ တိုင်း၊ခရိုင်၊ မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းများ၏ နယ်မြေဖွံ့ဖြိုးရေး၊ စည်းရုံးရေးဆောင်ရွက်မှုသတင်းများ၊ နိုင်ငံတကာဖြစ်ရပ်သတင်းများ စုံလင်စွာဖော်ပြပါရှိသည်။ **(သတင်းစဉ်)**





**ဧရာဝတီတိုင်း တိုင်းလုံးကျွတ် ကျေးလက် ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များ ဖွင့်လှစ်ပြီးစီးမှုအောင်ပွဲနှင့် ငွေပဒေသာပင်စိုက်ထူလှူဒါန်းပွဲ၊ ရုပ်မြင်သံကြားဖမ်းစက်များ၊ ရေဒီယိုနှင့်ကက်ဆက်များ၊ စာအုပ်စာစောင်များ ပေးအပ်လှူဒါန်းပွဲတွင် ဧရာဝတီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် သူရမြင့်အောင် အမှာစကားပြောကြားစဉ်။** (သတင်းစဉ်)

သို့ပါ၍ နိုင်ငံတော်အကြီးအကဲက မြန်မာ့လူ့ဘောင်ကို အစဉ်အမြဲသင်ယူလေ့လာနေသော လူ့ဘောင်ဖြစ်စေရန် လမ်းညွှန်မှာကြားခဲ့ကြောင်း၊ နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်စီမံပေးမှုကြောင့် ယနေ့လူငယ်လူရွယ်များသည် မိမိတို့နိုင်ငံအတွင်း၌ပင် နိုင်ငံတကာအဆင့်မီပညာရပ်များကို အလွယ်တကူ လက်လှမ်းတမီ သင်ယူနိုင်သည့်အခွင့်အလမ်းများ ရရှိနေကြပြီဖြစ်ကြောင်း။

### အကောင်အထည်ဖော်

မြန်မာနိုင်ငံ လူဦးရေ၏ ၇၀ ရာခိုင်နှုန်းသည် ကျေးလက်နေပြည်သူများဖြစ်ရာ ကျေးလက်ပြည်သူများ အသိဉာဏ်မြင့်မားရေး၊ ဗဟုသုတတိုးပွားရေးတို့မှာမူ အခွင့်အလမ်းနည်းပါးနေသည်ကို တွေ့ရှိရကြောင်း၊ ထို့ကြောင့် ကျေးလက်နေပြည်သူများ အသိပညာဗဟုသုတတိုးတက်မြင့်မားလာစေရန်အတွက် ကျေးလက်ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များ ဖွင့်လှစ်ရန် စီမံချက်များ ချမှတ်ကာ အကောင် အထည်ဖော်ဆောင်ရွက်ခဲ့ကြောင်း။

ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များအတွက်စာအုပ်လှူဒါန်းပွဲ(၁၉)ကြိမ်ကျင်းပခဲ့ရာ စာအုပ်စာစောင်ပေါင်းနှင့် ရုပ်မြင်သံကြားဖမ်းစက်၊ ရေဒီယိုအပါအဝင် တန်ဖိုးငွေ သိန်းပေါင်း

**စာမျက်နှာ ၁၄ ကော်လံ ၁**

နည်းပေါင်းစုံများထဲမှ လူသားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးနှင့် စပ်လျဉ်းပြီး ကျောင်းတွင်းပညာရေးသင်ယူမှုနှင့်ကျောင်းပြင် ပညာရေး သင်ယူမှုဆိုပြီး နှစ်ပိုင်း ခွဲခြားထားသည်ကို တွေ့နိုင်ကြောင်း၊ ကျောင်းတွင်းပညာရေးနှင့် ပတ်သက်ပြီး လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးကဏ္ဍ၊ နည်းပညာအသုံးပြုရေးကဏ္ဍ၊ သုတေသနကဏ္ဍ၊ အစဉ်လေ့လာသင်ယူနေသော လူ့ဘောင်အဖွဲ့အစည်းဖြစ်ထွန်းရေးကဏ္ဍ၊ ပညာရည်အဆင့်မြှင့်တင်ရေးကဏ္ဍနှင့် အမျိုးသားရေးစံနှုန်း၊ အမျိုးသားရေးတန်ဖိုးများ ထိန်းသိမ်းစောင့်ရှောက်ရေးကဏ္ဍ အစရှိသည့် ကဏ္ဍခြောက်ရပ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ရည်မှန်းချက်(၁၂)ရပ်ဖြင့် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း။

### စီမံဆောင်ရွက်ပေး

ဆင်ခြင်တုံတရားနှင့် အသိဉာဏ်မြင့်မားရေးသည် ပညာတတ်မြောက်သော ပြည်သူအများအပြားပေါ်လာမှဖြစ်နိုင်ကြောင်း၊ အမှားနှင့်အမှန်၊ အကောင်းနှင့်အဆိုး ခွဲခြားသိမြင်နိုင်မှာဖြစ်၍ စိတ်ပိုင်းဆိုင်ရာဖွံ့ဖြိုးတိုးတက်ရေးအတွက် ပညာဗဟုသုတရှာမှီးနိုင်အောင် ခေတ်မီဆက်သွယ်ရေး နည်းပညာသစ်များနှင့် စီမံဆောင်ရွက်ပေးနေခြင်းဖြစ်ကြောင်း၊ ထို့ကြောင့်လည်း နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေက **“မိမိတို့နိုင်ငံမှာ လူသားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်အောင် တစ်ဖက်က ဆောင်ရွက်နေသလို လူတိုင်းအသိလိမ္မာတိုးရေး၊ အမှား၊ အမှန် ဝေဖန်**

တွင် နိုင်ငံတော်၏အား၊ ဒေသဆိုင်ရာ အာဏာပိုင်အဖွဲ့အစည်းအဆင့်ဆင့်၏အား၊ စေတနာရှင် ပြည်သူများ၏ အားကိုရယူပြီး ဖွင့်လှစ်ခဲ့ကြောင်း၊ ယင်းဖွင့်လှစ်ပြီးဖြစ်သည့် ကျေးလက်စာကြည့်များ ရေရှည်တည်တံ့ရေးနှင့် ဖွံ့ဖြိုးတိုးတက်လာစေရန် တာဝန်ရှိသူအားလုံးက ဆက်လက်ဆောင်ရွက်သွားကြရမှာဖြစ်ကြောင်း၊ မိမိတို့တိုင်းအနေနှင့်လည်း ဖွင့်ပြီးသည့် ကျေးလက်စာကြည့်တိုက်များ ရေရှည်တည်တံ့စေရန် စီမံဆောင်ရွက်လျက်ရှိကြောင်း၊ စာကြည့်တိုက်များတွင် အသုံးပြုနိုင်ရန် စာအုပ်စာစောင်များ၊ အလှူငွေများကို ၂၀၀၆ ခုနှစ် မတ် ၇ ရက်တွင် ပထမအကြိမ်အဖြစ် သိန်း ၅၀ ကျော် လှူဒါန်းခဲ့ပြီးဖြစ်ကြောင်း၊ ယခုဆိုလျှင် မိမိတို့ တိုင်းအနေနှင့် ဒုတိယအကြိမ်လှူဒါန်းခြင်းဖြစ်ကြောင်း။

တစ်ဖက်က စာကြည့်တိုက်များ ဖွံ့ဖြိုး တိုးတက်လာအောင်လုပ်သကဲ့သို့ တစ်ဖက်ကလည်း စာဖတ်ပရိသတ်တိုးလာအောင်၊ စာဖတ်ရှိန်မြင့်လာအောင်လုပ်ရန်လည်းလိုအပ်ကြောင်း၊ စာကြည့်တိုက်ဖွင့်ထားပြီး စာဖတ်ပရိသတ်၊ စာဖတ်သူမရှိလျှင်လည်း မိမိတို့၏ရည်မှန်းချက် ပြည့်လာမှာမဟုတ်ကြောင်း၊ ထို့ကြောင့် စာဖတ်သူတိုးလာအောင် နည်းမျိုးစုံနှင့် စည်းရုံးဆောင်ရွက်သွားရန်လိုကြောင်း၊ ထို့အပြင် စာကြည့်တိုက်အတွက် လိုအပ်သည့်အဆောက်အအုံ၊ပရိဘောဂနှင့် စာအုပ် စာစောင်များ ပြည့်ပြည့်စုံစုံရှိရန်အတွက် ဒေသခံစေတနာရှင် ပြည်သူများက လှူချင်လာအောင် စည်းရုံးကြရမှာဖြစ်ကြောင်း။

မိမိဒေသမှာရှိသည့် ကျေးလက်စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်လာအောင်နှင့် ရေရှည်ရပ်တည်နိုင်ရေးအတွက် စနစ်တကျ ကြပ်မတ်ပြီး ဖြည့်ဆည်းဆောင်ရွက်ပေးရန်ကိုလည်း မှာကြားလိုကြောင်း။

### ပူးပေါင်းကူညီ

ဧရာဝတီတိုင်းအတွင်းရှိ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန အဆင့်ဆင့်က အရာရှိများနှင့် ဝန်ထမ်းများကလည်း **“ထက်မြက်သွက်လက် မီဒီယာလက်နက်၊ စွဲကိုင်ချီတက် ပြည်သူ့အတွက်”** ဆိုသည့် ပြန်ကြားရေးဝန်ကြီးဌာန၏ ရည်မှန်းချက် ပေါက်မြောက်အောင် ဒေသအသီးသီးမှာရှိသည့် ပြည်သူများကို မှန်ကန်သည့် အသိတရားဖြင့် သတင်းမှန်များသိအောင် ကျေးရွာအဆင့်ဆင့်အထိ ရောက်အောင်သွားပြီး စည်းရုံးဆောင်ရွက်ရန် အထူးလိုအပ်သကဲ့သို့ ဒေသအာဏာပိုင်အဖွဲ့အစည်း အဆင့်ဆင့်နှင့် လူမှုရေးအသင်းအဖွဲ့များကလည်း ပူးပေါင်းကူညီဆောင်ရွက်ပေးရန် တိုက်တွန်းလိုကြောင်း။

နိဂုံးချုပ်အနေဖြင့် ဧရာဝတီတိုင်းအတွင်း ဖွင့်လှစ်ပြီးဖြစ်သည့် ကျေးလက်စာကြည့်တိုက်များ ရေရှည်တည်တံ့ရေးနှင့် တိုးတက်မှုရှိလာစေရေးအတွက် အာဏာပိုင်အဖွဲ့အစည်းအဆင့်ဆင့်၊ ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များက စာကြည့်တိုက်ကြီးကြပ်ရေးကော်မတီများနှင့်ပေါင်းစပ်ပြီး တက်ညီလက်ညီပူးပေါင်းဆောင်ရွက်ပေးကြပါဟု ပြောကြားသွားသည်။

ဆက်လက်၍ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းက အမှာစကား ပြောကြားရာတွင် ယနေ့ကျင်းပသည့် အခမ်းအနားသည် ဧရာဝတီတိုင်းအတွင်းရှိ ကျေးလက်ပြည်သူများ အသိပညာဗဟုသုတ ကြွယ်ဝရေးအတွက် တိုင်းလုံးကျွတ် ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များ ဖွင့်လှစ်ပြီးစီးခြင်း အောင်ပွဲအခမ်းအနားဖြစ်၍ နိုင်ငံတော်အတွက်သာမက ဧရာဝတီတိုင်းအတွက်ပါ မင်္ဂလာအပေါင်းနှင့်ပြည့်စုံသည့် အခမ်းအနားဖြစ်ကြောင်း၊ ထိုကဲ့သို့ ဖွင့်လှစ်နိုင်ရန် ကြိုးပမ်းဆောင်ရွက်ကြသည့် တိုင်းမှူးနှင့်တာဝန်ရှိပုဂ္ဂိုလ်များ၊ ဧရာဝတီတိုင်းမှစေတနာရှင်၊ အလှူရှင်များကို ကျေးလက်ပြည်သူများကိုယ်စား ပြန်ကြားရေးဝန်ကြီးဌာနကိုယ်စား အထူးကျေးဇူးတင်ရှိပါကြောင်း။

### တိုးမြှင့်ဆောင်ရွက်

ယနေ့ခေတ်သည် ပညာခေတ်ဖြစ်ရာ လူ့ဘောင်အဖွဲ့အစည်း၏လုပ်ငန်းကိစ္စအဝဝဖြစ်သည့် ကုန်ထုတ်လုပ်ရေး၊ ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေး၊ စိုက်ပျိုးရေးလုပ်ငန်းတို့တွင် နည်းပညာများကိုအသုံးပြု၍ ဆောင်ရွက်နေကြကြောင်း၊ အနာဂတ်တွင်လည်း မိမိတို့နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် တိုးမြှင့်ဆောင်ရွက်သွားကြရမှာဖြစ်ကြောင်း၊ ထိုကဲ့သို့ ပညာဖြင့် အရာရာကိုစေစားနိုင်သည့်အချိန်အခါတွင် မိမိတို့နိုင်ငံအနေဖြင့် အခြားနိုင်ငံများနှင့်အတူ ရင်ပေါင်တန်းပြီးမလိုက်နိုင်ပါက နစ်နာဆုံးရှုံးမှုများစွာ တွေ့ကြုံကြရမည်ဖြစ်ကြောင်း။



**ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းထံ ဧရာဝတီတိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်သန်းသန်းနွဲ့က ကျေးလက်ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များအတွက် အလှူငွေ ကျပ်ငါးသိန်း ပေးအပ်လှူဒါန်းစဉ်။** (သတင်းစဉ်)

## မြန်မာ့ရုပ်မြင်သံကြား

**၂-၈-၂၀၀၆ ရက် (ဗုဒ္ဓဟူးနေ့)**

**နံနက်ပိုင်း**

၇:၀၀ ၁။ အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မဇောတိက တောင်တန်းသာသနာပြုဆရာတော်ကြီး ဦးဥတ္တမသာရ၏ ပရိတ်တရားတော်
၇:၂၅ ၂။ ကျန်းမာဖို့ အတူကစားစို့
၇:၃၀ ၃။ နံနက်ခင်းသတင်း
၇:၄၀ ၄။ သံသာချိုအေး မင်္ဂလာတေး
၇:၅၅ ၅။ အတီးပြိုင်ပွဲ
၈:၁၅ ၆။ မြူးမြူးကြွကြွ ယဉ်ကျေးမှုအက
၈:၂၅ ၇။ အဆိုပြိုင်ပွဲ
၈:၃၀ ၈။ International News
၈:၄၅ ၉။ Let's Go

**ညပိုင်း**

၁၆:၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
၁၆:၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
၁၆:၃၀ ၃။ Practice in Reading
၁၆:၄၀ ၄။ အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြားသင်ခန်းစာ ပထမနှစ်(ရက္ခဗေဒ၊ သတ္တဗေဒ အထူးပြုများ) [ရက္ခဗေဒ]
၁၆:၅၅ ၅။ တိုင်းရင်းသားရိုးရာတေးသံသာ
၁၇:၁၀ ၆။ မြန်မာစာ မြန်မာစကား
၁၇:၂၅ ၇။ **"အနိုင် အရှုံး"** ပိစိ၊ ကောင်းမြတ် (ဒါရိုက်တာ-ခင်နွဲ့နွဲ့မူ)
၁၇:၃၀ ၈။ သီချင်းကြီးပဒေသာ
၁၇:၄၀ ၉။ အကပြိုင်ပွဲ
၁၇:၄၅ ၁၀။ ရှုဖွယ်စုံလင် အာဆီယံအစီအစဉ်
၁၈:၀၀ ၁၁။ ညနေခင်းသတင်း
၁၈:၃၀ ၁၂။ မိုးလေဝသအခြေအနေ
၁၈:၃၅ ၁၃။ သုတစုံလင် ရွှေဉာဏ်ရှင်
၁၉:၀၅ ၁၄။ **"မြူတိမ်ကင်းသောနေ့"** ထွန်းထွန်းဝင်း၊ မင်းထက်ကျော်ဇင်၊ စိုးမိုးကြည်၊ ပုလဲဝင်း [ဒါရိုက်တာ-သိန်းဟန်(ဖိုးနစ်)]
၁၉:၁၅ ၁၅။ အတီးပြိုင်ပွဲ
၁၉:၃၀ ၁၆။ တေးဂီတအစီအစဉ်
၁၉:၄၅ ၁၇။ ကြားမြင်သုတပြည့်ဝစေရာ စာပဒေသာ
၂၀:၀၀ ၁၈။ ပြည်တွင်းသတင်း
၁၉။ နိုင်ငံတကာသတင်းများ
၂၀။ မိုးလေဝသအခြေအနေ
၂၁။ ၂၀၀၅ခုနှစ် တေရသမအကြိမ် (၁၃ကြိမ်) အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲ ဆုချီးမြှင့်ပွဲနှင့် ပညာရှင်ကြီးများ၊ အကဲဖြတ်ဒိုင်များနှင့် မျိုးဆက်သစ်တို့၏ ဖျော်ဖြေမှုအစီအစဉ်



ဩဂုတ် ၁ ရက်က တရုတ်ပြည်သူ့လွတ်မြောက်ရေးတပ်မတော် တည်ထောင်သည့် (၇၉)နှစ်မြောက် နှစ်ပတ်လည်နေ့အထိမ်းအမှတ်အခမ်းအနားသို့ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ကြီးသူရရွှေမန်းနှင့် ဇနီး ဒေါ်ခင်လေးသက်တို့ တက်ရောက်ကြစဉ်။ (သတင်း-ရွှေဖုံး) (သတင်းစဉ်)

# ဆရာ ဆရာမများအားလုံး၏ တစ်ဦးချင်းအရည်အသွေးများကို ပေါင်းစည်းပွားများ ပညာရေးလောက ပိုမိုထက်မြက်မြင့်မားလာအောင် ကြိုးပမ်းဆောင်ရွက်

## ပေါင်းစည်းပါဝင်နေသည့် စွမ်းအားသည်သာ တိုးတက်ဖြစ်ထွန်းမှု၏ စစ်မှန်သောမောင်းနှင်အားဟုခံယူ

ရန်ကုန် ဩဂုတ် ၁

**ဗဟိုဝန်ထမ်းတက္ကသိုလ်(အထက်မြန်မာပြည်)၌ ဖွင့်လှစ်သော အခြေခံပညာ ဆရာ ဆရာမများ အထူးမွမ်းမံသင်တန်း အမှတ်စဉ်(၂၅) သင်တန်းဖွင့်ပွဲအခမ်းအနားကို ဇူလိုင် ၃၁ ရက် နံနက် ၉ နာရီတွင် မန္တလေးတိုင်း ပြင်ဦးလွင်မြို့နယ်ရှိ ဗဟိုဝန်ထမ်းတက္ကသိုလ်(အထက်မြန်မာပြည်) ရတနာခန်းမ၌ ကျင်းပရာ မြန်မာနိုင်ငံပညာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် ကိုယ်စား ပညာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာချမ်းငြိမ်း တက်ရောက်၍ သင်တန်းဖွင့်အမှာစကား ပြောကြားသည်။**



**ပညာရေးဝန်ကြီးဌာနဝန်ကြီးဒေါက်တာချမ်းငြိမ်း ဗဟိုဝန်ထမ်း တက္ကသိုလ် (အထက်မြန်မာပြည်) အခြေခံပညာ ဆရာ ဆရာမများ အထူးမွမ်းမံသင်တန်းအမှတ်စဉ်(၂၅) သင်တန်းဖွင့်ပွဲ အခမ်းအနားတွင် အမှာစကား ပြောကြားစဉ်။** (သတင်းစဉ်)

### တက်ရောက်

အဆိုပါသင်တန်းဖွင့်ပွဲ အခမ်းအနားသို့ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာပိုင်စိုး၊ အလုပ်သမားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ဝင်းစိန်၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ကျော်မြင့်၊ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ အဖွဲ့ဝင်များဖြစ်ကြသည့် ဦးညီထွန်းနှင့် ဦးကျော်အောင်၊ တပ်မတော်အရာရှိကြီးများ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ တိုင်း၊ ခရိုင်နှင့် မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင်များ၊ ဗဟိုဝန်ထမ်းတက္ကသိုလ်(အထက်မြန်မာပြည်) ပါမောက္ခချုပ် ဦးအောင်ဆန်းဝင်း၊ ဒုတိယပါမောက္ခချုပ်များ၊ ဌာနကြီးမှူးနှင့် ဌာနမှူးများ၊ ကထိကများ၊ လက်ထောက်ကထိကများ၊ နည်းပြများနှင့် သင်တန်းသား သင်တန်းသူ အခြေခံပညာ ဆရာ ဆရာမများ တက်ရောက်ကြသည်။

သင်တန်းဖွင့်ပွဲ အခမ်းအနားတွင် မြန်မာနိုင်ငံပညာရေးကော်မတီ ဥက္ကဋ္ဌ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် ကိုယ်စား ပညာရေးဝန်ကြီးဌာနဝန်ကြီး ဒေါက်တာချမ်းငြိမ်းက သင်တန်းဖွင့် အမှာစကား ပြောကြားရာ၌ ပညာရေးကဏ္ဍတွင် လွန်ခဲ့သည့် ရှစ်နှစ်ကျော် ကိုးနှစ်ခန့်ကတည်းက စတင်ပြီး နိုင်ငံတော်အစိုးရ၏ ဦးဆောင်မှုဖြင့် ပညာရေးလောကက ပညာရှင်များ၊ စီမံခန့်ခွဲသူများ၊ ဆရာ ဆရာမကြီးများ နှစ်စဉ်နှစ်တိုင်း ဆွေးနွေးညှိနှိုင်းကြပြီး အနာဂတ်၏ စိန်ခေါ်မှုများကို ရင်ဆိုင်ဖြေရှင်းနိုင်မည့် ပညာရေးစနစ် ပြုပြင်ပြောင်းလဲမှုများကို စီမံကိန်းအဆင့်ဆင့် ချမှတ်လျက် အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ကြကြောင်း။

### အရည်အသွေးမြှင့်တင်

ပညာရေးမြှင့်တင်မှု အစီအစဉ် အဆင့်ဆင့်ကစတင်ခဲ့ရာက အမျိုးသားပညာရည်မြင့်မားရေး အထူး လေးနှစ်စီမံကိန်းကတစ်ဆင့် အမျိုးသား ပညာရည်မြင့်မားရေး အနှစ် ၃၀ နှစ်ရှည် စီမံကိန်းအထိ အဆင့်ဆင့်ကူးပြောင်းတက်လှမ်းပြီး အရှိန်အဟုန်ရော၊ အရည်အသွေးပါ မြှင့်တင်ဆောင်ရွက်ခဲ့ကြခြင်းလည်းဖြစ်ကြောင်း။

ယင်းသို့ ပညာရေးစနစ်ကို ပြုပြင်ပြောင်းလဲခဲ့ခြင်းသည် ဆယ်စုနှစ်တစ်နှစ်နီးပါး ကြာမြင့်လာပြီဖြစ်သည်နှင့်အညီ ဆရာ ဆရာမများ၊ ပညာရှင်များ၊ ပညာရေးစီမံခန့်ခွဲသူများ အပိုင်းတွင်လည်း ခေတ်ဟောင်း၊စနစ်ဟောင်းကို မီခဲ့သူများ၊ ခေတ်သစ်၊ စနစ်သစ်တွင်မှ ပေါ်ပေါက်လာသောသူများ ပေါင်းစည်းပါဝင်နေသည်ကို တွေ့ကြရမည်ဖြစ်ကြောင်း။

ခေတ်ဟောင်း၊ စနစ်ဟောင်းကို မီခဲ့သည့် ပညာရှင်များ၊ ဆရာ ဆရာမများအနေဖြင့် အတွေ့အကြုံနှင့် အရည်အသွေးအပိုင်းတွင် ရင့်ကျက်မှုဆိုသော အားသာချက်များရှိနေသကဲ့သို့ ခေတ်သစ်၊ စနစ်သစ်က မွေးထုတ်လိုက်သော ပညာရှင်များ၊ ဆရာ ဆရာမများအနေဖြင့် ခေတ်စနစ်နှင့် အံဝင်ခွင်ကျ အလိုက်သင့်စီးဝင်သွားနိုင်သည့် အားသာချက်များရှိနေကြောင်း၊ ယင်းအားသာချက်ကိုယ်စီကို အပြန်အလှန်ဖြည့်ဆည်းချိန်ညှိပြီး အားသာချက်များ၏ စွမ်းအားကို ပေါင်းစည်းပေးနိုင်သည်နှင့်အမျှ ပညာရေးစနစ် ပြုပြင်ပြောင်းလဲမှု၏ အရှိန်အဟုန်သည်လည်း သိသာစွာ ပိုမိုမြင့်မားလာမှာ အမှန်ပင်ဖြစ်ကြောင်း။

### ကြိုးစားအားထုတ်

ထို့ကြောင့် ဆရာ ဆရာမများ အားလုံးက မိမိတို့ တစ်ဦးချင်း၏ အရည်အသွေးများကို ပိုမိုမြင့်မားသည် ထက်မြင့်မားအောင် ကြိုးစားအားထုတ်ကြရင်း ကိုယ်စီကိုယ်စီသော အရည်အသွေးများကို ပေါင်းစည်းပွားများစေခြင်းအားဖြင့် ပညာရေးလောက၏ အရည်အသွေးကို ပိုမိုထက်မြက်မြင့်မားလာအောင် ကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်ကြောင်း။

ဆရာ ဆရာမ တစ်ဦးချင်း၏ ပညာရေးကဏ္ဍ အရည်အသွေးမြင့်မားရေး ကြိုးပမ်းလုပ်ဆောင်မှုများ၊ ဆရာ ဆရာမ အင်အားစုတစ်ရပ်လုံး၏ ပေါင်းစည်းညီညာသည့် အရည်အသွေးနှင့် စွမ်းအားများ မိဘပြည်သူတစ်ရပ်လုံး၏ ပညာရေးကဏ္ဍအပေါ် ကူညီပံ့ပိုးဆောင်ရွက်မှုများ၊ နိုင်ငံတော်က ချမှတ်ထားသော အမျိုးသားပညာရည်မြင့်မားရေး လုပ်ငန်းစဉ်များအားလုံး တညီတညွတ်တည်း ပေါင်းစည်းပါဝင်နေသည့် စွမ်းအားသည်သာလျှင် မြန်မာ့ပညာရေးလောက တိုးတက်ဖြစ်ထွန်းမှုများ၏ စစ်မှန်သော မောင်းနှင်အားဖြစ်သည်ဟု ခံယူပြီး ကြိုးပမ်းဆောင်ရွက်ကြရန် မှာကြားလိုကြောင်း။

ဆရာ ဆရာမများ အပါအဝင် အားလုံးဝိုင်းဝန်းပြီး စနစ်တကျဖြင့် တက်ညီလက်ညီ ကြိုးပမ်းဆောင်ရွက်ခဲ့ကြ၍လည်း ယနေ့အခြေအနေတွင် အခြေခံပညာကဏ္ဍ၏ တိုးတက်ဖြစ်ထွန်းမှုများကို မျက်ဝါးထင်ထင် တွေ့မြင်နေရပြီဖြစ်သကဲ့သို့ ယင်းတိုးတက်ဖြစ်ထွန်းမှုများ၏ အကျိုးရလဒ်ကောင်းများကို စတင်ခံစားနေရပြီလည်းဖြစ်ကြောင်း။

### သိသာစွာတိုးတက်

ယခုဆိုလျှင် မူလတန်းလွန်ကျောင်း ၅၅၄၅ ကျောင်း အပါအဝင် အခြေခံပညာကျောင်းပေါင်း ၄၀၅၂၅ ကျောင်းရှိလာပြီဖြစ်၍ ၁၉၈၈ ခုနှစ်က အခြေခံပညာကျောင်း ၃၃၇၄၇ ကျောင်းသာရှိခဲ့သည့်အခြေအနေထက် ကျောင်းပေါင်း ခြောက်ထောင်ကျော် ခုနစ်ထောင်နီးပါး တိုးပွားလာခဲ့ပြီဖြစ်သကဲ့သို့ Multi-mediaစာသင်ခန်းဖွဲ့စည်းနိုင်သော ကျောင်းပေါင်း ၁၆၆၀ အထိ ရှိလာခဲ့ပြီဖြစ်ကြောင်း၊ ထို့အပြင် သူငယ်တန်းကျောင်းဝင်နှုန်း ဆိုလျှင်လည်း ၉၇ ဒသမ ၅၈ ရာခိုင်နှုန်းအထိ တိုးတက်လာခဲ့ပြီဖြစ်သကဲ့သို့ ကျောင်းနေမြဲရေး၊ အဆင့်ကူးပြောင်းသင်ယူမှုမြင့်မားရေးအတွက် အာရုံစူးစိုက် အားပေးဆောင်ရွက်ခဲ့ခြင်းကြောင့် ကျောင်းနေနှုန်း၊ အဆင့်ပြီးဆုံးနှုန်းနှင့် အဆင့်ကူးပြောင်းသင်ယူမှုနှုန်းများလည်း သိသာစွာ တိုးတက်လာခဲ့ပြီဖြစ်ကြောင်း၊ ကျောင်းပြင်ပ ပညာရေး ကြိုးပမ်းဆောင်ရွက်မှုများကြောင့် ယခုဆိုလျှင် သက်ကြီးစာတတ်မြောက်မှုနှုန်းသည် ၉၄ ဒသမ ၁ ရာခိုင်နှုန်း ရှိလာခဲ့ပြီဖြစ်ကြောင်း။

ဤ အခြေခံကောင်းများအပေါ် မူတည်ပြီး နိုင်ငံသားတိုင်း မူလတန်းပညာသင်ယူပြီးမြောက်ရန်၊ မသင်မနေရ မူလတန်းပညာရေးစနစ်ဖြစ်လာစေရန်၊ ကျောင်းနေမြဲပြီး အလယ်တန်း၊ အထက်တန်းအဆင့် ကူးပြောင်းသင်ယူမှုနှုန်း တိုးတက်မြင့်မားစေရန်၊ နိုင်ငံသားတိုင်း စာတတ်မြောက်စေရန် ဆိုသည့် ပညာရေးကဏ္ဍ၏ အခြေခံအကျဆုံးရည်မှန်းချက်များ အောင်မြင်ပြည့်မြောက်စေရအောင် ဆရာ ဆရာမများအားလုံးက ဆက်လက်ကြိုးပမ်းဆောင်ရွက်ပေးကြရန် မှာကြားလိုကြောင်း။



**ပညာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာချမ်းငြိမ်း ဗဟိုဝန်ထမ်းတက္ကသိုလ် (အထက်မြန်မာပြည်) အခြေခံပညာ ဆရာ ဆရာမများ အထူးမွမ်းမံသင်တန်း အမှတ်စဉ် (၂၅) သင်တန်းဖွင့်အခမ်းအနားတွင် သင်တန်းသား သင်တန်းသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။** (သတင်းစဉ်)

### ပိုမိုဖွံ့ဖြိုးလာ

ကလေးသူငယ်များက အစပြု၍ နိုင်ငံသူ နိုင်ငံသားအားလုံး ပညာတတ်မြောက်ပါမှလည်း ပြည်သူများ၏ လူမှုစီးပွားရေးဘဝ အခြေခံများ မြင့်မားလာမည်ဖြစ်ကြောင်း၊ သို့မှလည်း နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေးတွင် အခြေခံအကျဆုံးဖြစ်သော ကျေးလက်ဒေသများ ပိုမိုပြီးဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်း။

ဆရာ ဆရာမများ အနေဖြင့် ကျေးလက်နေ ကလေးသူငယ်များ ပညာတတ်မြောက်အောင် ကြိုးစားသင်ကြားပေးခြင်းအားဖြင့် ကလေးသူငယ်များတွင် ကျန်းမာရေးအသိရှိမှု၊ ကျန်းမာရေးနှင့်ညီညွတ်သည့် နေထိုင်စားသောက်မှု အမူအကျင့်ကောင်းများ ရရှိလာမည်ဖြစ်ကြောင်း၊ တစ်ဆက်တည်းမှာပင် ပတ်ဝန်းကျင်သန့်ရှင်းရေး၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေး အသိအမြင်များ ရှိလာမည့်အပြင် ကိုယ်ချင်းစာနာမှု၊ ကူညီရိုင်းပင်းမှု၊ လူမှုကျင့်ဝတ်စောင့်ထိန်းမှု၊ အလေ့အကျင့်ကောင်း၊ စရိုက်ကောင်းများ ဖြစ်ထွန်းလာပြီး ရိုးသားဖြောင့်မတ်သော စာရိတ္တကောင်းသည့် လူငယ်များ ဖြစ်လာကြမည်ဖြစ်ကြောင်း။

ထို့ကြောင့် ဆရာ ဆရာမများ အနေဖြင့် မိမိတို့၏တပည့် ကျောင်းသူကျောင်းသားလူငယ်များအား ပညာကို အခြေခံပြီး အဘက်ဘက်က တိုးတက်ဖွံ့ဖြိုးလာစေရအောင် စောင့်ရှောက်ပေးကြပါဟု မှာကြားလိုကြောင်း။

### ဖြန့်ကြက်ထူထောင်

အဆင့်မြင့်ပညာကဏ္ဍတွင် ဆိုလျှင်လည်း "အခွင့်အလမ်းပွင့် အရည်အချင်းမြင့် ပညာခက်ဖြာ"ဆိုသည့် ဆောင်ပုဒ်နှင့်အညီ ယနေ့နိုင်ငံတကာ၌ တိုးတက်ဖြစ်ထွန်းနေသော ပညာရပ်အမျိုးမျိုး၊ ဘာသာရပ်အမျိုးမျိုးကို အရည်အသွေး မြင့်မြင့်မားမားဖြင့် သင်ယူလေ့လာနိုင်မည့် အခြေခံများ ဖြစ်ထွန်းနေပြီဖြစ်ကြောင်း၊ ပညာရပ်အလိုက်၊ ဘာသာရပ်အလိုက် အထူးပြုတက္ကသိုလ်များ၊ ကောလိပ်များလည်း တစ်နိုင်ငံလုံး၌ ဖြန့်ကြက်ထူထောင်ပေးထားပြီးဖြစ်ကြောင်း။

ထို့ကြောင့် အခြေခံပညာ ဆရာ ဆရာမများအနေဖြင့် မိမိတို့၏တပည့် ကျောင်းသူ ကျောင်းသား လူငယ်များကို ဖြစ်ထွန်းတည်ရှိနေပြီဖြစ်သည့် အဆင့်မြင့်ပညာသင်ကြားနိုင်မှု အခွင့်အလမ်းအသွယ်သွယ်တွင် မိမိတို့၏ အရည်အသွေးအလိုက်၊ ဝါသနာ ဗီဇအလိုက်၊ ထူးချွန်ထက်မြက်မှုအလိုက် အလိုက်သင့် စီးဝင်ကူးပြောင်း သင်ယူနိုင်စေရအောင် ယခုကတည်းက ကြိုတင်ပြင်ဆင် လေ့ကျင့်သင်ကြားပေးကြရန် မှာကြားလိုကြောင်း၊ အရည်အသွေးမြှင့်တင်ထားပြီး ဖြစ်သည့် အဆင့်မြင့်ပညာကဏ္ဍတွင် မိမိတို့၏ တပည့် ကျောင်းသူ ကျောင်းသား လူငယ်များ အဆင်ပြေ ချောမွေ့လွယ်ကူစွာ ပညာဆက်လက်သင်ကြားနိုင်စေရအောင် အရည်အသွေး၊ အရည်အချင်းတို့ကို ကြိုတင်ဖြည့်ဆည်းပေးကြပါဟု တိုက်တွန်း ပြောကြားသွားသည်။

သင်တန်းဖွင့်ပွဲ အခမ်းအနားအပြီးတွင် ပညာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာချမ်းငြိမ်းသည် သင်တန်းသား သင်တန်းသူ ဆရာ ဆရာမများအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

အဆိုပါသင်တန်းသို့ အထက်မြန်မာပြည်ရှိ ပြည်နယ်နှင့် တိုင်းများမှ သင်တန်းသား သင်တန်းသူ ဆရာ ဆရာမ ၁၀၀၀ တို့ တက်ရောက်ကြပြီး သင်တန်းကာလမှာ ရက်သတ္တ ငါးပတ်ကြာမြင့်မည်ဖြစ်သည်။ **(သတင်းစဉ်)**

# သက်ရှည်ကျန်းမာ လမ်းလျှောက်ပါ

"၁၆မိုင် လမ်းလျှောက်မည်။ အာရောဂျံ ပရမံ လာဘံ သုခံ"

ကျွန်တော်တို့ဆရာကြီး၏ ပတ္တလားတီးပြီး ဆိုခဲ့သည့်သီချင်း အပိုင်းအစကလေးကို ကျွန်တော်အမှတ်ရ၏။

"ပျော်ပျော်နေ ကာယ သုခံ" ဟု ဆရာကြီးက ဆိုလိုက်လျှင် ကျွန်တော်တို့က "သက်တော်ရှည်"ဟု သံပြိုင်လိုက်ရ၏။

"ပျော်ပျော်နေ စိတ္တ သုခံ ××သက်တော်ရှည်"

"လမ်းလျှောက်ခြင်း"ကို လူထုစိတ်ဝင်စားအောင် စည်းရုံးလှုံ့ဆော်ရန်၊ အစည်းအဝေးကိုတက်ရောက်ရန် လမ်းလျှောက်သွားရင်းမှ ငယ်စဉ်ကျောင်းသား ဘဝကလေးကို သတိရမိနေခြင်းဖြစ်ပါသည်။

အားကစားနှင့် ကာယပညာဦးစီးဌာနမှ တာဝန်ရှိပုဂ္ဂိုလ်များက လူထုအားကစားလ အတွေ့အကြုံများ၊ လူထုလမ်းလျှောက်ပွဲ အတွေ့အကြုံ များကို ရှင်းပြကြ၏။ အားကစားပညာရှင်များက လမ်းလျှောက်ခြင်း၏ အကျိုးကျေးဇူးများကို သိပ္ပံနည်းကျ ရှင်းပြကြ၏။

ထို့အပြင် သက်ရှည်ကျန်းမာ၊ လမ်းလျှောက်ပါဟု ကျွန်တော်တို့ အားကစားကလောင်ရှင်များအဖွဲ့က ဆောင်ပုဒ်တစ်ခုပြုထားပါတယ်။ လမ်းလျှောက်ခြင်း အကျိုးကျေးဇူးကို လူထုသိလာအောင် ကျွန်တော်တို့ ကလောင်အားနဲ့မြှင့်တင်ပါမယ်ဟု ကတိပြုကြ၏။

"ကမ္ဘာပတ်၍ လမ်းလျှောက်ခြင်း"ဆိုသည့် ဝတ္ထုကိုရေးခဲ့သူ ဂီတအစည်းအရုံး ကိုယ်စားလှယ်ကလည်း ၎င်းဝတ္ထုကို လူကြိုက်များသော ရေဒီယိုဇာတ်လမ်းအဖြစ်သို့ ပြောင်းလဲခဲ့ပုံအကြောင်း၊ အခွင့်သင့်ပါက ဗီဒီယိုဇာတ်လမ်းအဖြစ် ဖန်တီးမည်ဖြစ်ကြောင်း ပြောကြားသွား၏။

ပြန်ကြားရေးဝန်ကြီးဌာန ကိုယ်စားလှယ်က"လမ်းလျှောက်ခြင်း" ကို လူထုစိတ်ပါ ဝင်စားလာအောင် ၎င်းတို့၏မီဒီယာမှတစ်ဆင့် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြား၏။

ကျွန်တော်တို့ ကျန်းမာရေးဝန်ကြီးဌာနက "အသက်ရှည် ကျန်းမာဖို့၊ လမ်းလျှောက်ကြစို့" ဟူသည့် ခေါင်းစီးဖြင့် နှိုးဆော်ချက်ထုတ်ပြန်ပေးခဲ့ပါသည်။ ကိုယ်လက် လှုပ်ရှားမှုနည်းပါးခြင်းကြောင့် ရောဂါများရရှိကြောင်း၊ တစ်နေ့လျှင်နာရီဝက်ခန့် ပုံမှန်လမ်းလျှောက်ရုံဖြင့် **သွေးတိုးကျခြင်း၊ နှလုံးရောဂါကာကွယ်နိုင်ခြင်း၊ စိတ်ချမ်းသာခြင်း၊ အရိုးများကြံ့ခိုင်သန်စွမ်းခြင်း၊ အဝမလွန်အောင် ထိန်းနိုင်ခြင်း၊ ကြွက်သားများသန်စွမ်းဖျတ်လတ်စေခြင်း၊ သွေးတွင်းမှ အဆီကျစေခြင်း၊ သွေးတွင်းမှ သကြားဓာတ်ကျစေခြင်း၊ အရွယ်မရွေး၊ လူတန်းစားမရွေး ဆောင်ရွက်နိုင်ခြင်းဟူသည့် အကျိုးကိုးမျိုးရနိုင်**သည်မို့ မိသားစုတစ်စုလုံး နေ့စဉ် လမ်းလျှောက်ကြရန်လည်း တိုက်တွန်းနှိုးဆော်ခဲ့သည်။

၎င်းအကျိုးကျေးဇူးများသည် သိပ္ပံသုတေသနများ၊ လက်တွေ့ရလဒ်များကို အခြေခံသည်။ ၂၀၀၆ခု မေလတွင် လန်ဒန်မှ ထုတ်ပြန်ခဲ့သော သုတေသန ရလဒ်မှာ "နေ့စဉ်ပုံမှန်လမ်းလျှောက်ခြင်းသည် အာရုံကြောများလန်းဆန်းရှင်သန်မှုနှင့် ခန္ဓာကိုယ်ရှိ အသားမျှင်ဓာတ်များ ပိုမိုခိုင်မာမှုရှိစေကြောင်း"ပုံမှန်ခပ်သွက်သွက်လမ်းလျှောက်ခြင်းသည် ဦးနှောက်အာရုံကြောများကို ထိထိရောက်ရောက်အကျိုးပြုကြောင်း၊ တစ်နေ့လျှင် အနည်းဆုံးနှစ်ကီလိုမီတာခန့် ခပ်သွက်သွက်လျှောက်သင့်ကြောင်းဟု ဖော်ပြထားသည်။

ခေတ်သစ်သိပ္ပံပညာရှင်များသည် ၎င်းသို့သော အကျိုးကျေးဇူးများကို "လမ်းလျှောက်ခြင်း"ဖြင့်ရနိုင်ကြောင်း ပြောပြလာချိန်တွင် ဝိပဿနာ တရားအားထုတ်သူများက စင်္ကြံလျှောက်ခြင်း၏ အကျိုးကို သိခွင့်ရသည်မှာ ဘုရားရှင်လက်ထက်တော်ကတည်းကဖြစ်ကြောင်း၊ စင်္ကြံ သွားခြင်းအားဖြင့် အကျိုးငါးပါးကို ခံစားရနိုင်ပါကြောင်း၊ ဝိပဿနာ တရားအားထုတ်သည့်နေရာတွင် "လျောင်း၊ ထိုင်၊ ရပ်၊ သွား" ဣရိယာပုတ် လေးပါးလုံးမျှနေဖို့လိုကြောင်း၊ အမှတ်သတိဖြင့် စင်္ကြံလျှောက်ခြင်းသည် ဝိပဿနာဉာဏ်တွေကို တိုးမြှင့်ခိုင်မာနေစေရန် အထောက်အကူပေးကြောင်း၊ မဂ်ဉာဏ်၊ ဖိုလ်ဉာဏ်ရစေရန် အထောက်အပံ့ဖြစ်စေပါကြောင်းပြောပါသည်။

## ဒေါက်တာခင်မောင်လွင်

ကျွန်တော်တို့နိုင်ငံသားများ၏ အခြေအနေကို ဆန်းစစ်ကြည့်လျှင်–

- ❄ လူအများစုသည် လမ်းလျှောက်ကြသော်လည်း လမ်းလျှောက်ခြင်း၏ အကျိုးကျေးဇူးကို အနည်းငယ်သာ သိကြပါသည်။
- ❄ အချို့သည် လမ်းလျှောက်ခြင်း၏ အကျိုးကျေးဇူးကို သိသော်လည်း ပုံမှန် လမ်းမလျှောက်ကြပါ။
- ❄ လူအများစုသည် ၎င်းတို့၏ အသက်မွေးဝမ်းကျောင်း အလုပ်အခြေအနေအရ လမ်းလျှောက်ကြပါသည်။
- ❄ လူနည်းစုသည် အားကစားအနေဖြင့် လမ်းလျှောက်ကြပါသည်။
- ❄ အချို့သည် လမ်းလျှောက်ခြင်း၏ အကျိုးကိုလည်းမသိ၊ လမ်းလျှောက်ရန်လည်း အချိန်မရှိဖြစ်နေ ကြသည်။

၎င်းသုံးသပ်ချက်အရ တစ်မျိုးသားလုံး ကျန်းမာရေးအတွက် ဆေးချက်မှာ"အလုပ်ဖြစ်သောလမ်းလျှောက်ခြင်း" ဖြစ်သည်။ သည့်အတွက် လမ်းလျှောက်ခြင်း၏ အကျိုးကျေးဇူးကို ခိုင်မာစွဲမြဲစွာ သိရှိပြီး လမ်းလျှောက်ခြင်းကို ကျန်းမာရေးတစ်ရပ်အဖြစ် မြင်တတ်ရန် လိုအပ်ပါသည်။

သက်တော်ရှည် ဆရာတော်ကြီးများကို လေ့လာကြည့်လျှင် ဆွမ်းခံကြွရန် လမ်းလျှောက်ရသည်။ တရားရရန် စင်္ကြံလျှောက်ကြသည်။ ထို့ပြင်မှမက ကျောင်းဝိုင်းထဲမှာ ရေခပ်ခြင်း၊ တံမြက်လှည်းခြင်း၊ ပတ်ဝန်းကျင် သန့်ရှင်းခြင်းကို နိစ္စဓူဝလုပ်ကြသည်။ ကျေးဇူးရှင် မုဒ္ဒန်းဆရာတော်ကြီး ဆိုလျှင် သက်တော်(၉၉)နှစ်အထိ ဝတ်မပျက် ဆောင်ရွက်ခဲ့သဖြင့် (၁၀၂)နှစ် အထိ သက်တော်ရှည်ခဲ့ပါသည်။ ရဟန်းဘဝဖြင့် "အလုပ်ဖြစ်သော လမ်းလျှောက်ခြင်း"ပုံမှန်ကိုယ်လက်လှုပ်ရှားခြင်းကြောင့် အသက်ရှည်ခြင်း၊ ကျန်းမာခြင်းစသည့် လောကီအကျိုးများအပြင် လောကုတ္တရာ အကျိုးများပါ ပွားစီးစေပါသည်။

အရှေ့တိုင်းသူတော်စင်တို့၏ နေထိုင်မှုဘဝဟန် Life Style ကို လေ့လာသုတေသနပြုသူများက "Chop Wood, Carry Water" အမည်ရှိ စာအုပ်တစ်အုပ်ကို ထုတ်ဝေခဲ့ပါသည်။ အရေးဗစ်ကဲ့သို့ အားကစားလှုပ်ရှားခြင်းသည်ကောင်း၏။ ထင်းခွေ၊ ရေခပ်ခြင်းဖြင့်လည်း ကျန်းမာခြင်းကို ဖြစ်စေသည်ဟူသော အတွေးအခေါ်ကို တင်ပြခဲ့သည်။

၂၀၀၆ ခုနှစ် ဧပြီလတွင် ကိန်းဘရစ်တက္ကသိုလ်မှ ထုတ်သည့် သုတေသနပြုချက်အရ ကျန်းမာရန်အတွက်–

(၁) ရုံးဝန်ထမ်းတစ်ဦးဆိုလျှင် နေ့စဉ်မှန်မှန်ဖွဖွပြေးချိန် တစ်နာရီ ယူရန်လိုသည်။

(၂) ဆံပင်ညှပ်သမားကဲ့သို့ လှုပ်ရှားမှု အသင့်အတင့်ရှိသူသည် နာရီဝက်ခန့် နေ့စဉ်လမ်းလျှောက်ရန်လိုသည်။

(၃) သူနာပြုနှင့် ပန်းရန်သမားတို့ကဲ့သို့ တစ်နေကုန် လှုပ်ရှားနေရသူများသည် ကျန်းမာရေးအတွက် လုံလောက်သည်

ဟူသော အဖြေထွက်လာပါသည်။ "အလုပ်ဖြစ်သော လမ်းလျှောက်ခြင်း"သည် လက်တွေ့အကျိုးရှိ၏။

ဖွံ့ဖြိုးပြီးနိုင်ငံများတွင် လုပ်ငန်းခွင်သို့ လမ်းလျှောက်ခြင်း၊ ဖွဖွပြေး၍သွားခြင်းသည် ဂုဏ်ယူစရာဖြစ်လာ၏။ ဓာတ်လှေကားသုံးမည့်အစား တတ်နိုင်သမျှလမ်းလျှောက်တက်ခြင်း ပြုလုပ်လာကြ၏။ ရုံးထိုင်အရာရှိအခန်းတွင် လူခေါ်ခေါင်းလောင်းမထားတော့။ တယ်လီဖုန်းပြောလျှင် မတ်တပ်ရပ်ပြော၏။ ပုဂံသို့ အလည်အပတ်လာရောက်သော ကမ္ဘာလှည့်ခရီးသည်များသည် စက်ဘီးငှားစီး၍ ခရီးတွင်အောင် သွားကြ၏။ မြန်မာနိုင်ငံလို လေကောင်းလေသန့်ရသည့်နေရာ၊ တည်ငြိမ်အေးချမ်းသန့်သည့်နေရာမျိုးတွင် စိတ်သန့်သန့်ဖြင့် သွားလာနိုင်ကြ၍ ပျော်ကြ၏။

သူတို့သည် သီချင်းလေးတကြော်ကြော်ဆိုပြီး လယ်ယာလုပ်ငန်းခွင်သို့ လမ်းလျှောက်သွားနေကြသော ကောက်စိုက်သမများကို ကြည့်ကာ၊ ဘယ်အချိန်မဆို စိမ်းစိုနေသော လယ်တောတွေကိုကြည့်ကာ ဓာတ်ပုံ တဖျပ်ဖျပ်ရိုက်နေကြ၏။ နိုင်ငံရပ်ခြားသုတေသနပြုချက်ထဲတွင် ပါသည့် သူနာပြုဆရာမများ အလုပ်များသည်မှာ အရိပ်ထဲသာ ဖြစ်ပါသည်။ ကောက်စိုက် သမများမှာမူ နေပူစပ်ခါးထဲတွင် ခါးချည့်အောင် အလုပ်လုပ်ပြီးပါက အိမ်ရောက်အောင် လမ်းလျှောက်ပြန်ရသေးသည်။ "ကောက်စိုက်အပြန် ရေကန်ကြီးက ကြာတစ်စည်းလောက် ချိုးခဲ့ကွယ်" ဟု မှာသူအတွက် အပြန်လမ်းတွင် ကြာဖြူကြာနီများ ချိုးယူသွားရပေဦးမည်။

သူနာပြုများ၊ ကောက်စိုက်သမများကဲ့သို့ အလုပ်ကြိုးစားသော အိမ်ရှင်မများသည်လည်း အိမ်မှုကိစ္စလုပ်ရင်း တစ်နေ့လျှင် လေးနာရီခန့် လမ်းလျှောက်နေရသည်ကို တွေ့နေရ၏။ အလုပ်လုပ်ရင်း ဈေးကလေး တစိုစိုဖြင့် အလှတွေပိုလာကြသည်။

လမ်းလျှောက်ခြင်းသည် ကိုယ်ရောစိတ်ပါ ကျန်းမာချမ်းသာ၏။

အလုပ်ဖြစ်အောင် လမ်းလျှောက်ခြင်းသည် ဂုဏ်ရှိ၏။ စိတ်နှင့်ရုပ်ကို နုပျိုလှပစေ၏။

အစည်းအဝေးအပြီးတွင် ကျွန်တော်လမ်းလျှောက်ပြန်လာခဲ့၏။ "လမ်းလျှောက်ခြင်း" အခွင့်အရေးရ၍ ကျွန်တော်ပျော်ပါ၏။ ။

**သွေးတိုးကျခြင်း၊ နှလုံးရောဂါကာကွယ်နိုင်ခြင်း၊ စိတ်ချမ်းသာခြင်း၊ အရိုးများ ကြံ့ခိုင်သန်စွမ်းခြင်း၊ အဝမလွန်အောင် ထိန်းနိုင်ခြင်း၊ ကြွက်သားများ သန်စွမ်းဖျတ်လတ်စေခြင်း၊ သွေးတွင်းမှ အဆီကျစေခြင်း၊ သွေးတွင်းမှ သကြားဓာတ်ကျစေခြင်း၊ အရွယ်မရွေး လူတန်းစားမရွေး ဆောင်ရွက်နိုင်ခြင်း ဟူသည့် အကျိုးကိုးမျိုးရနိုင်။**

## ငမိုးရိပ်ဂျုံးဖြူသောက်သုံးရေသွယ်ယူခြင်းဖွင့်ပွဲ ဒုတိယမြို့တော်ဝန် ဗိုလ်မှူးကြီးမောင်ပါ တက်ရောက်

**ရန်ကုန် ဩဂုတ် ၁**

တောင်ဥက္ကလာပမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း၏ ဦးဆောင်မှုဖြင့် တောင်ဥက္ကလာပမြို့နယ် အမှတ်(၁၄) စီမံကိန်း(၂)ရပ်ကွက် ကိုယ့်အားကိုယ်ကိုး ငမိုးရိပ်/ ဂျုံးဖြူသောက်သုံးရေသွယ်ယူခြင်း ဖွင့်ပွဲအခမ်းအနားကို ယမန်နေ့ မွန်းလွဲ ၁ နာရီက အဆိုပါရပ်ကွက် မင်္ဂလာမဏ္ဍပ်၌ကျင်းပရာ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင် ရန်ကုန်တိုင်းတာဝန်ခံ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ ဒုတိယဥက္ကဋ္ဌ ဒုတိယမြို့တော်ဝန် ဗိုလ်မှူးကြီးမောင်ပါ တက်ရောက် အမှာစကားပြောကြားသည်။

ဆက်လက်၍ မင်္ဂလာချိန်ကျရောက်သည်နှင့် မင်္ဂလာမဏ္ဍပ်ရှေ့၌ ဗဟို အလုပ်အမှုဆောင် ဒုတိယမြို့တော်ဝန် ဗိုလ်မှူးကြီးမောင်ပါ၊ ရန်ကုန်အရှေ့ပိုင်းခရိုင်အသင်း အတွင်းရေးမှူး ဦးဇော်အောင်နှင့် ရပ်မိရပ်ဖ ဦးသန်းညွန့်တို့က ငမိုးရိပ် ဂျုံးဖြူသောက်သုံးရေသွယ်ယူ ခြင်း အခမ်းအနားကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ **(သတင်းစဉ်)**



**လှူဒါန်း**

**ကွယ်လွန်သူ အစ်မ ဒေါ်နီနှင့် ဒေါ်မြမြတို့အား ရည်စူး၍ အမှတ်(၃၂၀) အလုံလမ်း ဒဂုံမြို့နယ်နေ ညီမ ဒေါ်ကြည်ကြည်အေးက ဗဟန်းမြို့နယ် ဇီဝိတဒါန သံဃာ့ဆေးရုံသို့ ထာဝရဆွမ်း၊ဆေး၊ ငွေပဒေသာပင် ကျပ်သုံးသိန်းလှူဒါန်းရာ ဆေးရုံအုပ်ချုပ်ရေးအဖွဲ့ အတွင်းရေးမှူး ဦးမောင်မောင် လက်ခံယူစဉ်။** (က–ပ)

## သက်ရှည်ကျန်းမာဖို့ နေ့စဉ်လမ်းလျှောက်ကြစို့

၁။ ခန္ဓာကိုယ်နှင့်စိတ်ဓာတ်ကြံ့ခိုင်ကျန်းမာလာစေသည်။
၂။ သက်လုံကောင်း၍ အမောခံနိုင်သည်။
၃။ အဆီလျော့ကျ၍ အဝမလွန်အောင် ထိန်းပေးနိုင်သည်။
၄။ ဦးနှောက်နှင့်အာရုံကြောအားကောင်း၍ ဉာဏ်ရည်ထက်မြက်စေသည်။
၅။ ကိုယ်ခံစွမ်းအား မြင့်တက်စေပြီး ရောဂါများကို ကာကွယ်နိုင်သည်။
၆။ အကြောအခြင်အရွတ်များကို ပျော့ပျောင်းစေ၍ လူကို ဖျတ်လတ်ပေါ့ပါးစေနိုင်သည်။
၇။ သွေးလည်ပတ်မှုကောင်းမွန်ပြီး အိပ်ပျော်စားဝင်စေသည်။
၈။ စိတ်ဖိစီးမှုလျော့နည်းစေ၍ ကြည်လင်လန်းဆန်းစေသည်။
၉။ နေ့စဉ်ပုံမှန်နာရီဝက်ခန့် လမ်းလျှောက်ပေးခြင်းဖြင့် ကျန်းမာကြံ့ခိုင်သော ဘဝကို ပိုင်ဆိုင်စေသည်။

သို့ဖြစ်ပါ၍ ကိုယ်ရောစိတ်ပါ ကြံ့ခိုင်ကျန်းမာလာစေရန် လူတိုင်း နေ့စဉ်နာရီဝက်ခန့် ပုံမှန်လမ်းလျှောက်ကြပါရန် နှိုးဆော်အပ်ပါသည်။

**အားကစားဝန်ကြီးဌာန**





# စပါးသီးနှံသည် စိုက်ဧကအများဆုံးနှင့် အဓိကသီးနှံဖြစ် တစ်မိုးနှစ်သီးစိုက်ပျိုး၊ တစ်ဧကအထွက်နှုန်းတိုးရေးဆောင်ရွက်

ရန်ကုန် ဩဂုတ် ၁

ရန်ကုန်မြောက်ပိုင်းခရိုင် ၂၀၀၆-၂၀၀၇ခုနှစ် ခရိုင်လုံးကျွတ် ရေတော်မိုးတော် စပါးထွန်တုံးပိတ်ပွဲနှင့် **ခရိုင်အဆင့်စပါးအတန်းလိုက် တိုက်ရိုက်မျိုးစေ့ချ ကိရိယာဖြင့် မျိုးစေ့ချစွမ်းရည်ပြိုင်ပွဲ အခမ်းအနားကို ယမန်နေ့နံနက်၆နာရီခွဲက ရန်ကုန်မြောက်ပိုင်းခရိုင် ထန်းတပင်မြို့နယ် ရခိုင်ရိုးကြီးကျေးရွာအနီးရှိ တောင်သူဦးသန်းဝင်း၏ လယ်မြေ၌ ကျင်းပရာ ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ရန်ကုန်တိုင်း စစ်ဌာနချုပ်တိုင်းမှူး ဗိုလ်မှူးချုပ်လှဋ္ဌေးဝင်း တက်ရောက်၍ အမှာစကားပြောကြားသည်။** (အပေါ်ပုံ)

## အမှာစကားပြောကြား

ရှေးဦးစွာ ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ တိုင်းမှူး ဗိုလ်မှူးချုပ် လှဋ္ဌေးဝင်းက လယ်ယာကဏ္ဍ၌ စပါးသီးနှံသည် စိုက်ဧက အများဆုံးဖြစ်ပြီး နိုင်ငံ၏ အဓိကသီးနှံလည်း ဖြစ်ကြောင်း၊ စပါး တစ်မိုးနှစ်သီးစိုက်ပျိုးကြရန်နှင့် စိုက်ပျိုးပြီးစပါးများ တစ်ဧကအထွက်နှုန်း တိုးတက်ရေးအတွက် ကောက်ပင်ဖာခြင်း၊ ဒိုချက်ကင်း သဘာဝမြေဩဇာကို ဓာတ်မြေဩဇာနှင့် ရောစပ်လျက် စနစ်တကျ ကျွေးခြင်း၊ ပိုးမွှားအန္တရာယ်ကြိုတင်ကာကွယ်ခြင်းစသည့် လုပ်ငန်းများကို ဆောင်ရွက်ကြရန် တိုက်တွန်းပါကြောင်းနှင့် ခြံစည်းရိုးကြက်ဆူပင်များ တိုးချဲ့စိုက်ပျိုးကြရန်နှင့် စိုက်ပျိုးပြီး အပင်များ ကောင်းစွာရှင်သန်သီးပွင့်ပြီး အထွက်နှုန်းကောင်း ရရှိအောင် ထိန်းသိမ်းပြုစု၍ စိုက်ပျိုးကြစေလိုကြောင်းဖြင့် ပြောကြားသည်။

## ရှင်းလင်းတင်ပြ

ထို့နောက် ရန်ကုန်မြောက်ပိုင်းခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး မြတ်မင်းက ခရိုင်အတွင်း မိုးစပါးစိုက်ပျိုးပြီးစီးမှု အခြေအနေကို ရှင်းလင်းတင်ပြသည်။

## ပေးအပ်

ယင်းနောက် ရန်ကုန်မြောက်ပိုင်းခရိုင်အတွင်းရှိ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌများက မြို့နယ်အလိုက် ထွန်တုံးပိတ်အစီရင်ခံစာများကို ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌထံ ပေးအပ်ကြသည်။

## စတင်ဖွင့်လှစ်

ထို့နောက် ပြိုင်ပွဲအမှတ်ပေး ဒိုင်ချုပ်က ပြိုင်ပွဲစည်းကမ်းများနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားပြီး ပြိုင်ပွဲကို စတင်ဖွင့်လှစ်သည်။

## ကြည့်ရှု

ယင်းနောက် တိုင်းမှူးနှင့် ဧည့်သည်တော်များသည် ခရိုင်အတွင်းရှိ မြို့နယ် ရှစ်မြို့နယ်မှ ပြိုင်ပွဲဝင် အသင်းရှစ်သင်း၏ မျိုးစေ့ချစွမ်းရည်ပြိုင်ပွဲ ယှဉ်ပြိုင်နေမှုနှင့် စပါးပန်းတိုင်အထွက်နှုန်းရရှိစေရန် စပါးမျိုး ယှဉ်ပြိုင်စမ်းသပ်ကွက်တို့ကို ကြည့်ရှုကြသည်။

## ငါးမျိုးစိုက်ထည့်

ထို့နောက် တိုင်းမှူးနှင့် ဧည့်သည်တော်များသည် ငါးလုပ်ငန်းဦးစီးဌာနက ကျင်းပသည့် စပါးခင်းများ အတွင်း ငါးမျိုးများစိုက်ထည့်ခြင်း အခမ်းအနားသို့ တက်ရောက်၍ ငါးခုံးမငါးသားပေါက်ကောင်ရေ ၁၅၀၀၀ ကို စပါးခင်းများအတွင်း မျိုးစိုက်ထည့်ပေးကြသည်။

ယင်းနောက်တိုင်းမှူးနှင့် ဧည့်သည်တော်များသည် စပါးတစ်မိုးနှစ်သီး၊ တစ်နှစ်သုံးသီးစိုက်ခင်း၊ ကျေးရွာများရှိ အိမ်ခြံမြေလွတ်၊ မြေလပ်များ၌ စားပင်သီးနှံ ဟင်းသီးဟင်းရွက် ၁၀ မျိုး ၁၀ ပင်၊ စင် တစ်စင်စိုက်ပျိုးရန် နမူနာစိုက်ပျိုးပြသထားမှု၊ "ခြင်း"ဖြင့် "ချင်း" စိုက်ပျိုးထားမှု၊ ဒိုချက်ကင်း သဘာဝမြေဩဇာပြုလုပ်နည်းအဆင့်ဆင့်လက်တွေ့ပြသမှု၊ မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း၏ စိုက်ပျိုးရေးပညာပေး ပြခန်းနှင့် စက်မှုလယ်ယာဦးစီးဌာနမှ ထုတ်လုပ်သော လယ်ယာ (၁၆) လက်တွန်းထွန်စက်နှင့် အပိုပစ္စည်း များကို လိုက်လံကြည့်ရှုကြပြီး ထွန်တုံးပိတ်ပွဲ အထိမ်းအမှတ်အဖြစ် ခြံစည်းရိုး ကြက်ဆူပင်များကို စိုက်ပျိုးပေးကြသည်။

ဆက်လက်၍ တိုင်းမှူးနှင့် ရန်ကုန်မြောက်ပိုင်းခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌတို့က စပါးအတန်းလိုက် မျိုးစေ့ချ စွမ်းရည်ပြိုင်ပွဲ၌ ပထမ၊ ဒုတိယ၊ တတိယနှင့် အထူးဆုရရှိကြသည့် အသင်းများအား ဆုများ ပေးအပ်ချီးမြှင့်ကြသည်။

## ဆုပေးအပ်

ထို့နောက် အလှူရှင်များက ပြိုင်ပွဲဝင်အသင်းများအား ထပ်ဆင့်ဂုဏ်ပြုဆုပစ္စည်းများ ပေးအပ်ကြပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

## ရာနှုန်းပြည့်စိုက်ပျိုးပြီး

ရန်ကုန်မြောက်ပိုင်းခရိုင်အနေဖြင့် ၂၀၀၆-၂၀၀၇ ခုနှစ်အတွင်း မိုးစပါး ဧက ၃၇၄၂၁၀၊ တစ်မိုးနှစ်သီး ဧက ၂၀၀၀၀ နှင့် ရေတော်မိုးတော် ၂၃၂၂၅၅ ဧက လျာထားစိုက်ပျိုးလျက်ရှိရာ ယနေ့အထိ မိုးစပါး၊ ၃၀၂၉၄၅ ဧက၊ တစ်မိုးနှစ်သီး ၆၀၃၄ ဧကနှင့် ရေတော်မိုးတော် ရာနှုန်းပြည့် စိုက်ပျိုးပြီး ဖြစ်ကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

# တိုင်းမှူး ဗိုလ်ချုပ်သူရမြင့်အောင်နှင့် ဝန်ကြီးဗိုလ်ချုပ်စောထွန်း ကျွန်းကုန်းတံတား ပန္နက်တော်များ ရိုက်သွင်းပေး

ရန်ကုန် ဩဂုတ် ၁

**ဧရာဝတီတိုင်း မြောင်းမြခရိုင် ဝါးခယ်မမြို့နယ်နှင့် အိမ်မဲမြို့နယ်တို့ကို ဆက်သွယ်၍ ပြမလော့မြစ်ကို ဖြတ်သန်းပြီး ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း ကျွန်းကုန်းတံတားဆောက်လုပ်ရေးစီမံကိန်းအထူးအဖွဲ့က တည်ဆောက်မည့် ကျွန်းကုန်းတံတား ပန္နက်တော်တင်ရတနာပိုင်တိုင် စိုက်ထူခြင်း မင်္ဂလာအခမ်းအနားကို ယမန်နေ့နံနက် ၈နာရီ မိနစ် ၄၀တွင် အိမ်မဲမြို့နယ်ဘက်ကမ်းရှိ ပန္နက်တင်မင်္ဂလာမဏ္ဍပ်၌ ကျင်းပသည်။**

အခမ်းအနားသို့ ဧရာဝတီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သူရမြင့်အောင်၊ ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီးဗိုလ်ချုပ်စောထွန်း၊ တပ်မတော်အရာရှိကြီးများ၊ တိုင်း၊ ခရိုင်နှင့် မြို့နယ်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ပြည်သူ့ ဆောက်လုပ်ရေးလုပ်ငန်းမှ တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ဒေသခံတိုင်းရင်းသားပြည်သူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

## ပန္နက်တော်များစိုက်သွင်းပေး

မင်္ဂလာအခမ်းအနား၌ အိမ်မဲမြို့နယ်ဘက်ကမ်းရှိ ကမ်းကပ်ခုံ($A_z$)တွင် ဘိုးပိုင်အုတ်မြစ်တူးမည့်အမှတ်(၁) ပန္နက်တော်မင်္ဂလာနေရာမွန်၌ တိုင်းမှူး ဗိုလ်ချုပ်သူရမြင့်အောင်ကလည်းကောင်း၊ အမှတ်(၂)ပန္နက်တော်မင်္ဂလာနေရာမွန်၌ ဝန်ကြီးဗိုလ်ချုပ်စောထွန်းက လည်းကောင်း မင်္ဂလာအချိန် နံနက် ၉နာရီတွင် ပန္နက်တော်များကို ကိုးကြိမ်ရိုက်သွင်းပေးကြပြီး အမွှေးနံ့သာရည်များဖြင့် ပက်ဖျန်းပေးကြသည်။

ထို့နောက် အမှတ်(၃)ပန္နက်တော်မင်္ဂလာနေရာမွန်၌ တိုင်းမှူးက စက်ခလုတ်နှိပ်၍ Vibro Hammer ဖြင့် Stand Pipe ရတနာပိုင်တိုင်ကို ရိုက်သွင်းပေးပြီး တိုင်းမှူးနှင့် ဝန်ကြီးတို့က အမွှေးနံ့သာရည်များဖြင့် ပက်ဖျန်းပေးကြပြီး မင်္ဂလာအခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

## အမျိုးအစား

အဆိုပါ ကျွန်းကုန်းတံတား၏ အပေါ်ထည်သည် ဘေလီသံပေါင်ကြိုးတံတားဖြစ်ပြီး တံတားအောက်ထည်မှာ လွန်တူးဘိုးပိုင် အမျိုးအစားဖြစ်သည်။ စုစုပေါင်းတံတားအရှည်မှာ ပင်မတံတားသည်ပေ ၅၀၀ ရှိပြီး ယာဉ်သွားလမ်းအကျယ်သည် ၁၁ ပေ ၃ လက်မ တစ်လမ်းသွားနှင့် ခွင့်ပြုယာဉ်အလေးချိန်မှာ ယာဉ်တစ်စီးချင်း ၁၈ တန်ဖြစ်သည်။

ဤတံတားကြီးကို တည်ဆောက်ပေးခြင်းဖြင့် ကျွန်းကုန်းမှ ကျွန်းကုန်း-ရွှေလောင်း-ကျုံကနောင်-ပုသိမ်လမ်းအစား၊ကျွန်းကုန်း-ရွာသစ်-မြင်းကဆိပ်-ပုသိမ်လမ်းကို အသုံးပြု၍ ပုသိမ်သို့သွားမည်ဆိုပါက ၄၆ မိုင် ၆ ဖာလုံခရီး မိုင်သက်သာသွားမည်ဖြစ်ကြောင်း သိရသည်။ **(သတင်းစဉ်)**

# စီမံကိန်းအတွက် ကွန်တိန်နာများရောက်ရှိမှု ဝန်ကြီးဗိုလ်ချုပ်စောလွင်ကြည့်ရှုစစ်ဆေး

နေပြည်တော် ဩဂုတ် ၁

**အမှတ်(၂)စက်မှုဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စောလွင်သည် တာဝန်ရှိသူ များလိုက်ပါလျက် ဇူလိုင် ၂၈ ရက်က ရန်ကုန်တိုင်း သန်လျင်မြို့နယ်ရှိ သီလဝါ ဆိပ်ကမ်းသို့ ရောက်ရှိ၍ အမှတ်(၂)စက်မှုဝန်ကြီးဌာန မြန်မာ့မော်တော်ယာဉ်နှင့် ဒီဇယ်အင်ဂျင်ထုတ်လုပ်မှုလုပ်ငန်း၏ဘက်စုံသုံး ဒီဇယ်အင်ဂျင်ထုတ်လုပ်မှုစက်ရုံ စီမံကိန်း (သာဂရ)အတွက် တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ တင်ပို့လိုက်သော Steel Structure များပါရှိသည့် ကွန်တိန်နာများကို ဆိပ်ကမ်းမှ စီမံကိန်းနယ်မြေသို့ သယ်ယူမှုကို ကြည့်ရှုစစ်ဆေးရာ ဦးဆောင်ညွှန်ကြားရေးမှူး ဦးစိုးသိမ်းက ကွန်တိန်နာများ ရောက်ရှိမှုနှင့် စီမံကိန်းနယ်မြေသို့ သယ်ယူရန်အတွက် စီစဉ်ဆောင်ရွက်ထားရှိမှုအခြေအနေတို့ကို ရှင်းလင်းတင်ပြပြီး ဝန်ကြီးက လိုအပ်သည်များကို မှာကြားကြောင်း သတင်းရရှိသည်။** (သတင်းစဉ်)

# ကလေးများအတွက် ကျန်းမာသောပတ်ဝန်းကျင်နှင့် အမှိုက်ကင်းစင်ကျောင်း သတ်မှတ်ခြင်း အခမ်းအနားကျင်းပ

**ရန်ကုန် ဩဂုတ် ၁**

ရန်ကုန်အရှေ့ပိုင်းခရိုင်သာကေတ မြို့နယ် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းကကြီးမှူး၍ ကလေးများ အတွက် ကျန်းမာသော ပတ်ဝန်းကျင်နှင့် ခြင်ကင်းစင်၊ ဆေးလိပ်ကင်းစင်နှင့် အမှိုက်ကင်းစင်ကျောင်းအဖြစ် သတ်မှတ်ခြင်းအခမ်းအနားကို ယမန်နေ့ နံနက် ၇နာရီခွဲက သာကေတမြို့နယ် အမှတ်(၃၈) အခြေခံပညာ မူလတန်းကျောင်း၌ကျင်းပရာ ရန်ကုန်တိုင်း မိခင်နှင့်ကလေး စောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်မာမာဝေက အမှာစကား ပြောကြားသည်။

## ပေးအပ်လှူဒါန်း

ထို့နောက် သာကေတ စက်မှုဇုန်ကြီးကြပ်ရေးကော်မတီက ငွေကျပ်ငါးသိန်း၊ ဝိုင်ဒီယမကာစက်ရုံက ငွေကျပ်သုံးသိန်း၊ Nibban Electric & Electronic၊ Century Co နှင့် High-Tech Concrete တို့က ငွေကျပ်တစ်သိန်းစီတို့ကို ပေးအပ်လှူဒါန်းကြရာ ရန်ကုန်တိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်မာမာဝေက လက်ခံပြီး မြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းများနှင့် ရပ်ကွက်မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းခွဲများအတွက် သန့်ရှင်းရေးလုပ်ငန်းသုံးပစ္စည်းများကို ကျောင်းအုပ်ကြီးများနှင့် အသင်းခွဲဥက္ကဋ္ဌများထံ ပေးအပ်သည်။



ဆက်လက်၍ သာကေတမြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌ ဒေါ်စန်းစန်းရီက ရာသက်ပန်အသင်းဝင် အဆိုပြုလွှာများကို ရန်ကုန်တိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌထံပေးအပ်သည်။

ယင်းနောက် မြို့နယ်မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း အတွင်းရေးမှူး ဒေါက်တာဒေါ်ခင်သန်းအေးက ကျောင်းကျန်းမာရေး လုပ်ငန်းဆောင်ရွက်မှုများနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ရန်ကုန်တိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ အတွင်းရေးမှူး ဒေါက်တာလှမြင့်က မြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းများအတွက် သွေးလွန်တုပ်ကွေးရောဂါ ပညာပေး ရုပ်ပုံကားချပ်များကို ပေးအပ်သည်။

ထို့နောက် ခြင်ကင်းစင်၊ ဆေးလိပ်ကင်းစင်၊ အမှိုက်ကင်းစင်ကျောင်း အဖြစ် သတ်မှတ်ဖွင့်လှစ်ခြင်း အခမ်းအနားကို ကျောင်းရှေ့၌ကျင်းပရာ ရှေးဦးစွာ မြို့နယ်မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌက ခြင်၊ ဆေးလိပ်၊ အမှိုက်ကင်းစင်ကျောင်း အဖြစ် သတ်မှတ်ရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ရန်ကုန်တိုင်း ရန်ကုန်အရှေ့ပိုင်းခရိုင် မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်နန်းရွှေယဉ်နှင့် ကျောင်းအုပ်ဆရာမကြီးဒေါ်သန်းဝင်းတို့က အခမ်းအနားကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

## အမှတ်တရသစ်ပင်စိုက်

ယင်းနောက် ရန်ကုန်တိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌက ခြင်ကင်းစင်ကျောင်း၊ ဆေးလိပ်ကင်းစင်ကျောင်း၊ အမှိုက်ကင်းစင်ကျောင်းဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်၍ဖွင့်လှစ်ပေးပြီး အမှတ်တရသစ်ပင်ကို စိုက်ပျိုးပေးကာ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ထို့နောက် ရန်ကုန်တိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေးကြီးကြပ်ရေး အဖွဲ့ဥက္ကဋ္ဌသည် သာကေတမြို့နယ် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း၏ မူလတန်းကြိုကျောင်းသို့ သွားရောက်၍ ရင်သွေးလေးများအား အာဟာရပြည့်စွက်အစားအစာနှင့် မုန့်များဝေငှပေးအပ်ခြင်း၊ ဆေးစိမ်ခြင်ထောင်များပေးအပ်လှူဒါန်းခြင်း၊ သက်ကြီးဘိုးဘွားများအား ထောက်ပံ့ပစ္စည်းများပေးအပ်ခြင်း **(အပေါ်ဝဲပုံ)** များကို ဆောင်ရွက်ပြီး ကျန်းမာရေးဝန်ထမ်းများက အဘိုးအဘွားများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးနေမှုကိုလည်းကောင်း၊ သုံးနှစ်အောက်ကလေးငယ်များအား အာဟာရတိုက်ကျွေးနေမှုကိုလည်းကောင်း၊ တိုင်းရင်းဆေး ပျိုးဥယျာဉ်ကို လည်းကောင်း လိုက်လံကြည့်ရှု၍ တိုင်းရင်းဆေးပျိုးပင်ကို အမှတ်တရ စိုက်ပျိုးပေးကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**



**သဃ်ၤန်းကျွန်းမြို့နယ် လုံးသွယ်လမ်း အမှတ်(၁၅၂)နေ ဦးမောင်မောင်ခင်-ဒေါ်စောဝင်းမိသားစုက ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ် အမှတ်(၂)အဝေးပြေးလမ်းမကြီးပေါ်ရှိ ဦးလှထွန်းမေတ္တာရိပ်မွန်(ကင်ဆာ)ဖောင်ဒေးရှင်း အတွင်း လူနာ(ကင်ဆာ)ဗဟိုသို့ အလှူငွေကျပ်တစ်သိန်းလှူဒါန်းရာ ဖောင်ဒေးရှင်း ဥက္ကဋ္ဌ ဦးလှထွန်းက လက်ခံယူစဉ်။** (က-ပ)

# မိခင်နို့စနစ်တကျတိုက်ကျွေးသောဆေးရုံနှင့်မြို့နယ်အဖြစ် အသိအမှတ်ဂုဏ်ပြုဆုချီးမြှင့်ပွဲအခမ်းအနားကျင်းပ

ရန်ကုန် ဩဂုတ် ၁

**ကျန်းမာရေးဝန်ကြီးဌာန ကျန်းမာရေးဦးစီးဌာနနှင့် ကုလသမဂ္ဂကလေးများ ရန်ပုံငွေအဖွဲ့တို့ ပူးပေါင်းဆောင်ရွက်သည့် မိခင်နို့စနစ်တကျတိုက်ကျွေးသော ဆေးရုံနှင့်မြို့နယ်အဖြစ် အသိအမှတ်ဂုဏ်ပြုဆုချီးမြှင့်သည့် အခမ်းအနားကို ယနေ့နံနက် ၈ နာရီတွင် ရန်ကုန်မြို့ ဗိုလ်ချုပ်အောင်ဆန်းလမ်းရှိ သူနာပြုတက္ကသိုလ် (ရန်ကုန်)ခန်းမ၌ ကျင်းပရာ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးဒေါက်တာမြဦးတက်ရောက်၍ အမှာစကားပြောကြားသည်။**



**တက်ရောက်**

အခမ်းအနားသို့ ကျန်းမာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာတင်ဝင်းမောင်၊ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌများဖြစ်ကြသော ဒေါ်ခင်လေးမြင့်၊ ဒေါ်ခင်သက်ငွေး၊မြန်မာနိုင်ငံမိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း ဒုတိယဥက္ကဋ္ဌများဖြစ်ကြသော ဒေါက်တာဒေါ်တင်လင်းမြင့်၊ ဒေါ်အေးအေး၊ ကျန်းမာရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ပါမောက္ခချုပ်များ၊ ညွှန်ကြားရေးမှူးများ၊ ဆေးရုံအုပ်ကြီးများနှင့် ကုလသမဂ္ဂကလေးများရန်ပုံငွေအဖွဲ့ ဌာနေကိုယ်စားလှယ် Mr. Ramesh Shrestha နှင့် ကုလသမဂ္ဂ လက်အောက်ခံ အဖွဲ့အစည်းများမှ တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များမှ ဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများ၊ ဖိတ်ကြားထားသည့် ဧည့်သည်တော်များ တက်ရောက်ကြသည်။

ရှေးဦးစွာ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမြဦးက အဖွင့်အမှာစကား ပြောကြားရာတွင် ၁၉၉၂ခုနှစ်မှစပြီး ယနေ့အထိ ရက်သတ္တပတ်ကို မိခင်နို့တိုက်ကျွေးရေး ရက်သတ္တတစ်ပတ်အဖြစ် သတ်မှတ်ပြီး ကမ္ဘာနှင့်အဝန်း၌ အခမ်းအနားအမျိုးမျိုး၊ လှုပ်ရှားမှုအဖုံဖုံဖြင့် ဂုဏ်ပြု ကျင်းပလျက်ရှိကြောင်း၊ ထို့အတူ မြန်မာနိုင်ငံတွင်လည်း အစဉ်အလာမပျက် နှစ်စဉ်ဆက်တိုက် ကျင်းပခဲ့ရာ ယနေ့ ကျင်းပသည့် ဂုဏ်ပြုဆုချီးမြှင့်ပွဲ အခမ်းအနားသည် ၂၀၀၆ခုနှစ် ကမ္ဘာ့မိခင်နို့ တိုက်ကျွေးရေးရက်သတ္တပတ်၏အဖွင့် လှုပ်ရှားမှု အခမ်းအနား ဖြစ်ကြောင်း။

**အကောင်အထည်ဖော်**

ကျန်းမာရေးဝန်ကြီးဌာန အနေနှင့် မိခင်နို့စနစ်တကျတိုက်ကျွေးသော စီမံချက်ကို ၁၉၉၃ခုနှစ် ဇန်နဝါရီမှ စတင်အကောင်အထည်ဖော်ခဲ့ရာ ယခုနှစ်ထိ မိခင်နို့စနစ်တကျတိုက်ကျွေးသောဆေးရုံများအဖြစ် ဆေးရုံပေါင်း ၄၁၄ရုံကို အသိအမှတ်ပြုနိုင်ခဲ့ပြီဖြစ်ကြောင်း၊ မိခင်နို့စနစ်တကျတိုက်ကျွေးသော မြို့နယ်များအဖြစ် ၁၄၂မြို့နယ်ကို အသိအမှတ်ပြုနိုင်ခဲ့ပြီဖြစ်ကြောင်း၊ ယခုနှစ်ကျင်းပဆောင်ပုဒ်မှာ Code Watch ;25 Year of Protecting Breastfeedingဖြစ်ပြီး မြန်မာလို"မိခင်နို့အစားထိုးကြော်ငြာများ၊ တားမြစ်ချက်ရှိသည် သတိထား" လို့ ပြန်ဆို သတ်မှတ်ထားပါကြောင်း ဖြင့် ပြောကြားသည်။

ထို့နောက် ကုလသမဂ္ဂကလေးများရန်ပုံငွေအဖွဲ့ ဌာနေကိုယ်စားလှယ် Mr. Ramesh Shrestha က အမှာစကားပြောကြားသည်။

ဆက်လက်၍ အသိအမှတ်ပြုဆုရရှိသည့် ဆေးရုံများအား ဆုချီးမြှင့်ရာ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမြဦးက ကရင်ပြည်နယ် ဖာပွန်မြို့နယ်ဆေးရုံ၊ ပဲခူးတိုင်း(အရှေ့) ကျောက်ကြီးမြို့နယ်ဆေးရုံ၊ မကွေးတိုင်း စေတုတ္တရာမြို့နယ်ဆေးရုံ၊ရောဝတီတိုင်းဟင်္သာတမြို့နယ် ဒမ္မိတိုက်နယ်ဆေးရုံ၊ ရန်ကုန်တိုင်း ဒဂုံ(အရှေ့)မြို့နယ် ဆေးရုံများကိုလည်းကောင်း၊ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဒေါ်ခင်လေးမြင့်**(အပေါ်ပုံ)**က ပဲခူးတိုင်း(အနောက်) သဲကုန်းမြို့နယ် ဆင်မြီးဆွဲတိုက်နယ် ဆေးရုံ၊ စစ်ကိုင်းတိုင်း မြောင်မြို့နယ် ကျောက်ရစ်တိုက်နယ်ဆေးရုံ၊ မန္တလေးတိုင်း ပြင်ဦးလွင်မြို့နယ် ဝက်ဝံတိုက်နယ်ဆေးရုံ ကရင်ပြည်နယ်၊ ကော့ကရိတ်မြို့နယ် ကော့ဘိန်း တိုက်နယ်ဆေးရုံနှင့် နဆူးတိုက်နယ် ဆေးရုံများကိုလည်းကောင်း၊ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဒေါ်ခင်သက်ငွေးက ကရင်ပြည်နယ် သံတောင်မြို့နယ် သံတောင်ကြီး မြို့နယ်ခွဲဆေးရုံနှင့် လိပ်သိုတိုက်နယ်ဆေးရုံ၊ မြဝတီမြို့နယ် သဃ်န်းညီနောင်တိုက်နယ်ဆေးရုံ၊ စစ်ကိုင်းတိုင်း ဘုတလင်မြို့နယ် မောင်းထောင်တိုက်နယ်ဆေးရုံနှင့် ဝက်လက်မြို့နယ် ရှိန်းမကားတိုက်နယ်ဆေးရုံများကို လည်းကောင်း၊ မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း ဒုတိယဥက္ကဋ္ဌ ဒေါက်တာ ဒေါ်တင်လင်းမြင့်က စစ်ကိုင်းတိုင်း ဝက်လက်မြို့နယ် မင်းကျီတိုက်နယ်ဆေးရုံ၊ ပဲခူးတိုင်း (အရှေ့)ကျောက်ကြီးမြို့နယ် နတ်သံကွင်းတိုက်နယ်ဆေးရုံ၊ ပဲခူးမြို့နယ် ထန်းတောကြီးတိုက်နယ် ဆေးရုံ၊ သနပ်ပင်မြို့နယ် ကုလားကျောင်းကြီးတိုက်နယ်ဆေးရုံနှင့် ပဲခူးတိုင်း (အနောက်) ပန်းတောင်းမြို့နယ် ဥသျှစ်ပင်တိုက်နယ် ဆေးရုံများကို လည်းကောင်း၊ မြန်မာနိုင်ငံ မိခင်နှင့် ကလေး စောင့်ရှောက်ရေးအသင်း ဒုတိယဥက္ကဋ္ဌ ဒေါ်အေးအေးက ပဲခူးတိုင်း(အနောက်) သဲကုန်းမြို့နယ် ပုတီးကုန်း တိုက်နယ်ဆေးရုံ၊ ပန်းတောင်းမြို့နယ် ထုံးဘိုတိုက်နယ်ဆေးရုံ၊ ကြို့ပင်ကောက်မြို့နယ် အလယ်ကုန်းတိုက်နယ်ဆေးရုံ၊ ရွှေတောင်မြို့နယ် ကျီးသဲတိုက်နယ်ဆေးရုံ၊ပြည်မြို့နယ် ဝက်ထီးကန်တိုက်နယ်ဆေးရုံများကို လည်းကောင်း၊ ကုလသမဂ္ဂကလေးများ ရန်ပုံငွေအဖွဲ့ ဌာနေကိုယ်စားလှယ် Mr. Ramesh Shrestha က စံရွေးတိုက်နယ်ဆေးရုံ၊ ရွှေပန်းတော တိုက်နယ်ဆေးရုံ၊ မအူတိုက်နယ် ဆေးရုံ၊ ပခန်းကြီးတိုက်နယ်ဆေးရုံ၊ မြစ်ခြေတိုက်နယ်ဆေးရုံများကိုလည်းကောင်း၊ ကမ္ဘာ့ကျန်းမာရေး အဖွဲ့ ဌာနေကိုယ်စားလှယ် Professor Adik Wibowo က လင်ဇင်းတိုက်နယ်ဆေးရုံ၊ ကညောင် တိုက်နယ်ဆေးရုံ၊ မိချောင်းရဲ တိုက်နယ်ဆေးရုံ၊ ကူမဲ တိုက်နယ်ဆေးရုံ၊ တလုတ်ထော် တိုက်နယ်ဆေးရုံများကို လည်းကောင်း အသိအမှတ်ဂုဏ်ပြုဆုရရှိသည့် မြို့နယ်များအား ဆုချီးမြှင့်ရာ ကျန်းမာရေး ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာ တင်ဝင်းမောင်က စစ်ကိုင်းတိုင်း ဘုတလင်မြို့နယ်၊ ဝက်လက်မြို့နယ်၊ ပဲခူးတိုင်း(အရှေ့)ကျောက်ကြီးမြို့နယ်၊ ပဲခူးတိုင်း(အနောက်) ပန်းတောင်းမြို့နယ်၊ ကြို့ပင်ကောက်မြို့နယ်၊သာယာဝတီမြို့နယ်၊ မန္တလေးတိုင်း စဉ့်ကူးမြို့နယ်၊ ရန်ကုန်တိုင်း ဒဂုံ(အရှေ့) မြို့နယ်များအား ဂုဏ်ပြုဆုချီးမြှင့်ပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**



**အိန္ဒိယနိုင်ငံ မဇ္ဈိမဒေသ ဗုဒ္ဓဂယာမြေမြတ်မဟာရှိ ဗုဒ္ဓဂယာမြန်မာကျောင်း (မူလ ကျောင်းဟောင်း) နောက်ကျောဘက်ကပ်လျက်တိုးချဲ့မြေ နှစ်ဧက ဝယ်ယူရန်အတွက် (ဖခင်ကြီး ဦးသော်-မိခင်ကြီး ဒေါ်အေးဖော့၊ ညီ ဦးကျော်ရှိန်၊ ညီမ ဒေါ်တင်တင် တို့အား ရည်စူး၍ ဗဟန်းမြို့နယ် ကမ္ဘာအေးစေတီလမ်း အမှတ် ၆၈(ခ/ဂ)နေ အစ်ကိုကြီး ဦးအောင်ဘော်နှင့် ညီအစ်ကိုမောင်နှမ သားသမီး မြေးမြစ်များမိသားစုက အလှူတော် ငွေကျပ်သိန်းနှစ်ဆယ်ကို ရန်ကုန်တိုင်း စမ်းချောင်းမြို့နယ် မြေနီကုန်းကျောင်းလမ်းနှင့် အောင်တော်မူလမ်းရှိ အမှူးဆောင်ဆရာတော် အရှင်ကုသလ(M.A) ရှေ့မှောက်၌ တာဝန်ခံရွှေမြင့်တင် ဦးညို (သီဟသုဓမ္မမဏိဇောတဓရ သဒ္ဓမ္မဇောတိကဓဇ)ထံ မိမိ၏နေအိမ်၌ ပင့်ဖိတ်၍ ပေးအပ်လှူဒါန်းစဉ်။** (က-ပ)

# ဆိုင်ရာပိုင်းက သိုင်းဝိုင်းစို့

* စားဝတ်နေရေး၊ လူမှုရေးရာ
အဖြာဖြာကို၊ လူ့ရွာလူ့ရပ်
ပိုင်းဖြတ်စည်းခြား၊ ရေမြေများတွင်
သီးခြားထူထောင်၊ လူ့ဘောင်အလိုက်
ကြိုက်ရာမူဟန်၊ ကိုယ့်ပုံစံဖြင့်
ထုံးစံမှတ်သား၊ ဆွေသားစဉ်ဆက်
မပျက်လိုက်နာ၊ ကျင့်သုံးလာ
အဲဒါ ယဉ်ကျေးမှု။

* ထို ယဉ်ကျေးမှု၊ မြဲပြုစု၍
ကြီးထုအားမာန်၊ နိုင်ငံပြည်ရွာ
စည်ကားလာပြီး၊ ခိုင်မာတင့်တယ်
လူ့နယ်ရပ်ရွာ၊ ထည်ထည်ဝါဖြင့်
ရှည်ကြာတည်တံ့
ခံ့ခံ့ညားညား၊ နေသွားနိုင်မှု
သမိုင်းရှုက၊ တွေ့နိုင်ကြ၏။

* ထိုယဉ်ကျေးမှု၊ အမှုမထား
လျော့ပါးပျက်ယွင်း၊ ရှိခဲ့ခြင်းကြောင့်
ညီရင်းနောင်ဘွား၊ စည်းလုံးအားသည်
လျော့ပါးပျက်သုဉ်း၊ လူမျိုးသုဉ်းကာ
နိုင်ငံပါပျောက်၊ ဒုက္ခရောက်ကြောင်း
ရှေးဟောင်းသမိုင်း
လူ့သိုင်းဝိုင်းမှာ၊ ရှိခဲ့ပါ၏။

* သမိုင်းအမြင်၊ အမြဲယှဉ်၍
နှစ်စဉ်မပျက်၊ အလေးနက်ထား
ဒို့ဘိုးဘွားတို့၊ ပေးသွားအမွေ
ယဉ်ကျေးမွေကို၊ မသွေမတိမ်း
ထိန်းသိမ်းစဉ်လာ၊ နိုင်ငံသာရေး
ဆိုကရေးတီး၊ ပြိုင်ပွဲကြီးကို
စည်းစနစ်ကျ၊ လှပမြိုင်ဆိုင်
ကျင်းပနိုင်အောင်၊ ဦးဆောင်စေ့ဆော်
နိုင်ငံတော်၏
အရှိစေတနာ၊ လေးထားကာဖြင့်
ဆိုင်ရာပိုင်းက သိုင်းဝိုင်းစို့။ ။

**ရွှန်းမြအောင်**

# မြန်မာနိုင်ငံအင်ဂျင်နီယာအသင်းဗဟိုကော်မတီဝင်များ AOTS သင်တန်းများတက်ရောက်ရန်ဂျပန်သို့ထွက်ခွာ

**ရန်ကုန် ဩဂုတ် ၁**

မြန်မာနိုင်ငံအင်ဂျင်နီယာအသင်း တွဲဖက်အထွေထွေအတွင်းရေးမှူး ဒေါ်ကြည်ကြည်ပြုံးနှင့် ဗဟိုကော်မတီဝင် ဦးကိုကိုကြီးတို့သည် ဂျပန်နိုင်ငံ AOTS Yokohama Kenshu Centre တွင် ဇူလိုင် ၃၁ ရက်မှ ဩဂုတ် ၁၁ ရက်အထိ သင်ကြားပို့ချမည့် Energy Conservation for COEs (AMEC-1)နှင့် Distribution Logisitics for COEs (AMDI-1) သင်တန်းများသို့တက်ရောက်ရန် ဇူလိုင် ၂၉ ရက်က ဂျပန်နိုင်ငံသို့ထွက်ခွာရာ မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်းဥက္ကဋ္ဌ ဦးသန်းမြင့်နှင့် ဗဟိုကော်မတီဝင်များဖြစ်ကြသော ဦးအောင်မြင့်၊ ဦးမြင့်ဖေတို့က ပို့ဆောင်နှုတ်ဆက်ကြကြောင်း သိရသည်။ **(သတင်းစဉ်)**

# ဆရာကြီးဦးလွန်းကြွယ်၏ပန်းချီဟောပြောပွဲနှင့် လက်တွေ့ရေးဆွဲပွဲကျင်းပပြုလုပ်မည်

**ရန်ကုန် ဩဂုတ် ၁**

မြန်မာနိုင်ငံ ရိုးရာပန်းပညာရှင်များ အစည်းအရုံး(ဗဟို) ပညာရေးဆပ်ကော်မတီ၏ အစီအစဉ်အရ ပန်းချီဆရာကြီး ဦးလွန်းကြွယ်၏ ဟောပြောပွဲနှင့် ပန်းချီလက်တွေ့ရေးဆွဲပွဲကို ဩဂုတ် ၆ရက်(တနင်္ဂနွေနေ့) မွန်းတည့် ၁၂နာရီတွင် အမှတ် ၁၇၈/၁၉၂ ဗိုလ်ချုပ်ဈေး အရှေ့ဘက်တန်းရှိ မြန်မာနိုင်ငံ ရိုးရာပန်းပညာရှင်များ အစည်းအရုံး(ဗဟို) အစည်းအဝေးခန်းမ၌ ပြုလုပ်မည်ဖြစ်ရာ အစည်းအရုံးဝင် ပညာရှင်များ၊ ဝါသနာရှင်များနှင့် စိတ်ဝင်စားသူများ တက်ရောက်နိုင်ကြောင်းသိရသည်။ **(က-ပ)**

# ကံထူးရှင်ရွေးချယ်

ရန်ကုန် ဩဂုတ် ၁

**(၂၁၁)ကြိမ်မြောက် ကျပ် ၁၀၀ တန် အောင်ဘာလေသိန်းဆုဖွင့်ပွဲမှ ယနေ့ထွက်ပေါ်လာသည့် ဆုကြီးများမှာ အောက်ပါအတိုင်းဖြစ်သည်။**

**ကျပ်သိန်း(၅၀၀)အထူးဆုကြီး**

လ ၉၈၉၉၁၉

**ကျပ်သိန်း(၃၀၀)ဆုများ**

| | |
|---|---|
| ဏ ၁၇၉၅၇၅ | န ၈၇၈၈၈၈ |

**ကျပ်သိန်း(၂၀၀)ဆုများ**

| | |
|---|---|
| ဍ ၃၁၈၈၈၇ | တ ၈၀၃၆၀၉ |
| ဗ ၅၇၃၂၅၆ | ရ ၄၂၈၉၁၄ |

**ကျပ်သိန်း(၁၀၀)ဆုများ**

| | |
|---|---|
| ဖ ၅၀၉၄၉၂ | ဃ ၇၄၀၃၂၂ |
| ည ၁၅၃၉၉၅ | ပ ၉၉၇၉၉၀ |
| ဂ ၆၆၉၅၃၆ | ဏ ၉၉၀၉၇၀ |
| ဌ ၃၄၅၉၉၈ | ၄ ၂၆၀၄၂၈ |
| ပ ၃၃၃၅၁၈ | တ ၈၈၀၈၄၆ |
| က ၄၂၃၀၇၈ | တ ၂၃၂၃၀၁ |
| န ၉၁၅၂၂၄ | ထ ၇၀၄၃၃၃ |

ဖ-၄၅၇၁၄၃

**ကျပ်သိန်း(၁၀၀)မင်္ဂလာစုံတွဲများ**

| | |
|---|---|
| ဗ ၃၁၉၄၉၁ | သ ၇၄၂၁၉၇ |
| မ ၃၄၈၂၅၇ | တ ၆၈၈၃၀၀ |
| ဘ ၅၀၂၄၃၀ | ရ ၇၃၆၀၅၆ |
| က ၅၂၃၈၁၇ | တ ၃၄၉၆၇၆ |
| ဈ ၅၄၆၅၁၁ | က ၆၆၀၁၈၀ |
| ဘ ၆၂၄၈၇၉ | ဘ ၄၀၂၉၂၅ |
| ဈ ၆၉၇၀၂၃ | ရ ၁၃၁၆၃၇ |
| ည ၃၉၃၂၅၂ | ဓ ၂၉၇၆၃၆ |

**(သတင်းစဉ်)**

# The Commerce Journal အတွဲ(၆)၊ အမှတ်(၁၄)ဖြန့်ချိ

**ရန်ကုန် ဩဂုတ် ၁**

The Commerce Journal အတွဲ(၆) အမှတ်(၁၄)ကို ဖြန့်ချိထားသည်။ အဆိုပါဂျာနယ်တွင် နယ်စပ်ကုန်သွယ်မှုမှ ရသင့်ရထိုက်သည့် အခွန်ငွေ၊ အွန်လိုင်းစနစ်အရ ပို့ကုန်သွင်းကုန် လိုင်စင်လျှောက်လွှာ ပုံစံအသစ်များ၊ မူဆယ် မြဝတီ နယ်စပ်ကုန်သွယ်မှုတိုးတက်၊ မူဆယ်(၁၀၅)မိုင်သို့ ပို့ကုန်များလိုင်စင်မလိုဘဲ သယ်ယူနိုင်ပြီ၊ ရေခူများ တင်ပို့ရောင်းချနေရမှု၊ ဒေါ်လာဗဟိုစံအမှတ်၊ ဆင်ဟွာဖက်ရှင်၊ ကွန်ပျူတာတိုးတက်ချင်ရင်၊ ကွန်ပျူတာဈေးကွက်လျှပ်တစ်ပြက်၊ စူပါတက်နီရှင်များ၊ အောင်မြင်ချမ်းသာနည်း(၁၀၀)၊ သရက်သီး ဈေးကွက်သုတေသန၊ တရုတ်မယ်စကြဝဠာစသည့် သတင်းများအပြင် မောင်စူးစမ်း၊ မောင်ဆုရှင်၊ မောင်တိုင်ပင်၊ ကြည့်ရွှန်း၊ဟံသာထွန်း၊ ကျွန်းသားငမန်း၊သိန်းမြသိန်း၊ မောင်ပုဆိုးကြမ်းတို့၏ သုတရသစုံ ဆောင်းပါးများ၊ ပြည်တွင်း ပြည်ပ ဈေးကွက်သတင်းများ၊ ဆရာစံဇာဏီဘို၏ အမည်ဟောကိန်း၊ ဖက်ရှင်၊ ရုပ်ရှင်သတင်းများဖြင့် ဝေဝေဆာဆာဖော်ပြထားပြီး အမှတ် ၃၈ လမ်း ၃၀ ပန်းဘဲတန်းမြို့နယ် ရန်ကုန်မြို့က တစ်ပြည်လုံးသို့ ဖြန့်ချိထားကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# ကမ္ဘာ့ဘောလုံးသတင်း နောက်ဆုံးဖြစ်ရပ်များ

**ကမ္ဘာ့ဘောလုံးအသင်းများ၏ နောက်ဆုံးဖြစ်ပျက်နေသည့်အကြောင်းအရာများကို မြန်မာ့အလင်း ဘောလုံးပရိသတ်အတွက် စုစည်းဖော်ပြလိုက်ပါသည်။**

စုစည်းတင်ပြသူ - မောင်မောင်မြင့်ဆွေ

## ချန်ပီယံလိဂ်ခြေစစ်ပွဲအတွက် ယူအီးအက်ဖ်အေဆုံးဖြတ်မည်

၂၀၀၆-၂၀၀၇ခုနှစ် ဘောလုံးရာသီ ချန်ပီယံလိဂ် ဘောလုံးပြိုင်ပွဲ ဒုတိယအကျော့ ခြေစစ်ပွဲကစားရန် အစ္စရေးသို့ လီဗာပူးအသင်း သွားသင့် မသွားသင့်ကို ယူအီးအက်ဖ်အေက ဩဂုတ် ၇ ရက်၌ ဆုံးဖြတ်မည်ဖြစ်သည်။

အစ္စရေးအသင်း မက္ကာဘီဟိုင်ဖာနှင့် ဩဂုတ် ၂၂ရက်သို့မဟုတ် ၂၃ ရက်တွင် ကစားရန် လီဗာပူးအသင်း ခရီးထွက်ရေးမှာ မရေမရာဖြစ်လျက်ရှိသည်။ အစ္စရေးတွင် တိုက်ခိုက်မှုများဖြစ်ပွားနေသဖြင့် အခြားနိုင်ငံတစ်နိုင်ငံတွင် ကျင်းပရန်လည်း သတင်းများထွက်ပေါ်နေသည်။

လီဗာပူးအသင်းနည်းပြ ဘင်နီတက်ဇ်ကမူ လုံခြုံရေးအခြေအနေ တာဝန်ယူလျှင် အစ္စရေးနိုင်ငံ၌ပင် ကစားချင်နေကြောင်း ပြောကြားသည်။ ယူအီးအက်ဖ်အေကလည်း အစ္စရေးနိုင်ငံ၌ပင် ဘောလုံးပွဲကျင်းပရန် ဆန္ဒရှိနေသည်။

## စပိန်ကစားသမား စီနာ မန်ယူသို့ပြောင်းရွှေ့မည်မဟုတ်

ဗီလာရီးရဲလ်တွင်ကစားနေသော ကွင်းလယ်ကစားသမား မာကိုစ်စီနာသည် မန်ယူအသင်းသို့ ပြောင်းရွှေ့ကစားမည်ဆိုသည်မှာ မဟုတ်မှန်ကြောင်း ဗီလာရီးရဲလ်ကလပ်က ပြောကြားလိုက်သည်။



မာကိုစ်စီနာ ဗီလာရီးရဲလ်၌ဆက်နေမည်

အသက် ၃၀ အရွယ် စပိန်ကွင်းလယ်ကစားသမား စီနာသည် မန်ယူသို့ ပြောင်းရွှေ့ကစားရန် ပြောဆိုမှုများရှိခဲ့သော်လည်း ယခုအခါ ပြောင်းရွှေ့တော့မည် မဟုတ်ကြောင်း၊ ယခုဆက်လက်ထွက်ပေါ်နေသော သတင်းများမှာ ကောလာဟလများသာဖြစ်ကြောင်း စီနာက ပြောကြားသည်။

စီနာသည် ယခုအခါ ဗီလာရီးရဲလ်အသင်းနှင့် လေ့ကျင့်ရေးများ ပြန်လည်လုပ်နေပြီဖြစ်ပြီး မန်ယူအသင်း ရှိုင်ကိန်းနေရာတွင် အစားထိုးကစားမည်ဆိုသော သတင်းများကို ချေဖျက်လိုက်သည်။

## ပြင်သစ်ကွင်းလယ်ကစားသမား ရီဘာရီ မာဆေး၌ ဆက်ကစားမည်

ပြင်သစ်အသင်း ကွင်းလယ်ကစားသမားတစ်ဦးဖြစ်သည့် ရီဘာရီသည် အခြားဘောလုံးအသင်းများက စိတ်ဝင်စားခေါ်ယူမှုရှိသော်လည်း မာဆေး၌ပင် ဆက်လက်ကစားသွားမည်ဖြစ်ကြောင်း ပြောကြားလိုက်သည်။



ရီဘာရီ အပြောင်းအရွှေ့မရှိ

ဖရန့်ရီဘာရီသည် မာဆေးကလပ်နှင့် နောက်ထပ် လေးနှစ်စာချုပ် ထပ်မံချုပ်ဆိုလိုက်ခြင်းဖြစ် ၎င်း၏အနာဂတ်ကို မာဆေး၌ဆက်လက်နေမည်ကို ပြသလိုက်သည်။ ထိုပြင်သစ်အသင်း ကွင်းလယ်ကစားသမားကို လိုင်ယွန်နှင့် အာဆင်နယ်တို့ကလည်း ခေါ်ယူရန်ကမ်းလှမ်းခဲ့သည်။ ထိုသို့ကမ်းလှမ်းမှုများတွင် မန်ယူလည်းပါဝင်ကြောင်း မာဆေးကလပ်က ပြောကြားသည်။

## ဂါနာနောက်ခံလူ အီလီရာဆူအား အာဆင်နယ်ခေါ်ယူရန် ကြိုးပမ်း

၂၀၀၆ ကမ္ဘာ့ဖလားဘောလုံး ပြိုင်ပွဲတွင် ခြေစွမ်းပြခဲ့သော ဂါနာနောက်တန်း ဗဟိုခံစစ်မှူး အီလီရာဆူအား



အာဆင်နယ်ကခေါ်ယူမည့် အီလီရာဆူ

အာဆင်နယ်က ခေါ်ယူရန် ကြိုးစားနေကြောင်း သိရသည်။

အသက် ၂၃ နှစ်အရွယ်ရှိ အီလီရာဆူသည် အားနည်းသော အာဆင်နယ်နောက်တန်းကို တောင့်တင်းရန်အတွက် ခေါ်ယူရန် အာဆင်ဝင်းဂါးက ကြိုးစားနေခြင်းဖြစ်သည်။

အာဆင်နယ်အသင်းသည် လူသစ်များ ဝယ်ယူဖြည့်တင်းရာတွင် အာဖရိကဘောလုံးသမားများကို ဦးစားပေးလျက်ရှိရာ ယခုအခါ အီလီရာဆူနှင့် စာချုပ်ရန်အခြေအနေရှိပြီဖြစ်သည်ဟုဆိုသည်။ ဂါနာခံစစ်မှူး အီလီရာဆူသည် မကြာမီ သီတင်းပတ်အတွင်း အာဆင်နယ်သို့ရောက်လာတော့မည် ဖြစ်သည်။ အီလီရာဆူပြောင်းရွှေ့ကြေးအတွက် သူ၏ကလပ် ကိုတိုကိုသို့ အမေရိကန်ဒေါ်လာ တစ်သန်းပေးရမည် ဖြစ်သည်။

## ပရီမီယာလိဂ်အကြိုခြေစမ်းပွဲများ

ပရီမီယာလိဂ်အကြို ခြေစမ်းပွဲများကစားခဲ့ရာ အာဆင်နယ်နှင့် ရှဝါဒေ့ဖ်တို့ပွဲတွင် အာဆင်နယ်က ရှစ်ဂိုး-တစ်ဂိုးဖြင့်လည်းကောင်း၊ အက်စတွန်ဗီလာနှင့် ချက်တောင်းတို့ပွဲတွင် အက်စတွန်ဗီလာက သုံးဂိုး-ဂိုးမရှိဖြင့်လည်းကောင်း၊ ဂရင်းဘိုင်နှင့် လိဒ်ယူနိုက်တက်တို့ပွဲတွင် တစ်ဂိုးစီ သရေပွဲအဖြစ် လည်းကောင်း ချစ်ကြည်ရေးခြေစမ်းပွဲများ ကစားခဲ့ကြသည်။ **(အင်တာနက်)**

# ကမ္ဘာ့တစ်လွှား အားကစား

## အင်္ဂလန်အသင်းနည်းပြတာဝန် မက်ကလာရင်တရားဝင်ထမ်းဆောင်ပြီ

ရေးသားတင်ပြသူ

မြင့်မောင်စိုး

လန်ဒန် ဩဂုတ် ၁

**စတိဗ်မက်ကလာရင်သည် ဆဗင်ဂိုရန်အဲရစ်ဆင်၏ တာဝန်ယူခဲ့သော အင်္ဂလန်ဘောလုံးအသင်းကို နည်းပြအဖြစ် ဩဂုတ် ၁ ရက်မှစ၍ တရားဝင်တာဝန်ထမ်းဆောင်နေပြီဖြစ်သည်။**

မက်ကလာရင်သည် အသက် ၄၅ နှစ်သာရှိပြီး မစ်ဒယ်ဘရော့အသင်း၏ နည်းပြဟောင်းဖြစ်သည်။ ၎င်းအား မေလက အင်္ဂလန်အသင်း မန်နေဂျာအဖြစ် ခန့်အပ်ခြင်းခံရသူဖြစ်သည်။



**အင်္ဂလန် အသင်း နည်းပြဖြစ်သော မက်ကလာရင်။**

(ဓာတ်ပုံ-အင်တာနက်)

၎င်းသည် အက်ဖ်အေဘောလုံးအဖွဲ့ချုပ်သို့ ရောက်ရှိလာပြီးနောက် ဩဂုတ် ၁၆ ရက်တွင် ဂရိအသင်းနှင့် ချစ်ကြည်ရေးပွဲကစားနိုင်ရန် ပြင်ဆင်မှုများ စတင်ပြုလုပ်မည် ဖြစ်သည်။

မက်ကလာရင်က ဩဂုတ် ၁၁ရက်တွင် အင်္ဂလန်အသင်း ရှေ့ဆက်လက်အောင်မြင်ရေးအတွက် ဆောင်ရွက်မည့်အစီအစဉ်များကို ကြေညာလိမ့်မည်ဖြစ်သည်။ သို့ရာတွင် အင်္ဂလန်တိုက်စစ်မှူးဟောင်း အလန်ရှီးယားသည် အင်္ဂလန်အသင်း၏ အုပ်ချုပ်မှုအဖွဲ့ဝင်အဖြစ် ကမ်းလှမ်းချက်ကို ငြင်းပယ်ခဲ့သဖြင့် ပါဝင်ပတ်သက်မှုရှိလိမ့်မည် မဟုတ်ပေ။

မစ်ဒယ်ဘရော့အသင်း၏ လက်ထောက်မန်နေဂျာ ဘီလ်ဘက်စဝစ်သည်အင်္ဂလန်အသင်း၏လက်ထောက်မန်နေဂျာ ဖြစ်လာဖွယ်ရှိသည်။ ၎င်းသည် ပြီးခဲ့သော ရာသီက မစ်ဒယ်ဘရော့အသင်းအား ယူအီးအက်ဖ်အေဖလားဗိုလ်လုပွဲသို့ ပို့ပေးနိုင်ခဲ့သည်။

မက်ကလာရင်သည် ဒေးဗစ်ဘက်ခမ်း အသင်းခေါင်းဆောင်အဖြစ်မှ နုတ်ထွက်သွားပြီးနောက် အသင်းခေါင်းဆောင်သစ်ကိုလည်း ရွေးရလိမ့်မည်ဖြစ်သည်။ မက်ကလာရင်သည် အဲရစ်ဆင်နှင့် အတူတာဝန်များ ပူးတွဲထမ်းဆောင်လာခဲ့သူဖြစ်၍ ၎င်း၏ပတ်ဝန်းကျင်သစ်၌ နေသားတကျ ဖြစ်နေပေလိမ့်မည်။ **(အင်တာနက်)**

## ရွှန်နေဂိုးစသွင်းပြီ

**လန်ဒန် ဩဂုတ် ၁**

မန်ချက်စတာ ယူနိုက်တက်အသင်းနှင့် ဒုတိယတန်းမှ မက်ကလီစဖီးလ်အသင်းတို့ ပရီမီယာလိဂ် အကြိုခြေစမ်းပွဲ ယှဉ်ပြိုင်ကစားခဲ့ရာတွင် မန်ယူ တိုက်စစ်မှူး ရွှန်နေသည် ယခုနှစ်ဧပြီလနောက်ပိုင်း ပထမဆုံး ဂိုးစသွင်းပေးနိုင်ခဲ့သည်။



**ကမ္ဘာ့ဖလားအပြီး ပွဲထွက်လာသော ရွှန်နေကို ဂိုးသွင်းအပြီး ဤသို့ပြုံးရွှင်စွာ တွေ့ရသည်။** (ဓာတ်ပုံ-အင်တာနက်)

ယင်းပွဲတွင် ရွှန်နေက မန်ယူ၏ ဖွေဆော်ဦးဂိုးကို ညာခြေဖြင့်နောက်ပေါက်ကန်သွင်းပေးခဲ့သည်။ သို့ရာတွင် ဒန်နီဆဝေးလက်စ်က မက်ကလီစဖီးလ်အသင်းအတွက် ချေပဂိုးသွင်းယူခဲ့သည်။ ပွဲချိန် ၇၂ မိနစ်တွင် ကင်းဘဲလ်က မန်ယူအတွက် အနိုင်ဂိုးသွင်းယူပေးနိုင်ခဲ့သည်။

ရွှန်နေသည် ကမ္ဘာ့ဖလား ကွာတားဖိုင်နယ်တွင် ပေါ်တူဂီအသင်းနှင့် ယှဉ်ပြိုင်ကစားရာ၌ အနီကတ်ဖြင့်ထွက်ခဲ့ရပြီးနောက် ပထမဆုံးအကြိမ် ပွဲထွက်လာခြင်းဖြစ်သည်။

ရွှန်နေယခုသွင်းသောဂိုးမှာ ယခုနှစ်ဧပြီလက တော့တင်ဟမ်အသင်းနှင့် မန်ယူတို့ယှဉ်ပြိုင်ကစားစဉ် မန်ယူက နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရခဲ့ရာ၌ မန်ယူအတွက် နှစ်ဂိုးကို ရွှန်နေသွင်းပြီးနောက် ပထမဆုံးသောဂိုးလည်းဖြစ်သည်။

မန်ယူ မန်နေဂျာဖာဂူဆန်က ရွှန်နေသည် ကြောက်မက်ဖွယ်ကောင်းအောင်ခြေစွမ်းပြပြီး တစ်ဂိုးသွင်းပြနိုင်ခဲ့၍ ယင်းအတွက် အလွန်ကျေနပ်မိကြောင်း ပြောကြားသည်။ **(အင်တာနက်)**

## ဘော်လ်တန်နောက်တန်းလူ ဂျိုင်းဒီ ဘာမင်ဂမ်အသင်းနှင့် စာချုပ်ပြီ

**ဘာမင်ဂမ် ဩဂုတ် ၁**

ဘာမင်ဂမ်အသင်းက ဘော်လ်တန်အသင်းမှ ဂျိုင်းဒီအားခေါ်ယူရန် သဘောတူညီလိုက်ပြီဖြစ်သည်။

အသက် ၃၀ အရွယ်ရှိ တူနီးရှား အသင်းနောက်တန်း အလယ်ကစားသမား ဂျိုင်းဒီသည် ဘာမင်ဂမ်အသင်းနှင့် သုံးနှစ်စာချုပ်လိမ့်မည်ဖြစ်ကြောင်း သိရသည်။ ၎င်း၏ပြောင်းရွှေ့ကြေးမှာ ပေါင်နှစ်သန်းအထိ ရရှိနိုင်ကြောင်း မီဒီယာများက ခန့်မှန်းသည်။

အဆိုပါကစားသမားသည် ကမ္ဘာ့ဖလား၌ ဆော်ဒီအာရေဗျအသင်းနှင့် တူနီးရှားတို့ပွဲတွင် တူနီးရှားအသင်းအတွက် နှစ်ဂိုးစီသရေကျအောင် ဂိုးသွင်းပေးနိုင်ခဲ့သူလည်း ဖြစ်သည်။

ဂျိုင်းဒီသည်၂၀၀၄ခုနှစ်က တူနီးရှားကလပ်အသင်း အက်စ်ပါရင့်အသင်းတွင် ကစားနေရာမှ ယမန်နှစ်က ဘော်လ်တန်အသင်းသို့ ရောက်ရှိလာခဲ့သူဖြစ်သည်။ ၎င်းသည် ဘော်လ်တန်အသင်းနှင့်အတူ ၅၁ ပွဲ ပါဝင်ကစားခဲ့ရာ၌ ရှစ်ဂိုးသွင်းယူပေးခဲ့သည်။ **(အင်တာနက်)**



**ဘာမင်ဂမ်သို့ ရောက်လာမည့် ဂျိုင်းဒီ၏ ဘောလုံးကျွမ်းကျင်မှု ပြကွက်မှာလည်း ဤသို့တစ်နည်း။**(ဓာတ်ပုံ-အင်တာနက်)

## ကုန်သည်/စက်မှုအသင်းချုပ် အဆောက်အအုံသစ်သို့ပြောင်းရွှေ့

**ရန်ကုန် ဩဂုတ် ၁**

ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် (UMFCCI) သည် ဩဂုတ် ၁ ရက်မှစ၍ လမ်းမတော်မြို့နယ် မင်းရဲကျော်စွာလမ်း အမှတ် ၂၉ ရှိ UMFCCI Office Tower သို့ ပြောင်းရွှေ့ဖွင့်လှစ်ပြီး ဖြစ်ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

## ခွေစပ်ကြောင်းလမ်းပြီးစီးခြင်း

ရန်ကုန်မြို့၊ ပါရမီလမ်းနေ
အရာခံဗိုလ်မြဝင်းကျော်(ရုံးအုပ်ချုပ်) - ဒေါ်ဝင်းကြည်တို့၏
သားလတ်
**ဗိုလ်ကြီးတိုးထက်ကျော်** B.C.Sc (D.S.A)
M.C.Sc (MEPhI)
နှင့်
ရန်ကုန်မြို့၊ ကျောက်တံတားမြို့နယ်
အမှတ်(၁၁၆)၊ လမ်း (၄၀)နေ
ဦးခင်မောင်လတ်-ဒေါ်ခင်ဥ(စိန်ရွှေရတနာရောင်းဝယ်ရေး)
ဦးမောင်မောင်စိုး-ဒေါ်သန်းသန်းရီတို့၏
သမီးထွေး
**မခိုင်သဏ္ဌာန်နိုင်ဦး(ခ)သဏ္ဌာ** B.A (History)
တို့သည် ၃၀-၇-၂၀၀၆ရက်တွင် နှစ်ဖက်သော မိဘများနှင့် ဂုဏ်သရေရှိ လူကြီးများ၏ ရှေ့မှောက်၌ စေ့စပ်ကြောင်းလမ်းပြီးစီးပါကြောင်း။

**နှစ်ဖက်သောမိဘများနှင့်**
**ဗိုလ်ကြီးတိုးထက်ကျော်-မခိုင်သဏ္ဌာန်နိုင်ဦး**



## MYANMAR IVANHOE COPPER COMPANY LIMITED

**TENDER NOTICE**

TENDER NO: CATERING SERVICE-06
Service of catering service provider for the expatriate staff at mine site.

CLOSING DATE:
25th August 2006 at 4pm

TENDER DOCUMENT FEE:
US$ 100 (in FEC)

COLLECTION DOCUMENT AT:
MICCL-Myanmar Ivanhoe Copper Company Limited
70(I) Bo Chein Street
Pyay Road, Hlaing Township
Yangon, Myanmar
Tel: 951-514194 to 7
Fax: 951-514208

DATE AND TIME OF COLLECTION
2nd to 8th August 2006
Monday to Friday 10 am to 5 pm






## အမည်ပြောင်း

ဦးအေးလွင်၏သား မောင်အောင်မြတ်သူ အဌမတန်း(C) အထက(၂) ရန်ကင်းအား မောင်မင်းသိန်းကျော်ဟုလည်းကောင်း၊ မောင်ပြည့်စုံအောင် စတုတ္ထတန်း(B) အမက(၅) ရန်ကင်းအား မောင်ခန့်ဇင်သူဟုလည်းကောင်း ပြောင်းလဲခေါ်ပါရန်။

## ကားရောင်းမည်

SUNNY PICK UP B122
84 MODEL ၄/ခ တစ်ထောင်ကျော်၊ အသင့်စီးနိုင် အိမ်သုံးကား။
**ဖုန်း-၀၁-၆၉၀၄၈၃(ပွဲစားမလို) ၀၉၅၀၂၀၆၈၀**



## မော်တော်ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၂က/၄၁၈၈ Toyota Corolla SW 4x2 ယာဉ် လက်ဝယ်ရှိသူ အမည် ဦးကျော်ညွန့် မှတ်ပုံတင်အမှတ် ၁၂/ရကန(နိုင်)၀၁၀၅၃၆ မှ ယာဉ်မှတ်ပုံတင် စာအုပ်(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ (၁၅)ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ အနောက်ပိုင်းခရိုင်ရုံး ရန်ကုန်မြို့။**


**စာမျက်နှာ ၈ မှ**

၂၁၈၇သိန်းကျော်၊ စာအုပ်စာစောင်ပေါင်း ၂၃သိန်းခန့်နှင့် ငွေသားအလှူ ငွေသိန်း ၁၄၀၀ ကျော်တို့ကို အလှူရှင် ၁၆၂၃ဦးက လှူဒါန်းခဲ့ကြပြီးဖြစ်ကြောင်း၊ ယနေ့အခမ်းအနားတွင် စေတနာရှင် အလှူရှင်များက စာအုပ်စာစောင်နှင့် ငွေသားအပါအဝင် သိန်း၆၉၀ကျော် လှူဒါန်းကြမည်ဖြစ်ကြောင်း၊ ယနေ့လှူဒါန်းလိုက်သော စာအုပ်စာစောင်များ၊ ပစ္စည်းများနှင့် ငွေကြေးများကို ဧရာဝတီတိုင်းအတွင်းရှိ ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များ၌သာ အသုံးပြုသွားမည်ဖြစ်ကြောင်း။

### ဂုဏ်ယူဝင့်ကြွားနိုင်

စေတနာရှင် အလှူရှင်များ၏ လှူဒါန်းမှုများမှာထိရောက်လှပြီး မိမိတို့ နိုင်ငံသည် ကမ္ဘာပေါ်တွင် ပထမဦးဆုံး ကျေးရွာတိုင်း၌ စာကြည့်တိုက်များ တည်ထောင်ဖွင့်လှစ်သည့် နိုင်ငံတစ်နိုင်ငံအဖြစ် ဂုဏ်ယူဝင့်ကြွားနိုင်ပြီဖြစ်ကြောင်း၊ မိမိတို့သည် အမျိုးသားရေးတာဝန်တစ်ရပ်ကို ကျေပွန်အောင် ဆောင်ရွက်နိုင်ပြီဖြစ်၍ ဂုဏ်ယူကြရမည်ဖြစ်ကြောင်း။

ထိုကဲ့သို့ အမျိုးသားရေးတာဝန်ကို ကျေပွန်အောင်ဆောင်ရွက်နိုင်သည်မှာ နိုင်ငံတော်၏အား၊ ဒေသခံပြည်သူများ၏အား၊ စေတနာရှင် အလှူရှင်များ၏ အားသုံးအားပေါင်းစည်းမှုကြောင့်ဖြစ်ကြောင်း၊ စေတနာရှင်အလှူရှင်များ၏ အားမှာ အရေးပါလှကြောင်း။

### လုပ်ငန်းစဉ်ငါးရပ်

ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက် ဖွင့်လှစ်နိုင်ရေးအတွက် စီမံကိန်းများကို ၂၀၀၄-၂၀၀၅ခုနှစ်တွင် ချမှတ်ဆောင်ရွက်ခဲ့ရာ နိုင်ငံအတွင်း၌ ကျေးရွာပေါင်းခြောက်သောင်းကျော် ရှိသည့်အနက် ၂၀၀၆ခုနှစ် ဇွန်လ ၇ရက်အထိ ကျေးရွာပေါင်း ၅၄၇၀၇ရွာတွင် ကျေးလက်ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များကို ဖွင့်လှစ်တည်ထောင်နိုင်ခဲ့ပြီးဖြစ်ကြောင်း၊ ကျန်ကျေးရွာများမှာ ပြန့်ကျဲနေထိုင်သော၊ အိမ်ခြေနည်းသောကျေးရွာများသာဖြစ်ကြောင်း၊ ယခုကဲ့သို့ အရှိန်အဟုန် မြင့်မားစွာဖြင့် ရည်မှန်းချက်အတိုင်းအောင်မြင်စွာ ဖွင့်လှစ်နိုင်ခြင်းမှာလည်း အားသုံးအားကြောင့်ဖြစ်ရာ နိုင်ငံတော် တည်ဆောက်ရေးနှင့် အမျိုးသားရေး တာဝန်များကိုလည်း အဆိုပါ အားသုံးအားဖြင့် ဆောင်ရွက်သွားမည် ဆိုပါက အောင်မြင်မှုများ မလွဲမသွေ ရရှိမည် ဖြစ်ကြောင်းကိုလည်း တစ်ဆက်တည်း ပြောကြားလိုကြောင်း၊ ထူထောင်ပြီး ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များ တည်တံ့ခိုင်မြဲစေရေးအတွက်လည်း ရေရှည်လုပ်ငန်းစဉ်ငါးရပ်ဖြင့် ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း။

ယင်းလုပ်ငန်းစဉ် ငါးရပ်မှာ ကျေးလက်နေပြည်သူများ စာဖတ်လိုစိတ်ရှိ၍ စာဖတ်ကြစေရန် စည်းရုံးဆောင်ရွက်ရေး၊ ရရှိပြီး စာအုပ်စာစောင်များကို ရေရှည်တည်တံ့အောင်ထိန်းသိမ်းရေးနှင့်အသစ်တိုးပွားလာအောင် ငွေပဒေသာပင်စိုက်ထူဆောင်ရွက်ရေး၊ စာကြည့်တိုက်အဆောက်အအုံမရှိသည့် ကျေးရွာများတွင် အဆောက်အအုံဖြစ်ပေါ်လာစေရန် ဆောင်ရွက်ရေး၊ စာကြည့်တိုက်များတွင်လိုအပ်သော စားပွဲ၊ ဗီရိုနှင့် ပရိဘောဂများစုံလင်စွာ ရှိလာစေရန် ဆောင်ရွက်ရေး၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက စာကြည့်တိုက်များကို စနစ်တကျ ထိန်းသိမ်းနိုင်သော ကျွမ်းကျင်သော စာကြည့် တိုက်မှူးများ ရရှိလာအောင် လေ့ကျင့် ပျိုးထောင်သွားရေးတို့ပင်ဖြစ်ကြောင်း။

### အားလေးအား

ယင်းလုပ်ငန်းစဉ်များကိုဒေသဆိုင်ရာအာဏာပိုင်များ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များ၊ ကျေးရွာအလိုက်ဖွဲ့စည်းထားသောစာကြည့်တိုက်ကော်မတီဝင်များနှင့်စေတနာရှင်အလှူရှင်ပြည်သူများ၊ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဝန်ထမ်းများပါဝင်သည့် အားလေးအားဖြင့် ဆက်လက်ဆောင်ရွက်သွားကြပါရန် အထူးတိုက်တွန်း အပ်ပါကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် စာအုပ်စာစောင်များနှင့်အလှူငွေများ၊ ပစ္စည်းများ ပေးအပ်လှူဒါန်းပွဲကိုကျင်းပရာ တိုင်းမှူး ဗိုလ်ချုပ်သူရမြင့်အောင်အား အနောက် တောင်တိုင်းစစ်ဌာနချုပ်မှ လှူဒါန်းသော ကက်ဆက်နှင့် စာအုပ်စာစောင်များကို ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ်တင့်ဆွေ၊ ဧရာဝတီတိုင်းအေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီမှ လှူဒါန်းသော စာအုပ်စာစောင်များကို တိုင်းအတွင်းရေးမှူး ဒုတိယဗိုလ်မှူးကြီးသိန်းလှိုင်၊ ဧရာဝတီတိုင်း စည်ပင်သာယာရေးဦးစီးဌာနမှ လှူဒါန်းသော ရုပ်မြင်သံကြားဖမ်းစက် ငါးလုံးနှင့် ကက်ဆက် ၁၅လုံးကို ညွှန်ကြားရေးမှူး ဦးစိုးတင့်၊ ပုသိမ်ခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးလှသွင်က ရုပ်မြင်သံကြားဖမ်းစက်များနှင့် ကက်ဆက်များကို လည်းကောင်း၊ ဟင်္သာတခရိုင် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဗိုလ်မှူးချစ်မြိုင်က ရုပ်မြင်သံကြားဖမ်းစက်များနှင့် ကက်ဆက်များကို လည်းကောင်း၊ မြောင်းမြ ခရိုင်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးကြည်ထွန်းဝင်းက ရုပ်မြင်သံကြား ဖမ်းစက်များနှင့် ကက်ဆက်များကိုလည်းကောင်း၊ မအူပင်ခရိုင် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးစိန်မောင်က ရုပ်မြင်သံကြား ဖမ်းစက်များနှင့် ကက်ဆက်များကို လည်းကောင်း၊ ဖျာပုံခရိုင် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးရဲထွန်းက ရုပ်မြင် သံကြားဖမ်းစက်များနှင့် ကက်ဆက်များကို လည်းကောင်း အသီးသီးပေးအပ်လှူဒါန်းကြသည်။

### ပေးအပ်လှူဒါန်း

ဆက်လက်၍ ပြန်ကြားရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းအား ဧရာဝတီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သူရမြင့်အောင်က အလှူငွေကျပ်သိန်း၅၀၊ ဧရာဝတီတိုင်း မိခင်နှင့် ကလေးစောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဒေါ်သန်းသန်းနွဲ့က အလှူငွေကျပ်ငါးသိန်း၊ ဧရာဝတီတိုင်း အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်ရီရီအောင်က အလှူငွေကျပ်ငါးသိန်း၊ ဧရာဝတီတိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးသန်းထွန်းက စာအုပ်စာစောင်များ၊ ဧရာဝတီတိုင်းရဲတပ်ဖွဲ့မှူး ရဲမှူးကြီးသူရတင်လှက ရုပ်မြင်သံကြားဖမ်းစက်တစ်လုံး၊ ဌာနဆိုင်ရာများကိုယ်စား ပုသိမ်တက္ကသိုလ် ဒုတိယပါမောက္ခချုပ်ဦးလှတင့်က အလှူငွေကျပ် ၁၄၈၀၂၀၀၊ ကုမ္ပဏီ ၃၂ခု၊ ဟိုတယ် ၁၃ခုမှ ရုပ်မြင်သံကြားဖမ်းစက် ၉၉လုံး၊ ကုမ္ပဏီ ၃၂ခု၊ ဟိုတယ် ၁၃ခုမှ ကက်ဆက် ၇၅၄လုံး၊ ကုမ္ပဏီ ၃၂ခု၊ ဟိုတယ်၁၃ခုမှ အလှူငွေကျပ် ၄၉၅၅၇၀၀၊ Forever Group မှ CEO ဦးဝင်းမော်က ငွေကျပ်၃၀၀၀၀၀တို့ကိုအသီးသီး ပေးအပ်လှူဒါန်းကြသည်။

ယင်းနောက် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးချစ်နိုင်အား ငွေဆောင်ဟိုတယ်လုပ်ငန်းရှင်များက ရုပ်မြင်သံကြားဖမ်းစက်နှင့် ကက်ဆက်များကိုလည်းကောင်း၊ ချောင်းသာဟိုတယ်လုပ်ငန်းရှင်များက ရုပ်မြင်သံကြားဖမ်းစက်နှင့် ကက်ဆက်များကိုလည်းကောင်း၊ မော်တော်ယာဉ်လိုင်းပေါင်းစုံ ထိန်းသိမ်းရေးကော်မတီမှ ရုပ်မြင်သံကြားဖမ်းစက်နှင့် ကက်ဆက်များကိုလည်းကောင်း၊ တစ်ထပ် ရေယာဉ်အသင်းနှင့် လျှပ်စစ်ပစ္စည်းပိုင်ရှင်များက ရုပ်မြင်သံကြားဖမ်းစက်နှင့် ကက်ဆက်များကိုလည်းကောင်း အသီးသီးပေးအပ်လှူဒါန်းကြသည်။

ဆက်လက်၍ ဧရာဝတီတိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန တိုင်းဦးစီးမှူး ဦးကျော်စန်းအား ဆန်စက် လုပ်ငန်းရှင်များနှင့်ဆန်ကုန်သည်များ အသင်း၊ ပုသိမ်ဈေးသူဈေးသားများ၊ ပုသိမ်မြို့ရှိ ငါး၊ပုစွန်ဒိုင်များ၊ ပျားဝတ်ရည်အင်တာပရိုက်စ်နှင့် ရေခဲစက်ပိုင်ရှင်များ အသင်းတို့က ရုပ်မြင်သံကြားဖမ်းစက်နှင့် ရေဒီယိုကက်ဆက်များကို အသီးသီး ပေးအပ်လှူဒါန်းကြသည်။

### လွှဲပြောင်းပေးအပ်

ယင်းနောက် တိုင်းမှူးက ကျေးလက် စာကြည့်တိုက်များအတွက် ခရိုင် ကြီးကြပ်မှုကော်မတီများကို ရုပ်မြင်သံကြားဖမ်းစက်၊ ရေဒီယိုကက်ဆက်၊ စာအုပ်စာစောင်များနှင့် အလှူငွေများကို လွှဲပြောင်းပေးအပ်သည်။

အဆိုပါလှူဒါန်းပွဲတွင် ငွေသား အလှူရှင်၆၂ဦးတို့က အလှူငွေ ၁၃၂သိန်းကျော်နှင့် ရုပ်မြင်သံကြားဖမ်းစက်၁၄၉လုံး၊ရေဒီယိုကက်ဆက် ၁၀၄၄လုံး၊ စာအုပ်စာစောင်များ၏ တန်ဖိုးငွေ အပါအဝင် ငွေသားနှင့် ပစ္စည်းနှစ်ရပ်ပေါင်း၏ စုစုပေါင်းတန်ဖိုးမှာ ငွေကျပ် ၆၉၀၇၀၅၀၀ ဖြစ်ကြောင်း သိရှိရသည်။

ထို့နောက် တိုင်းမှူးနှင့်ဝန်ကြီးတို့သည် မြို့တော်ခန်းမအဝင်တွင် ခင်းကျင်းပြသထားသော တိုင်းလုံးကျွတ် ကျေးလက်ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များ ဖွင့်လှစ်ပြီးစီးမှုအောင်ပွဲမှတ်တမ်းဓာတ်ပုံများပြခန်းသို့ လှည့်လည်ကြည့်ရှုကြသည်။

ဆက်လက်၍ တိုင်းမှူးနှင့် ဝန်ကြီးတို့သည် မြို့တော်ခန်းမ အဆောက်အအုံတွင် ဖွင့်လှစ်ထားသော ဧရာဝတီစာကြည့်တိုက်ကို လှည့်လည်ကြည့်ရှုစစ်ဆေးကြပြီး လိုအပ်ချက်များကို မှာကြားဖြည့်ဆည်းပေးကြသည်။ အဆိုပါ ဧရာဝတီစာကြည့်တိုက်တွင် စာအုပ်ပေါင်း ၇၃၀၀ကျော်၊ စီဒီအချပ်ပေါင်း ၈၀၀ကျော်ရှိပြီး အသင်းဝင်အင်အား၃၀၀၀ကျော်ရှိသည်။ e-Library တွင် လူကြီးများအတွက် ကွန်ပျူတာ၁၀လုံးနှင့် ကလေးများအတွက် ကွန်ပျူတာ ငါးလုံး တပ်ဆင်ထားပြီး နိုင်ငံတကာနှင့် ဆက်သွယ်နိုင်သည့် အီးမေးလ်နှင့် သတင်းအချက်အလက်များ စုဆောင်းချိတ်ဆက်နိုင်သည့် အင်တာနက်များကို အသုံးပြုခွင့်ပေးထားကြောင်း သိရှိရသည်။

### ကြည့်ရှုစစ်ဆေး

ဆက်လက်၍ တိုင်းမှူးနှင့် ဝန်ကြီးတို့သည် နံနက်၁၁နာရီတွင် ပုသိမ်မြို့နယ် ကိုးကူးစံပြကျေးရွာသို့ ရောက်ရှိလာကြပြီး ကြိုဆိုနေကြသော ကျောင်းသူကျောင်းသားများနှင့် ဒေသခံပြည်သူများကို ရင်းရင်းနှီးနှီး နှုတ်ဆက်ကာကိုးကူးစံပြကျေးရွာ ပညာပဒေသာ စာကြည့်တိုက်အတွက် တိုင်းမှူးနှင့်ဝန်ကြီးတို့က ရုပ်မြင်သံကြားဖမ်းစက်၊ ရေဒီယိုကက်ဆက်၊ စာအုပ်စာစောင်များကိုပေးအပ်လှူဒါန်းကြရာ တာဝန်ရှိသူများကလက်ခံရယူကြသည်။ ထို့နောက် တိုင်းမှူးနှင့် ဝန်ကြီးတို့သည် ပညာပဒေသာစာကြည့်တိုက်ရှိ စာဖတ်ခန်းများကို ဝင်ရောက် ကြည့်ရှုစစ်ဆေးကြကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

## အကြမ်းဖက်သောင်းကျန်းသူများထောင်ထားသည့် မိုင်းနင်းမိ၍ ကျောက်ကြီးမြို့နယ်၌ အပြစ်မဲ့ပြည်သူတစ်ဦးခြေထောက်ပြတ်ဒဏ်ရာရ အဖျက်သမားများအား ပြည်သူများပူးပေါင်း၍ ဖော်ထုတ်ရှင်းလင်းနေ

**နေပြည်တော် ဩဂုတ် ၁**

အကြမ်းဖက်သောင်းကျန်းသူ အဖျက်သမားများသည် နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေးတို့ကို နှောင့်ယှက်ဖျက်ဆီးပြီး အပြစ်မဲ့ပြည်သူများ သေကျေဒဏ်ရာရ အထိတ်တလန့်ဖြစ်စေရန် ရည်ရွယ်ချက်ဖြင့် အဖျက်အမှောင့်လုပ်ရပ်များကို နည်းမျိုးစုံအသုံးပြုဆောင်ရွက်လျက်ရှိရာ ဇူလိုင်၂၈ရက် နံနက် ၉နာရီခန့်တွင် ပဲခူးတိုင်း ကျောက်ကြီး မြို့နယ် ဥသျှစ်ကျေးရွာမှ ဦးကုလား၏သား မောင်အောင်လှကြည် အသက်(၂၃)နှစ်သည် ဘင်ဖြဲချောင်း အနီး၌ လယ်ထွန်ပြီးနောက် လယ်မြေအနီးတောတွင်းသို့ ဟင်းသီးဟင်းရွက်ရှာဖွေရန် မှျစ်ချိုးထွက်စဉ် သောင်းကျန်းသူအဖျက်သမားများ ထောင်ထားသော မိုင်းတစ်လုံးနင်းမိပေါက်ကွဲခဲ့သဖြင့် မောင်အောင်လှကြည်၏ ညာခြေထောက်ခြေချင်းဝတ်မှပြတ်ကာ ဒဏ်ရာရရှိခဲ့သည်။

### ပံ့ပိုးကူညီ

အဆိုပါဒဏ်ရာရရှိသည့် မောင်အောင်လှကြည်အား သက်ဆိုင်ရာတာဝန်ရှိသူများက ကျောက်ကြီးမြို့နယ် ပြည်သူ့ဆေးရုံသို့ ပို့ဆောင်ပြီး ဆေးဝါးကုသမှုနှင့်လိုအပ်သော ထောက်ပံ့ကူညီမှုများကို ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ သောင်းကျန်းသူအဖျက်သမားများအား တာဝန်ရှိသူများနှင့် ဒေသခံပြည်သူများပူးပေါင်း၍ သတင်းဖော်ထုတ်ရှင်းလင်းလျက်ရှိကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

## Thai Air Asia
## ဗန်ကောက်-ရန်ကုန်ခရီးစဉ်သစ်ရှင်းလင်း

**ရန်ကုန် ဩဂုတ် ၁**

ရန်ကုန်မြို့တွင် စတင်ပျံသန်းမည့် ပထမဆုံးသော ဈေးနှုန်းသက်သာသည့် နိုင်ငံတကာလေကြောင်းလိုင်း Thai Air Asia ခရီးစဉ်နှင့် စပ်လျဉ်း၍ ရှင်းလင်းပွဲကို ယနေ့ မွန်းလွဲ ၁နာရီတွင် ရန်ကုန်မြို့ရှိ ကန်တော်ကြီး ပဲလေ့စ်ဟိုတယ်၌ ကျင်းပရာ စာနယ်ဇင်းများမှ တာဝန်ရှိ ပုဂ္ဂိုလ်များနှင့် အထူးဖိတ်ကြားထားသူများ တက်ရောက် ကြသည်။ **(အောက်ပုံ)**

ရှေးဦးစွာ Thai Air Asia ၏ အမှုဆောင်အရာရှိချုပ် Mr. Tassapon Bijleveld က ဗန်ကောက်-ရန်ကုန်လေကြောင်း ခရီးစဉ်သစ် စတင်ပျံသန်းမည့် အစီအစဉ်သစ်နှင့် စပ်လျဉ်း၍ ရှင်းလင်း ပြောကြားသည်။

### ရှင်းလင်း

ထို့နောက် တက်ရောက်လာကြသူများ၏ သိလိုသည့်မေးမြန်းချက်များကို တာဝန်ရှိသူတို့က ပြန်လည် ရှင်းလင်းပြောကြားကြသည်။

### ပျံသန်းမည်

အဆိုပါ လေကြောင်းလိုင်းသစ်ကို ဩဂုတ်၁၆ရက်မှ စတင်ကာ ဗန်ကောက်-ရန်ကုန်-ဗန်ကောက်သို့ နေ့စဉ် ဘိုးရင်း (၇၃၇-၃၀၀) လေယာဉ်ဖြင့် ပျံသန်း ပြေးဆွဲသွားမည်ဖြစ်ကြောင်း သိရှိရသည်။

**(သတင်းစဉ်)**



# မိုးစပါးလျာထားချက်ပြည့်မီအောင် စိုက်ပျိုး ဆန်ဖူလုံရေး လယ်ယာမြေများ တိုးတက်ဖော်ထုတ်လုပ်ကိုင် ဒေသဖွံ့ဖြိုးတိုးတက်ရေး တက်ညီလက်ညီကြိုးပမ်းဆောင်ရွက်

**နေပြည်တော် ဩဂုတ် ၁**

မကွေးတိုင်း ပခုက္ကူမြို့၌ ရောက်ရှိနေသော နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်သည် ဇူလိုင် ၂၈ရက် နံနက်ပိုင်းက စစ်ကိုင်းတိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူးဗိုလ်ချုပ်သာအေး၊ မကွေးတိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးကြီးဘုန်းမော်ရွှေ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီရုံးနှင့် ဌာနဆိုင်ရာတို့မှ တာဝန်ရှိပုဂ္ဂိုလ်များ လိုက်ပါလျက် ပခုက္ကူမြို့ရှိ နယ်မြေခံတပ်နယ် ရဲတံခွန်ခန်းမ၌ နယ်မြေခံတပ်ရင်းမှ အရာရှိ၊ စစ်သည်နှင့် မိသားစုဝင်များအား တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများတွင် ***စာမျက်နှာ ၃ ကော်လံ ၁*** ■



**နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့် ပခုက္ကူမြို့နယ် ကုက္ကိုလှလျှပ်စစ်မြစ်ရေတင်စီမံကိန်းကို ကြည့်ရှုစစ်ဆေးစဉ်။** (သတင်းစဉ်)

# ဆင်ခြင်တုံတရားနှင့် အသိဉာဏ်မြင့်မားရေးသည် ပညာတတ်ပြည်သူအများအပြား ပေါ်လာမှဖြစ်နိုင် အမှားနှင့်အမှန်၊ အကောင်းနှင့်အဆိုး ခွဲခြားသိမြင်၍ စိတ်ပိုင်းဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရေး ပညာဗဟုသုတရှာမှီးနိုင်အောင် ခေတ်မီဆက်သွယ်ရေးနည်းပညာသစ်များဖြင့် စီမံဆောင်ရွက်ပေးနေ

## စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်လာသကဲ့သို့ စာဖတ်ရှုနိုင်မြင့်မားလာအောင် စည်းရုံးဆောင်ရွက်

**ရန်ကုန် ဩဂုတ် ၁**

ဧရာဝတီတိုင်း တိုင်းလုံးကျွတ် ကျေးလက်ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များ ဖွင့်လှစ်ပြီးစီးမှုအောင်ပွဲနှင့် ငွေပဒေသာပင်စိုက်ထူလှူဒါန်းပွဲ၊ ရုပ်မြင်သံကြားဖမ်းစက်များ၊ ရေဒီယိုနှင့် ကက်ဆက်များ၊ စာအုပ်စာစောင်များ ပေးအပ်လှူဒါန်းပွဲကို ယနေ့နံနက် ၉ နာရီက ပုသိမ်မြို့ မြို့တော်ခန်းမ၌ ကျင်းပရာ ဧရာဝတီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သူရမြင့်အောင်၊ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း၊ ဧရာဝတီတိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ***စာမျက်နှာ ၈ ကော်လံ ၁*** ✡



**ဧရာဝတီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သူရမြင့်အောင်နှင့် ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းတို့ ပုသိမ်မြို့နယ် ကိုးကူးစံပြကျေးရွာ ပညာပဒေသာစာကြည့်တိုက်တွင် ကြည့်ရှုစစ်ဆေးစဉ်။** (သတင်းစဉ်)

## ရွှေကျင်နှင့်စစ်တောင်းမြစ်ရေ စိုးရိမ်ရေမှတ်

ရန်ကုန် ဩဂုတ် ၁

**ရွှေကျင်မြစ်ရေသည် ယနေ့နံနက် ၆ နာရီခွဲ တိုင်းထွာချက်အရ ရွှေကျင်မြို့တွင် စင်တီမီတာ ၆၇၀ သို့ ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် ယနေ့မွန်းတည့်မှ နောက် ၄၈ နာရီအတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ် စင်တီမီတာ ၇၀၀ သို့ ရောက်ရှိနိုင်သည်။**

**စစ်တောင်းမြစ်ရေသည် ယနေ့ နံနက် ၆နာရီခွဲတိုင်းထွာချက်အရ တောင်ငူမြို့တွင် ၆၁၉ စင်တီမီတာသို့ ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် ယနေ့မွန်းတည့်မှ နောက် ၄၈ နာရီအတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ် စင်တီမီတာ ၆၀၀သို့ ရောက်ရှိနိုင်ကြောင်း သိရသည်။** (မြန်မာ့အလင်း)